


100

# ဝဏ္ဏအောင်

ဝမ်အင်း၏ ပါချီရှူး

# နက္ခတ်ရှစ်လုံး

ပထမပိုင်း

တိုးတက်ရေးစာပေ

# ဝဏ္ဏအောင်

# နက္ခတ်ရှာခရီး

(ပထမပိုင်း)

၂၀၁၂ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ−၄၀၀
တန်ဖိုး ၁၀၀/−ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရှို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅− လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

တိုးတက်ရေးစာပေ

## အခန်း (၁)

ရှစန်းကျင်း ...

ရှစန်းကျင်းသည် နာမည်ကျော် စီးမင်းအကျဉ်းထောင်မှ လွတ်မြောက်လာခဲ့ပြီ ဖြစ်သည်။

အကျဉ်းထောင်သည် သူ၏နောက်ဘက်၌ ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့ပြီဖြစ်၏။

ရှစန်းကျင်းက သစ်ပင်ရိပ်အောက်၌ ခေတ္တရပ်လိုက်၏။

သူ လျှောက်လာခဲ့သည်မှာ နှစ်မိုင်ကျော်လာခဲ့ပြီဖြစ်သည်။

ဟိုရှေ့တွင် မြို့ကလေးကိုပင် ပျပျ လှမ်းမြင်နေရပြီဖြစ်၏။

သူ လှမ်းကြည့်နေစဉ် မြင်းလှည်းတစ်စီး မောင်းနှင်လာသည်ကို တွေ့လိုက်ရ၏။ ရှစန်းကျင်းက မျက်မှောင်ကြုတ်သွားသည်။

"ဒီလမ်းက အကျဉ်းထောင်ကလွဲလို့ ဘယ်မှမရောက်ဘူး၊ ဒီမြင်းလှည်းက အကျဉ်းထောင်က မြင်းလှည်းမျိုး မဟုတ်ဘူး။ ဘာကိစ္စနဲ့များလဲ၊ အို ... ငါနဲ့မဆိုင်တာတွေ စပ်စုနေမိပြန်ပြီ"

သူသည် အတွေးစကိုဖြတ်ကာ လမ်းနံဘေးမှ လျှောက်သွားလိုက်လေသည်။

မြင်းလှည်းမှာ သူနှင့်နီးလာလေ ပို၍လျှင်မြန်စွာ မောင်းလာနေကြောင်း တွေ့ရ၏။

သူကြည့်နေစဉ်မှာပင် မြင်းလှည်းက သူ့ထံသို့ တူရူပြေးဝင်လာ၏။

ရှစန်းကျင်းမှာ ထိတ်လန့်တကြား ရှောင်လိုက်ရင်း သူ၏ အဝတ်အစားများ ပေရေကုန်သည်။

သူ၏နဖူးနှင့်လက်တို့တွင် သစ်ကိုင်းများနှင့် ခြစ်မိသည့်အတွက် သွေးများ စို့လာ၏။

"တောက်"

ဒေါသလည်း ခြောင်းခြောင်းထွက်သွားလေသည်။

လမ်းပေါ်သို့ ပြန်တက်ကြည့်လိုက်ရာ မြင်းလှည်းသည် လမ်းမပေါ်တွင် ရပ်တန့်သွားသည်ကို တွေ့လိုက်ရ၏။

ရှစန်းကျင်းက မြင်းလှည်းမောင်းသမားထံသို့ ဒေါသတကြီး လျှောက်သွားရင်း အော်ပြောလိုက်၏။

"ဟေ့လူတွေ ... လူတစ်ယောက်လုံး မမြင်ဘူးလား"

မြင်းလှည်းမောင်းသူကို မတွေ့ရသည့်အတွက် မျက်မှောင်



ကြုတ်သွား၏။ မြင်းလှည်းမောင်းသမား မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

ရှစန်းကျင်းစိတ်ထဲ၌ သံသယဖြစ်လာ၏။ မြင်းလှည်းတံခါးကို ဆွဲဖွင့်လိုက်ရာ ...

'ဝုန်း'

လူတစ်ယောက် ထွက်ကျလာသဖြင့် ထိတ်လန့်သွားပြီး လက်သီးတစ်ချက် ထိုးသွင်းလိုက်၏။

ထိုလူမှာ မြေပေါ်သို့ ဖုတ်ခနဲ ပြုတ်ကျသွား၏။

"ဟာ"

အဘိုးအိုတစ်ယောက်ဖြစ်နေသည့်အတွက် ရှစန်းကျင်းမှာ ထိတ်လန့်သွားရလေသည်။

သူသည် ကမန်းကတန်းပင် အဘိုးအို အား ပွေ့ထူလိုက်၏။

"သူ သူ သေနေပြီ"

ရှစန်းကျင်းမှာ အလွန်ပင် ထိတ်လန့်သွား၏။

သူ အထိတ်တလန့်နှင့် ထိုးချလိုက်သော လက်သီးချက်က အဘိုးအိုအား သေသွားစေသည်လား။ သူ မတွေးတတ်ပါ။

"ဒုက္ခပဲ ... ငါ ဘာလုပ်ရမလဲ"

ဓားချွေးများ ပြန်တက်လာ၏။ အကောင်းဆုံးသော နည်း

လမ်းက ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားရန်ပင် ဖြစ်သည်ဟု ယူဆလိုက်၏။

သို့သော် သူ အလွန်နောက်ကျနေပြီဖြစ်ကြောင်း သိလိုက်၏။ မြင်းစီးရဲမက်တစ်စု သူ့အနီးသို့ လျင်မြန်စွာရောက်ရှိလာကြသည် မဟုတ်ပါလား။

ထိုအထဲတွင် မြင်းလှည်းမောင်းသူလည်း ပါလာသည်ကို တွေ့လိုက်ရလေသည်။

မြင်းလှည်းမောင်းသူက ရှစန်းကျင်းအား တွေ့သည်နှင့် ...

"သူပဲ သူပဲ ... ကျွန်တော့်မြင်းလှည်းကို ဓားပြတိုက်တဲ့လူ"

ရှစန်းကျင်း၏ ခြေဖျားလက်ဖျားများ အေးစက်သွား၏။ ဝိရိသော လုပ်ကြံမှုအတွင်းသို့ သူရောက်ရှိနေပြီဖြစ်ကြောင်း ချက်ချင်း သိလိုက်၏။

"မဟုတ်ဘူး ... ဒီလူလိမ်တာ"

မြင်းစီးရဲမက်ထဲမှ လူတစ်ဦး သူ့ထံ လျှောက်လာ၏။

"ရှစန်းကျင်း ... မင်း ဒီနေ့မှလွတ်တယ်၊ ဒီနေ့ပဲ လူသတ်ခဲ့တယ်၊ မင်း ဘယ်တော့မှ နောင်တရမယ့်လူ မဟုတ်ပါလားကွ"

ထိုအခါမှ မြင်းလှည်းစီးရဲမက်များသည် အကျဉ်းထောင် လုံခြုံရေးရဲမက်များဖြစ်ကြောင်း သိလိုက်၏။



သူ့အား လှမ်းပြောသူမှာ လုံခြုံရေးမှူး ရွှန်ပေါင်ပင် ဖြစ်ပါသည်။ ရှစန်းကျင်း သက်ပြင်းချလိုက်၏။

"ကျုပ်သတ်တာ မဟုတ်ဘူးဗျ"

ရွှန်ပေါင်က ...

"ကျုပ်တို့ လက်ပူးလက်ကြပ် မြင်တွေ့ရတာတောင် မင်းက လိမ်ညာချင်သေးတယ်၊ ဒီလူဟာ မင်းနဲ့ တစ်နေ့တည်း လွတ်မယ့် ကွန်းလုယန်ရဲ့ဖခင်ဆိုတာ မင်း သိထားတယ်၊ ဒါကြောင့် သူ့ထက် အရင် စောစောထွက်လာပြီး လုယက်တာ မဟုတ်လား"

ရှစန်းကျင်း ဘာပြောရမှန်းမသိတော့ပါချေ။

ကွန်းလုယန်သည် သူ၏မိတ်ဆွေ ဖြစ်၏။ သူနှင့် အကျဉ်းထောင်တွင် မိတ်ဆွေဖြစ်ခဲ့ခြင်း ဖြစ်၏။

ကွန်းလုယန်မှာ လူဆိုးတစ်ဦးမဟုတ်ပါ။ အလွန်ချမ်းသာသော သူဌေးသားတစ်ဦးဖြစ်၏။ တစ်နေ့ အရက်မူး အပျော်လွန်ရာမှ လူသတ်မှုဖြစ်ပြီး စီးမင်းအကျဉ်းထောင်သို့ ရောက်ရှိလာသူဖြစ်သည်။

ယနေ့ သူတို့နှစ်ဦး ထောင်မှ ပြိုင်တူလွတ်ခဲ့၏။ ကွန်းလုယန်က သူနှင့်အတူသွားရန် ခေါ်သော်လည်း သူက ငြင်းပယ်ခဲ့၏။ သူ့တွင် ရှေ့ဆက်ရမည့်ကိစ္စများ ရှိနေ၏။

ကွန်းလုယန်၏ကျေးဇူးများက သူ့အပေါ်မှာ များနေချေပြီး

ထပ်၍ မတင်လိုတော့ပါ။ ထို့ကြောင့် သူက အရင် ထွက်လာခဲ့ခြင်းပင် ဖြစ်၏။

ထိုစဉ် ရွှန်ပေါင်၏အမိန့်သံ ထွက်ပေါ်လာ၏။

"ကဲ ... သူ့ကို ဖမ်းလိုက်ကြ"

ရှစ်နန်းကျင်း ထိတ်လန့်သွားသည်။ ရဲမက်များက သူ့အား ဝိုင်းရံလာ၏။ ရှစ်နန်းကျင်းက ...

"ကျုပ်ကိုမဖမ်းနဲ့၊ ကျုပ်သတ်တာ မဟုတ်ဘူးဗျ"

သူ၏စကားကို မည်သူကမျှ ဂရုမထားပါ။ သူ့အား ဖမ်းဆီးရန် ရှေ့တိုးလာကြ၏။ ရှစ်နန်းကျင်း အံကို တင်းတင်းကြိတ်လိုက်၏။

"ငါမသတ်ဘဲနဲ့ အဖမ်းမခံနိုင်ဘူး၊ ဒီတော့ လွတ်အောင်ပြေးရမယ်"

သူသည် ရုတ်ခြည်း လှုပ်ရှားလိုက်၏။ သူ၏ခန္ဓာကိုယ်သည် မြင်းတစ်ကောင်၏ ကျောပေါ်သို့ အလိုက်သင့်ကျသွား၏။ ချက်ချင်းပင် မြင်းကို တရကြမ်း မောင်းနှင်လိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ အလွန်ပင် လျင်မြန်လှရာ ရွှန်ပေါင် အပါအဝင် ရဲမက်အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။ ပထမဆုံး သတိဝင်လာသူမှာ မြင်းလှည်းမောင်းသူပင် ဖြစ်၏။

"ဟိုမှာ ထွက်ပြေးသွားပြီ"



ဟု အော်ဟစ်သတိပေးလိုက်၏။

ရွှန်ပေါင် သတိဝင်လာပြီး ချက်ချင်းပင် ငယ်သားများအား အမိန့်ပေးကာ သူကိုယ်တိုင်လည်း မြင်းပေါ်ခုန်တက်ပြီး ရှစ်နန်းကျင်း နောက်သို့ တရကြမ်း လိုက်လေတော့၏။

★

အမွေးကိုင်ရနံ့များ ပျံ့လွင့်နေ၏။

အခန်းအလယ်တွင် အလွန်လှပသော ခေါင်းတလားတစ်လုံးကို ပြင်ဆင်ထား၏။

ရွှန်ပေါင်သည် အခန်းဝတွင်ရပ်ရင်း အထဲသို့ တစ်ချက်အကဲခတ်ကြည့်လိုက်၏။ ပြီးမှ ချောင်းတစ်ချက် ဟန့်လိုက်၏။

"အဟမ်း"

ခေါင်းတလားရှေ့၌ ဒူးထောက်နေသူ ဖြည်းဖြည်းချင်း လှည့်လာ၏။ ရွှန်ပေါင်က ဦးညွှတ်လိုက်၏။

"ကျုပ် ရောက်လာတဲ့အတွက် အနှောင့်အယှက် ဖြစ်သွားလား ကွန်းလုယန်"

ခေါင်းတလားရှေ့ ဒူးထောက်နေသူ ထရပ်လိုက်၏။

ထိုသူကား ကွန်းလုယန်ဖြစ်၏။

ကွန်းလုယန်မှာ အသက်နှစ်ဆယ့်ခြောက်နှစ်ခန့်သာ ရှိသေးသည်။ အမြဲပျော်ရွှင်စွာ နေတတ်သူတစ်ဦးဖြစ်ပေသည်။

ယခု သူ့မျက်နှာပေါ်တွင် မြင်နေကျအပြုံးများ ပျောက်ဆုံးနေ၏။

ကွန်းလုယန်က ...

"လာ ... ခင်ဗျားမှာ ပြောစရာပါလာမယ် ထင်တယ်"

ရွှန်ပေါင်က အထူးဧည့်သည်များအတွက် သီးသန့်ဆောင်တွင် နေရာထိုင်ခင်းပေးပြီးနောက် ကွန်းလုယန်က ရုတ်တရက် မေးချလိုက်သည်။

"ရှစန်းကျင်း လွတ်မြောက်သွားတယ် မဟုတ်လား"

ရွှန်ပေါင် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... သူက အလွန့်ရေစီးသန်တဲ့ချောင်းထဲ ခုန်ချသွားခဲ့တယ်၊ ခင်ဗျား ဘယ်လိုသိခဲ့သလဲ"

"ရှစန်းကျင်းနဲ့ တစ်ခန်းတည်း အတူတူနေခဲ့တာပါ၊ သူဟာ အစွမ်းအစရှိတဲ့ လူတစ်ယောက်ပဲ၊ သူ ဘာကြောင့် ကျွန်တော့်ဖခင်ကို လုပ်ကြံရသလဲဆိုတာကို စဉ်းစားလို့ရပြီလား"

"ရှင်းပါတယ် ... သူဟာ ဓားပြတစ်ယောက်ပဲ၊ မင်းဖခင်ရဲ့



မြင်းလှည်းကို ဓားပြတိုက်ရင်း လက်လွန်သွားတာနေမှာပေါ့"

"ကျုပ်တော့ တယ်မထင်ဘူး"

ရွှန်ပေါင်က ...

"ရန်ငြိုးနဲ့သတ်တာလို့ ဆိုချင်တာလား"

"သူနဲ့ကျုပ် ဘယ်တုန်းကမှ ရန်ငြိုးမရှိခဲ့ဘူး၊ ထောင်ထဲမှာသာ သိခဲ့တာ"

"ကျုပ် စုံစမ်းမှုတွေ ဆက်လုပ်နေပါတယ်၊ မကြာခင် ရှစန်းကျင်းကို လက်ရဖမ်းပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ တခြား ဘာကိစ္စများ ရှိသေးသလဲ"

"မရှိတော့ပါဘူး၊ ဩော် ... အသုဘနေ့ကျရင် ကျုပ်ကိုယ်တိုင် လိုက်မပို့နိုင်တာကို ကြိုတင်တောင်းပန်ခဲ့ပါရစေ"

ကွန်းလုယန်က ခေါင်းညိတ်လိုက်၏။

ရွှန်ပေါင်က ကွန်းလုယန်အား နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားလေတော့သည်။

★★★

## အခန်း (၂)

ဖန်ခွက်အတွင်းရှိ အရက်အရောင်မှာ စိမ်းလဲ့နေ၏။ ကွန်းလုယန်က အရက်ခွက်ကို ကောက်ကိုင်လိုက်သည်။ ထို့နောက် ပြန်ချလိုက်ပြီး ခွက်တစ်လုံးကိုယူကာ နောက်ထပ် အရက်တစ်ခွက် ထည့်လိုက်ပြန်၏။ ထို့နောက် တစ်လုံးချင်း ပြောလိုက်၏။

"ရှစန်းကျင်း ... ခင်ဗျား ရောက်လာပြီမဟုတ်လား"

သူ့စကားအဆုံးတွင် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာ၏။ မရှေးမနှောင်းမှာပင် ရှစန်းကျင်းသည် ကွန်းလုယန်ရှေ့ စားပွဲတွင် ဝင်ထိုင်လိုက်၏။

ကွန်းလုယန်က အရက်ခွက်ကို လှမ်းပေးလိုက်၏။ ရှစန်းကျင်းကလည်း ယူကာ သောက်လိုက်၏။

"အရက်ထဲမှာ အဆိပ်ခတ်ထားရင် ခင်ဗျား ဘယ်လိုလုပ်မလဲ"

ကွန်းလုယန်က မေးလိုက်သည်။ ရှစန်းကျင်းကပြုံးလိုက်၏။



"မင်း ကျုပ်ကိုသတ်ဖို့ အကြောင်းမှမရှိဘဲ"

"သိပ်ရှိတာပေါ့၊ ခင်ဗျား မနေ့ကပဲ ကျုပ်ဖခင်ကို လုပ်ကြံလိုက်တယ် မဟုတ်လား"

ရှစန်းကျင်းက သက်ပြင်းချလိုက်၏။

"ဒါပေမဲ့ မင်းကိုယ်တိုင်က ကျုပ်ဟာ လူသတ်သမား မဟုတ်ဘူးဆိုတာ ယုံကြည်နေတယ်မဟုတ်လား"

ကွန်းလုယန် ပါးစပ်ပိတ်သွား၏။ ရှစန်းကျင်းက ...

"အမှန်တကယ်ပဲ ကျုပ် မသတ်ခဲ့ပါဘူး၊ မင်းအဖေမှာ ရန်သူရှိတယ်ဆိုတာ မင်းသိတာပဲ"

ကွန်းလုယန်၏မျက်လုံးများ ဒေါသကြောင့် ဝင်းဝင်းတောက်သွား၏။

"ရှစန်းကျင်း"

သူ၏အသံမှာ အေးစက်မာကျောနေ၏။ ကွန်းလုယန် အလွန်ဒေါသထွက်နေကြောင်း ရှစန်းကျင်း သိလိုက်၏။

"ဒီမှာ ရှစန်းကျင်း ... ကျုပ်ဖခင် လုပ်ကြံခံရတာဟာ သူ့ရန်သူကြောင့် မဟုတ်ဘူးဆိုတာ ခင်ဗျား သိတယ်မဟုတ်လား"

ရှစန်းကျင်း ပခုံးတွန့်လိုက်သည်။

"ကျုပ်က ဘယ်လိုသိမှာလဲ"

ကွန်းလုယန် ငုန်းခနဲ ထရပ်လိုက်သည်။ ရှစန်းကျင်းက ဖျောင်းဖျလိုက်သည်။

"စိတ်အေးအေးထားစမ်းပါ ကွန်းလုယန်"

"ကျုပ်အဖေ အသတ်ခံရတာကို ကျုပ်က စိတ်အေးအေး ထားရမယ် ... ဟုတ်လား"

ရှစန်းကျင်း ပါးစပ်ပိတ်ထားလိုက်သည်။ ကွန်းလုယန်က ရှစန်းကျင်းရှေ့သို့ လျှောက်လာပြီး ...

"ခင်ဗျား သိရမယ်"

ရှစန်းကျင်း ခေါင်းခါလိုက်သည်။

"မင်းမှားနေပြီ"

"ဘာမှားတာလဲ၊ ဒါ အကွက်ချပြီး စီစဉ်ထားတာ၊ ခင်ဗျားကို ထောင်ထဲပြန်သွင်းချင်တာနဲ့ ကြားထဲက ကျုပ်ဖခင်ကို လုပ်ကြံတာဗျ ... သိရဲ့လား"

သူသည် ဒေါသတကြီး အော်ဟစ်ရင်း ရှစန်းကျင်းအား ဆောင့်တွန်းလိုက်၏။

'ဝုန်း'

ရှစန်းကျင်းမှာ လူရောကုလားထိုင်ပါ ကြမ်းပြင်ပေါ် ပြုတ်ကျသွားလေသည်။



ရှစန်းကျင်းက ထရပ်ပြီး လဲနေသောကုလားထိုင်အား ပြန်ထောင်ကာ အေးအေးဆေးဆေးပင် ပြန်ထိုင်လိုက်သည်။

အရက်ခွက်ထဲသို့ အရက်ထည့်ပြီး တစ်ငုံသောက်လိုက်သည်။ ထို့နောက် ကွန်းလုယန်အား စိုက်ကြည့်ကာ ...

"မင်းပြောတဲ့အချက်က စိတ်ဝင်စားစရာ အကောင်းဆုံးပဲ၊ ဒါပေမဲ့ ကျုပ်မှာလည်း သံသယရှိနေတယ်"

"ဘာသံသယလဲ"

"မင်းဖခင် သူဌေးကြီးကွန်း သေဆုံးတဲ့အတွက် ဘယ်သူ အကျိုးရှိသလဲ"

ကွန်းလုယန် မျက်မှောင်ကြုတ်သွားသည်။

ရှစန်းကျင်းက ...

"မင်းတစ်ဦးပဲ အမွေဆက်ခံခွင့်ရှိတယ်"

ကွန်းလုယန်၏မျက်နှာ ဖြူရော်သွား၏။

"ကျုပ် ကျုပ် ဒီလောက်အထိ မမိုက်ရိုင်းဘူးဗျ"

ရှစန်းကျင်းက ...

"ကောင်းပြီ ... မင်း မသတ်ဘူး၊ ကျုပ်လည်း မသတ်ဘူး၊ ဒီတော့ သတ်မယ့်လူတစ်ယောက် ရှိရမယ်"

ကွန်းလုယန်၏မျက်လုံးများ ချက်ချင်းတောက်ပသွား၏။

အခန်းတွင်းမှ ကမူးရှူးထိုး ပြေးထွက်သွားလေသည်။

★

အခန်းတွင်း၌ ပြောင်ရှင်းနေ၏။ မည်သည့်ပစ္စည်းပစ္စယမှ မရှိပါ။

ကွန်းလုယန်က အခန်းတွင်းမဝင်မီ ဝေ့ကြည့်လိုက်၏။ မြင်းလှည်းမောင်းသူ၏ အခန်းတွင်း၌ မြင်းလှည်းနှင့်ပတ်သက်သည့် ပစ္စည်း တစ်စုံတစ်ရာမှပင် မတွေ့ရပါ။

ထိုစဉ် သူ၏နောက်ဘက်မှ သက်ပြင်းချသံကြားလိုက်ရသဖြင့် နောက်လှည့်ကြည့်လိုက်၏။

ဝင်လာသူမှာ ရှစန်းကျင်း ဖြစ်သည်။ ရှစန်းကျင်းက ...

"သူက ခုဆို အဝေးရောက်နေပြီပေါ့"

"ကျုပ် အစောကြီးက ရိပ်စားမိဖို့ကောင်းတယ်"

ကွန်းလုယန်က မချိတင်ကဲ ပြောလိုက်သည်။

"သူ ဘယ်သူလဲ၊ မင်း သိသလား"

ကွန်းလုယန်က ...

"ကျုပ် ထောင်ကျပြီးမှ ခန့်တဲ့လူပဲ၊ သိပ်မကြာသေးဘူး၊



ဒီလူကို ကျုပ် မနေ့ကမှ စတွေ့ခဲ့တာ၊ ဒါပေမဲ့ မမှတ်မိစရာမရှိဘူး၊ သူ့ရဲ့လည်ပင်းမှာ မှဲ့နီတစ်လုံးရှိတယ်ဗျ"

"ကဲ ... ကျုပ်တို့ ပြန်ဆွေးနွေးရအောင်"

ရှစန်းကျင်းက ပြောပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွားသည်။

★

ကွန်းလုယန်က သက်ပြင်းချလိုက်၏။

"ကျုပ်အဖေမှာ ရန်သူရှိတယ်၊ ဒါပေမဲ့ လူသတ်တဲ့အထိ လုပ်ဝံ့ပါ့မလား"

ရှစန်းကျင်းက ...

"ကျုပ် ဒီကိုမလာခင် အကြမ်းဖျင်းစုံစမ်းခဲ့တယ်၊ မင်း မသိလို့ပါ၊ အခု ယီကျန်းမြို့စားရာထူး လစ်လပ်ဖို့ များနေပြီဆိုတဲ့သတင်း မင်း မသိသေးဘူးထင်တယ်"

ကွန်းလုယန်က ...

"ဟင်"

ယီကျန်းမြို့သည် သူ့ဖခင်၏ဇာတိမြို့။ ယခုလက်ရှိ နေထိုင်

ရာ မြို့ကလေးပင်ဖြစ်၏။ ယီကျန်းမြို့စားသည် ဇနီးကွယ်လွန်ပြီး မုဆိုးဖိုတစ်ဦးဖြစ်၏။ သားထောက်သမီးခံလည်း မရှိပါ။

အကယ်၍ ယီကျန်းမြို့စား ကွယ်လွန်လျှင် ထုံးစံအရ ဆွေမျိုးစဉ်ဆက် မရှိသောကြောင့် ပြင်ပမှ လူတစ်ဦးကို ရွေးချယ်ရပေမည်။

ထိုလူသည် ဤမြို့ကလေး ဇာတိဖြစ်ရမည်။ လူချစ်လူခင်များရမည်။ ကြွယ်ဝချမ်းသာမှုလည်း အတော်အတန်ရှိရမည်။ မြို့ကလေးအပေါ် ဩဇာအာဏာ အတော်အသင့်ရှိသူလည်း ဖြစ်ရပေလိမ့်မည်။

သူ၏ဖခင် ကွန်းကျုံးသည် ထိုအချက်များနှင့် ပြည့်စုံ၏။ ထို့အတူ ပြည့်စုံသောသူတစ်ယောက်လည်း ရှိနေသေးပြန်၏။

ကွန်းလုယန်က အံကို တင်းတင်းကြိတ်ထားလိုက်လေသည်။ ရှစန်းကျင်းက ...

"ဒီပြဿနာမှာ မင်းဖခင်က ကြားက ဓားစာခံဖြစ်ခဲ့သလား၊ ကျုပ်ကပဲ ကြားထဲက ဓားစာခံဖြစ်ခဲ့သလားဆိုတာ ရအောင် ဖော်ထုတ်ရမယ်"

"ကျုပ် ဒီကိစ္စတွေ သိပ်မကျွမ်းကျင်ဘူး၊ ဒါပေမဲ့ ခင်ဗျားနဲ့အတူ လက်တွဲမယ်"



ရှစန်းကျင်းက ပြုံးလိုက်၏။

"အေး ... ကျုပ်က ဝရမ်းပြေးဖြစ်နေတော့"

ကွန်းလုယန်က ...

"ကျုပ်ဖခင်သတ်တဲ့လူကို သိရရင် စီးမင်းထောင်ထဲ နောက်တစ်ကြိမ် ပြန်ဝင်ဖို့ ဝန်မလေးပါဘူးဗျာ"

ရှစန်းကျင်းက သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

★

"ကျုပ်တို့ ဘယ်ကစပြီး စုံစမ်းမှာလဲ"

ကွန်းလုယန်က မေးလိုက်၏။ ရှစန်းကျင်းက ...

"မြင်းလှည်းသမားပဲ၊ သူ့အကြောင်း မင်းသိသလောက်ပြောပါ"

ကွန်းလုယန်က ...

"သူ့အမည်က ဂူးမင်း၊ သူဟာ တစ်ယောက်တည်းသမား၊ စန်းစီးနယ်သားအသံမျိုးပဲ၊ ဒီမှာရှိတဲ့လူတွေ ပြောပြချက်အရ သူက အပြင်သိပ်မထွက်ဘူး၊ ထွက်ရင်လည်း မြို့အဝင်ထောင့်က လမ်း

ဘေးအရက်ဆိုင်နဲ့ တို့ဟူးဆိုင်ကိုပဲ သွားလေ့ရှိတယ်တဲ့"

"ဒီလောက်သိရရင် မဆိုးပါဘူး"

"ခင်ဗျား သူ့ကို ဖော်ထုတ်နိုင်ပါ့မလား"

ရှစ်နန်းကျင်းက ပခုံးတွန့်လိုက်၏။

"မသေချာဘူး"

ကွန်းလုယန်က ...

"ခင်ဗျားမိတ်ဆွေတွေကိုကော မစုံစမ်းတော့ဘူးလား"

"သူတို့နဲ့ကျုပ်က ဟိုငယ်စဉ်ကတည်းက တွဲလာခဲ့တဲ့ လူတွေပဲ၊ သူတို့က ကျုပ်ကို ထောင်ထဲထပ်ထည့်ဖို့ အကြောင်းမရှိဘူးလို့ ယုံကြည်တယ်"

"လူဆိုတာ တစ်ချိန်မှာ ပြောင်းလဲတတ်တာပဲမဟုတ်လား"

ရှစ်နန်းကျင်းက ပါးစပ်ပိတ်သွား၏။ ကွန်းလုယန်က ...

"ခင်ဗျားတို့ စုဆောင်းထားတဲ့ ငွေကြေးဟာ အခုအချိန်မှာ အလွန်မက်မောစရာဆိုတာကို သတိရစမ်းပါ"

"ကောင်းပြီလေ၊ မင်း သံသယရှင်းအောင် ကျုပ်စုံစမ်းပေါ့မယ်ဗျာ"

"ကျုပ်လည်း ကျုပ်နည်းကျုပ်ဟန်နဲ့ စုံစမ်းမယ်၊ ခင်ဗျား ဘယ်တော့ ဒီကသွားမလဲ"



ရှစ်နန်းကျင်းက ...

"အပြင်မှာ ရှာဖွေမှုတွေ ပြီးပြီလား"

"ပြီးပြီ၊ ဒါပေမဲ့ ရွှန်ပေါင်ကတော့ လက်လျှော့ဟန် မတူဘူး"

"သူဟာ လူတော်တစ်ယောက်ပဲ"

ကွန်းလုယန်က ...

"ခင်ဗျား သူ့ကိုသတိထားပါ"

ရှစ်နန်းကျင်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ် ဒီနေ့ပဲ သွားမယ်၊ မင်းနဲ့ဆက်သွယ်ဖို့ နေရာတစ်ခု"

"ကျုပ်စဉ်းစားပြီးပါပြီ၊ ကျုပ်အဖေရဲ့ စီးပွားရေးလုပ်ငန်းတွေထဲမှာ လင်းယုန်အာမခံဌာနလည်း အပါအဝင်ပဲ၊ သတင်းပို့စရာရှိရင် အဲဒီကို ဆက်သွယ်ပါ"

ရှစ်နန်းကျင်း ဘာမျှ ပြန်မပြောတော့ပါ။ ပြတင်းပေါက်မှ ရုတ်ခြည်းခုန်ထွက်သွားပြီး အမှောင်ထုအတွင်း တိုးဝင် ပျောက်ကွယ်သွားလေသည်။

ရှစ်နန်းကျင်း ပျောက်ကွယ်သွားပြီးနောက် အခန်းတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာ၏။

"ခင်ဗျား သူ့ကို မှတ်မိရောပေ့ါ ဝေချို"

ဝေချိုဆိုသောလူက ခေါင်းညိတ်လိုက်၏။

ဝေချိုသည် သူ့အား ငယ်စဉ်ကတည်းက ထိန်းကျောင်းပေးခဲ့သူ ဖြစ်၏။

ယခုကိစ္စတွင် ဝေချိုအား သူ တာဝန်မပေး၍ မဖြစ်ပါ။ သူ့တွင် အားကိုးရာ ဝေချိုသာ ရှိသည်မဟုတ်ပါလား။

ဝေချိုသည် အာမခံဌာနခေါင်းဆောင်ဖြစ်သည်နှင့်အညီ သိုင်းလောကတွင် နှံ့စပ်ကျွမ်းကျင်သူ ဖြစ်၏။

ဝေချိုက ...

"သခင်လေး ဘာမှစိတ်မပူပါနဲ့၊ သခင်ကြီးကျေးဇူးတွေဟာ ဆပ်လို့မကုန်အောင် များလှပါတယ်၊ သခင်ကြီးအတွက် ကျုပ် အစွမ်းကုန် ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်၊ ကဲ ... ကျုပ်သွားမယ် သခင်လေး"

သူသည် အရိုအသေတစ်ချက် ပြုလိုက်ပြီး ရှစ်နံးကျင်းနည်းတူပင် ပြတင်းပေါက်မှ ခုန်ထွက်သွားလေတော့သည်။

★★★



## အခန်း (၃)

အရက်ဆိုင် ...။

လမ်းဘေးဆိုင်ဖြစ်သည်နှင့်အညီ မြေစိုက်တဲတစ်လုံးသာ ဖြစ်ပေသည်။ ဆိုင်တွင်း၌ ခုံတန်းရှည်နှစ်လုံး ချထား၏။ ဆိုင်ထောင့်တွင် ယိုင်နဲ့နဲ့ ကောင်တာစားပွဲရှိ၏။

ကောင်တာနောက်တွင် အသက်ခြောက်ဆယ်ခန့် အဘိုးအိုတစ်ယောက် ထိုင်နေ၏။ အဘိုးအိုမှာ ငိုက်မျဉ်းနေ၏။

ဤဆိုင်သည် အပေါစားအရက်တစ်မျိုးမှလွဲ၍ အခြား ဘာမှုရောင်းခြင်းမရှိပါ။ ထို့ကြောင့် ဆိုင်သည် အမြဲနီးပါးလူရှင်း၏။

ဤဆိုင်သို့ လာရောက်သောက်သူများမှာ အလုပ်ကြမ်းသမားများသာ ဖြစ်၏။ ထိုသူများကလည်း အရက်ကို ချက်ချင်းမော့၊ ချက်ချင်းထွက်သွားတတ်သူများသာ ဖြစ်၏။

ယနေ့တွင်မူ ဆိုင်အတွင်း၌ အတန်ကြာကြာ ထိုင်နေသူ တစ်ယောက်ရှိ၏။

ထိုသူမှာ အဝတ်အစားများ စုတ်ပြတ်နေသော အဘိုးအို တစ်ယောက်ဖြစ်သည်။

ထိုအဘိုးအိုအား ထိုင်နေသည်ဟုဆို၍လည်း မရပါ။ အကြောင်းမှာ အဘိုးအိုသည် အရက်နှစ်ကရားအကုန်တွင် စားပွဲပေါ် ခေါင်းစိုက်ကျနေသောကြောင့် ဖြစ်သည်။

ဆိုင်ရှင်အဘိုးအိုဂူးက နှာခေါင်းတစ်ချက်ရှုံ့ပြီး ဆိုင်အပြင်သို့ လှမ်းကြည့်လိုက်သည်။ အရက်ဆိုင်နှင့် မျက်စောင်းထိုး လမ်းတစ်ဖက်တွင် တို့ဟူးဆိုင်ရှိ၏။

တို့ဟူးဆိုင်မှာ အမည်မရှိပါ။ သို့သော် မုဆိုးမဟွားဇ၏ ဆိုင်ဆိုလျှင် သိကြပြီးဖြစ်သည်။

မုဆိုးမဟွားမှာ အသက်လေးဆယ်ကျော် ရှိပြီး ဤနေရာတွင် တို့ဟူးဆိုင်ဖွင့်ခဲ့သည်မှာ ခြောက်လကျော်သာ ရှိသေးသည်။ တို့ဟူးဆိုင်မှာလည်း အရက်ဆိုင်ကဲ့သို့ပင် ခြောက်တီးခြောက်ကပ်ပင် ဖြစ်ပါသည်။

ထိုစဉ် အလုပ်ကြမ်းသမားတစ်ယောက် ဝင်လာသည်။ သူက အသံကျယ်လောင်စွာဖြင့် ...

"အဘိုးအိုဂူး ... ကျုပ်အတွက် အရက်တစ်ကရားပေးစမ်း" ဟု အော်ပြောပြီး ငွေကို ကောင်တာပေါ် တင်လိုက်သည်။



အဘိုးအိုဂူးက အရက်တစ်ကရား ထည့်ပေးပြီး ငွေကို ကောက်ယူလိုက်သည်။

သူ၏မျက်လုံးများ တောက်ပလာသည်။ ငွေများကြားတွင် စာတစ်စောင် တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

စာရွက်မှာ လက်တစ်လုံးခန့်သာရှိသည်။ ရေးထားသောစာက ဤသို့ ပြတ်သား၏။

"*သူ့ကိုရှင်းပစ်ပါ*"

အဘိုးအိုဂူးက အရက်လာဝယ်သူအား ကြည့်လိုက်သည်။ ထိုလူ၏ အရက်ကရားကိုင်ထားသောလက်က မူး၍အိပ်ပျော်နေသော အဘိုးအိုကို ညွှန်ပြနေသည်။

အဘိုးအိုဂူးက မသိမသာ ခေါင်းညိတ်လိုက်သည်။ ထို့နောက် ...

"မိတ်ဆွေ အမြည်းတို့ဟူး ယူဦးမလား၊ ကျုပ် မှာပေးမယ်"

ထိုလူက ...

"ခင်ဗျားက အလိုက်သိတဲ့အဘိုးကြီးပဲ ... မြန်မြန်သွားဝယ်စမ်း"

အဘိုးအိုက ဆိုင်ထဲမှထွက်လိုက်၏။ ထို့နောက် တို့ဟူးပန်းကန်ယူကာ ပြန်ဝင်လာသည်။ တို့ဟူးပန်းကန်ကို ထိုသူရှေ့ ချပေး

လိုက်သည်။ ပန်းကန်ထဲဝယ် စာတစ်စောင်ပါသည်။

"အားလုံးအဆင်သင့်ပဲ"

ထိုလူက ကျေနပ်စွာပြုံးပြီး အရက်ကရားကို မော့ချလိုက်သည်။ ထို့နောက် ဆိုင်တွင်းမှ ထွက်သွားလေတော့သည်။

★

အချိန်များ တရွေ့ရွေ့ကုန်လာသည်။

အမှောင်ထုပင် ကြီးစိုးလာသည်။

အိပ်ပျော်နေသော အဘိုးအိုမှာ နိုးလာသည်။ သူသည် ခါးတစ်ချက် ဆန့်လိုက်ပြီး ...

"ဟွန်း ... မိုးတောင်ချုပ်ပါပကော"

ညည်းညူပြီး ဆိုင်ထဲမှ တလှုပ်လှုပ်ထွက်ခွာသွားလေသည်။ အဘိုးအိုဝူး၏ မျက်လုံးများ မှေးစင်းသွားသည်။

ထိုစဉ် သူ၏နောက်ကျောမှ အသံထွက်ပေါ်လာသည်။

"ရှစန်းကျင်း သွားပြီလား"

အဘိုးအိုဝူးက ခေါင်းညိတ်ရင်း ...

"ဒီတစ်ခါ သေချာပါစေ"



လေသံနှင့်ပြောပြီး ငွေလွှဲလက်မှတ်တစ်ထပ်ကို နောက်သို့ ကမ်းပေးလိုက်သည်။ မကြာမီ သူ့နောက်မှ ခြေသံများ တဖြည်းဖြည်း ဝေးကွာသွားလေသည်။

အဘိုးအိုမှာ မှောင်မည်းနေသော လမ်းမအတိုင်း တလှုပ်လှုပ်နှင့် လျှောက်နေလေသည်။ ထိုအဘိုးအိုမှာ ရုပ်ဖျက်ထားသော ရှစန်းကျင်းပင် ဖြစ်ပါသည်။

ရှစန်းကျင်းမှာ တစ်လှမ်းချင်းလျှောက်နေရာမှ ရုတ်တရက် ရပ်တန့်လိုက်သည်။ မရပ်၍လည်း မရပါ။ အမှောင်ထဲတွင် လူတစ်ယောက် ရပ်နေသည် မဟုတ်ပါလား။

"ရှစန်းကျင်း မဟုတ်လား"

"မင်း လူမှားနေပြီ"

"ကျုပ် မမှားပါဘူး၊ ခင်ဗျားလက်စွပ်က ရှစန်းကျင်းဆိုတာ ပြောနေတယ်"

ရှစန်းကျင်းက သက်ပြင်းချလိုက်သည်။

"မင်း ဘယ်သူလဲ"

အမှောင်ထဲမှလူက ရယ်လိုက်သည်။

"မင်းဟာ ရှစန်းကျင်းဆိုရင် ကျုပ် ဘယ်သူလဲဆိုတာ သိမှာပေါ့"

ရှစန်းကျင်း မျက်မှောင်ကြုတ်သွားသည်။ အသံကိုလည်း ကျက်မိသွားသည်။

"မင်း မင်း ... ဟုန်ပိ"

အမှောင်ထဲမှလူ ထွက်လာသည်။ ရှစန်းကျင်းက ဝမ်းသာအားရ ခေါ်လိုက်သည်။

"ဟုန်ပိ"

ဟုန်ပိက ...

"ကဲ ... ကျုပ်တို့သွားကြရအောင်၊ ဒီနေရာဟာ အန္တရာယ်မကင်းဘူး၊ ရွှန်ပေါင်ရဲ့အရိပ်တွေ ရှိနိုင်တယ်"

ရှစန်းကျင်းက ရုတ်တရက် လှည့်လိုက်ပြီး ...

"ဘယ်သူလဲ"

သူသည် အော်ပေါက်ရင်း လမ်းနံဘေးသစ်ပင်နောက်သို့ ခုန်ဝင်လိုက်၏။

အဝေးသို့ ပြေးလွှားသွားသော လူရိပ်တစ်ရိပ်ကိုသာ တွေ့မြင်လိုက်ရသည်။

"ဘယ်သူလဲ"

"မသိဘူး"

ဟုန်ပိက ...



"ဒီလူလှုပ်ရှားပုံက ကြေးစားပဲ၊ ရွှန်ပေါင်ရဲ့လူ မဟုတ်နိုင်ဘူး"

ရှစန်းကျင်းက ခေါင်းညိတ်လိုက်၏။

ဟုန်ပိက ...

"မင်းထွက်လာပြီး ပြဿနာတက်ခဲ့တယ်ဆို"

"ဒီအကြောင်း နောက်မှပြောကြစို့၊ ကျုပ်တို့သွားကြရအောင်"

ထိုစဉ် မြင်းခွာသံများ ထွက်ပေါ်လာ၏။

ဟုန်ပိက ...

"ဒီတစ်ခါတော့ ရွှန်ပေါင်တို့ပဲဖြစ်မယ်၊ သူက ကျုပ်ရောက်လာတာကို သိသွားတယ်ဗျ"

ရှစန်းကျင်းက မြင်းခွာသံများသည် လေးဖက်လေးတန်မှ ဖြစ်ကြောင်း သိလိုက်၏။

"ဟုန်ပိ ... ကျုပ် ဘယ်ကိုလာရမလဲ ပြော၊ မင်းကိုတွေ့လို့ ဘာမှမဖြစ်ဘူး၊ ကျုပ်ကိုတွေ့ရင် အလွတ်ပေးမှာမဟုတ်ဘူး"

ဟုန်ပိက သူတည်းခိုရာကို ပြောပြလိုက်လေသည်။

ရှစန်းကျင်းက မှတ်သားလိုက်ပြီးနောက် အမှောင်ထုထဲသို့ တိုးဝင်သွားး၏။

ဟုန်ပိကလည်း လျှင်မြန်စွာ ထွက်ခွာသွားလေသည်။

သူတို့ထွက်သွားပြီး မကြာမီပင် သစ်ပင်ကြားမှ လူရိပ်ကလည်း နောက်သို့ ပြန်ဆုတ်သွားလေတော့သည်။

***



အခန်း (၄)

ညဉ့်နက်နေပြီဖြစ်၏။

ညသည် တိတ်ဆိတ်နေ၏။

အိမ်များကလည်း မီးငြိမ်းထားကြသဖြင့် ပတ်ဝန်းကျင်မှာ မှောင်မည်း၍နေပေသည်။

ထိုစဉ် နှစ်ထပ်အိမ်တစ်လုံးအနီးသို့ လူရိပ်တစ်ရိပ်က ညင်သာစွာ ချဉ်းကပ်လာ၏။

ထိုလူ၏လှုပ်ရှားမှုမှာ အလွန်ပင် ညင်သာ သွက်လက်လှပေသည်။ တစ်ခဏအတွင်း အိမ်အတွင်းသို့ ရောက်ရှိသွား၏။

"ဟုန်ပိ"

လေသံဖြင့်ခေါ်လိုက်၏။

ဝင်လာသူမှာ ရှစန်းကျင်းပင် ဖြစ်ပါသည်။

အထဲမှ တုံ့ပြန်သံမကြားရသောအခါ ရှစန်းကျင်း ရင်ထိတ်သွား၏။

ချက်ချင်းပင် သွက်လက်စွာဖြင့် တစ်ခန်းဝင်တစ်ခန်းထွက် ရှာဖွေလိုက်၏။ အခန်းတစ်ခုသို့ ရောက်သောအခါ သူ၏မျက်နှာ ဖြူရော်သွား၏။ ရင်ထဲမှာ ပျို့အန်ချင်စိတ်များ တက်လာ၏။

ဟုန်ပိ၏အလောင်းမှာ မြင်မကောင်းပါ။

ထိုစဉ် သူ၏မျက်လုံးများက အိပ်ရာခန်းပေါ် ရောက်ရှိသွားသည်။ သွေးနှင့်ရေးထားသောစာလုံး ဖြစ်သည်။

လက်ရေးက မပီမသဖြစ်နေသည်။ ကြိုးစားဖတ်လိုက်မှ...

*"မယုန်၊ မြွေး၊ ရွှေ၊ ငှါသော့၊ ကျားပါးစပ်"*

ဟူသော စာလုံး (၅) လုံးကို ဖတ်လိုက်ရသည်။

ရှစန်းကျင်း မျက်မှောင်ကြုတ်သွားသည်။ ဟုန်ပိက သူ့အတွက် ရေးထားခဲ့ခြင်း ဖြစ်ကြောင်း သိလိုက်သည်။

ထိုစာလုံးများသည် မည်သည့်အဓိပ္ပာယ်ဆောင်နေပါသနည်း။

သူ စဉ်းစားရန် အချိန်မရပါ။ ပေါ့ပါးသောခြေသံများကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

ရှစန်းကျင်းက ချောင်းကြည့်လိုက်ရာ အိမ်ကို စနစ်တကျ ဝိုင်းရံချဉ်းကပ်လာကြသော ရဲမက်များကို တွေ့လိုက်ရသည်။

ရှစန်းကျင်း အံကိုတင်းတင်းကြိတ်ပြီး ထုပ်တန်းပေါ် ခုန်တက်လိုက်သည်။ ထို့နောက် အင်္ကျီကို ချွတ်လိုက်သည်။ ခေါင်းမိုးအုတ်



ကြွပ်များကို အဝတ်နှင့်ခံကာ ရိုက်ခွဲပြီး အခြားခေါင်မိုးပေါ်သို့ ကူးကာ ပြေးထွက်သွားလေတော့သည်။

★

ရှစန်းကျင်းသည် ကွန်းလုယန်အိမ်မှ ထွက်လာသည်နှင့် ယခင်အဆက်အသွယ်များကို ရှာဖွေဆက်သွယ်ခဲ့၏။ ထို့ကြောင့်လည်း ဟုန်ပိနှင့် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

သူ၏ လျှို့ဝှက်အမှတ်အသားက ဝံပုလွေဖြစ်သလို ဟုန်ပိ၏ လျှို့ဝှက်အမှတ်အသားက ကျားဖြစ်သည်။ သူသည် ပြေးရင်းမှ အတိတ်ကာလများကို ရုတ်ခြည်းသတိရမိသည်။

သူတို့၏နက္ခတ်ရှစ်လုံးအဖွဲ့အကြောင်းပင် ဖြစ်သည်။

သိုင်းလောကတွင် နက္ခတ်ရှစ်လုံးမားပြအဖွဲ့သည် အကျော်ကြားဆုံးပင် မဟုတ်ပါလား။

သို့သော် ထိုအောင်မြင်မှုများသည် ကျန်ခဲ့ပြီဖြစ်သည်။

ရှစန်းကျင်းမှာ ပြေးရင်း ဒေါသထွက်လာသည်။

သူ့အား တစ်စုံတစ်ယောက်က စီးမင်းအကျဉ်းထောင်မှ လွတ်စေချင်ကြောင်း ရိပ်စားမိလာသည်။

သူ၏ခြေလှမ်းများအား အဘိုးအိုဂူး၏ အရက်ဆိုင်ဘက်သို့ ပြန်လှည့်လိုက်သည်။ ရန်သူကို ရှောင်တိမ်းမည့်အစား ဒုက္ခပြန်ပေးရန် သူ ဆုံးဖြတ်လိုက်ပြီ မဟုတ်ပါလား။

အရက်ဆိုင်မှာ တံခါးမရှိပါ။ သို့သော် အရက်ဆိုင်နှင့် ဆက်လျက် အိမ်ကလေးမှာမူ တံခါးပိတ်ထား၏။

ရှစန်းကျင်းမှာ ထိုအိမ်ကလေးအနီးတွင် ရောက်ရှိနေ၏။

သူသည် အဘိုးအိုဂူးအား မသင်္ကာပါ။

အဘိုးအိုဂူး၏ လက်များသည် သူ့ရှိသင့်သည့်အသက်ထက် ငယ်နေကြောင်း သတိထားမိ၏။

အဘိုးအိုဂူးသည် ရုပ်ဖျက်ထားသူတစ်ဦးဖြစ်ကြောင်း သူ ရိပ်မိ၏။ အဘိုးအိုဂူး အဘယ်ကြောင့် ရုပ်ဖျက်ထားရပါသနည်း။

ရှစန်းကျင်းက အချက်တစ်ချက်ကို တွေးမိ၏။

အဘိုးအိုဂူးသည် မြင်းလှည်းသမား ဂူးမင်း၏ အဆက်အသွယ်တစ်ယောက် ဖြစ်ရပေမည်။

ရှစန်းကျင်းက အံကြိတ်လိုက်၏။

သူသည် အိမ်ကလေးအနီး ချဉ်းကပ်ကာ ပြတင်းပေါက်ကို ဓားဦးနှင့်ကလော်ကာ ဖွင့်လိုက်၏။

'ချပ်'



အသံတစ်ချက် သဲ့သဲ့ထွက်သွားပြီး ပြတင်းပေါက်ပွင့်သွားသည်။ ရှစန်းကျင်းက အိမ်ထဲဝင်၍ ရှာဖွေလိုက်၏။ အိမ်ကလေးမှာ သေးငယ်သလို အခန်းမှာတစ်ခန်းသာရှိ၏ အိမ်တွင်း၌ မည်သူမျှမရှိပါ။

"အဘိုးအိုဂူးက တစ်ညလုံးမအိပ်ဘဲ ဘယ်သွားနေသလဲ"

သူသည် တွေးပြီး အိမ်ထဲရှာဖွေလိုက်၏။ သံသယဖြစ်စရာမည်သည့်အရာမျှ မတွေ့ပါ။

ရှစန်းကျင်းက အိမ်ကလေးထဲမှ ပြန်ထွက်လိုက်၏။

ထိုအခိုက် မီးရောင်တစ်ချက် လက်သွားသည်ကို တွေ့လိုက်ရ၏။

"မီးရောင်က မှုဆိုးမဟွားရဲ့တဲကပဲ၊ ဒီမီးရောင်ဟာ ဆေးတံက မီးရောင်မျိုးပဲ"

အတွေးနှင့်အတူ သူ၏ခြေလှမ်းများကလည်း မုဆိုးမဟွား၏ တဲဆီသို့ ရွေ့လျားသွားလေသည်။

★

"တောက်"

ရွှန်ပေါင်က မကျေမနပ်နှင့် ဝေါက်ခေါက်လိုက်၏။

အမည်မသိ သတင်းပေးတစ်ဦးကြောင့် ရှစန်းကျင်းကို အချိန်မီ လာရောက်ဖမ်းသော်လည်း နောက်ကျသွားခဲ့၏။

ဟုန်ဝိအလောင်းကိုသာ တွေ့လိုက်ရ၏။ တစ်အိမ်လုံး သေချာစွာ မွှေနှောက်ရှာဖွေပြီးနောက် အိမ်ထဲမှ ပြန်ထွက်လာခဲ့ကြ၏။

ထိုအခြင်းအရာကို မျက်စောင်းထိုးရှိ အိမ်တစ်လုံးအတွင်းမှ လူတစ်ယောက်က ထိုင်ကြည့်နေ၏။ ရွှန်ပေါင်တို့လူစု ပျောက်ကွယ်သွားမှ ထရပ်လိုက်၏။

"တောက် ... ရှစန်းကျင်း ဘယ်လိုလွတ်သွားပါလိမ့်၊ ငါ သူ့ကိုစောင့်ပြီး ရှင်းပစ်မယ့်အစား ထောင်ချောက်ဆင်လိုက်တာ မှားသွားသလား၊ အို ... အမိန့်က သူ့ကို ရှင်းပစ်ဖို့ပဲ"

သူသည် တစ်ကိုယ်တည်း ရေရွတ်ရင်း အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

"ရှစန်းကျင်း ... မင်း ကံကောင်းနေတယ်၊ နှစ်ကြိမ်လွတ်သွားခဲ့ပြီ၊ သုံးကြိမ် မလွတ်စေရဘူး၊ မင်း အခု ပြေးပြီ၊ ဘယ်ပြေးမလဲ"

သူသည် ရှစန်းကျင်း၏ပြေးလမ်းကို တွက်ဆလိုက်၏။ သူ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။ ချက်ချင်းပင် အိမ်ထဲမှ ခုန်ပျံထွက်သွားလေတော့သည်။

★

မြို့တွင်း တစ်နေရာ။

အလွန်ခမ်းနားသော ဧည့်ခန်းတစ်ခု။

လူနှစ်ယောက် ထိုင်နေကြ၏။ သူတို့နှစ်ဦးသည် ဘာစကားမှ မပြောဘဲ ထိုင်နေကြခြင်း ဖြစ်၏။ သူတို့၏မျက်နှာက တစ်စုံတစ်ရာကို စောင့်မျှော်နေဟန် ပေါ်လွင်နေ၏။

အတန်ကြာမှ တစ်ယောက်က စကားစလိုက်၏။

"သတင်းရဖို့ ကောင်းပြီ"

ကျန်တစ်ယောက်က ပြုံးလိုက်ပြီး ...

"ကျုပ်ပြောသားပဲ ... ရှစန်းကျင်း သေဖို့မလွယ်ပါဘူး၊ သူဟာ အန္တရာယ်ကို ရှောင်နိုင်တဲ့ လူတစ်ယောက်ပဲ"

ပထမလူ မျက်မှောင်ကြုတ်သွား၏။

"ဒါဆို ဘာကြောင့် သူ့ကို ခင်ဗျားက သတ်ဖို့အမိန့်ထုတ်လိုက်ရတာလဲ"

ဒုတိယလူက အေးစက်စွာပြုံးလိုက်သည်။

"သူ့ကို မနားမနေ ပြေးစေချင်လို့"

ပထမလူက …

"ခင်ဗျားရဲ့အကြံအစည်ကို ကျုပ် မရှင်းဘူးဗျ"

ဒုတိယလူက …

"ခင်ဗျား အလိုလို သဘောပေါက်လာမှာပါ၊ ဒါထက် … ဝူးမင်း ဘယ်မှာလဲ"

ပထမလူက …

"ရှစန်းကျင်းအတွက် သူ့ကိုပဲ တာဝန်ပေးထားတယ်"

ဒုတိယလူက အတန်ကြာ ငြိမ်သွားပြီးမှ …

"ဝူးမင်းကို မသုံးသင့်ဘူး"

"ဝူးမင်းဟာ ကျုပ်ဆီက အတော်ဆုံးလူပဲ၊ သူ့ကိုတော့ ကျုပ် မရှင်းပစ်နိုင်ဘူး"

"ရှင်းပစ်ဖို့ ကျုပ်မပြောပါဘူး၊ ဝူးမင်းကို ပုန်းခိုင်းထားရတော့မယ်၊ သူ့ဆီက သဲလွန်စ ရမသွားစေချင်ဘူးဗျ"

ပထမလူက ငြိမ်ကျသွား၏။

"ကောင်းပြီလေ … သူ့ကို ပြန်ခေါ်ပြီး ကျင်းဂေဟာကို ပို့ထားလိုက်မယ်"

★★★



## အခန်း (၅)

"မင်း မင်း … ရှစန်းကျင်း"

အဘိုးအိုဂူး၏ အထိတ်တလန့်အသံ ထွက်လာ၏။

သူသည် ခုတင်ပေါ်မှ လှိမ့်၍ဆင်းရန် ဟန်ပြင်လိုက်၏။

ရှစန်းကျင်းက သူ့ထက် ပိုမြန်၏။

အဘိုးအိုဂူးမှာ သွေးကြောပိတ်ခြင်းခံလိုက်ရ၏။

မုဆိုးမ ဟွားက အဝတ်အစားများ ဖရိုဖရဲဖြစ်နေသည်ကို ဂရုမစိုက်နိုင်ပါ။ အိပ်ရာအောက်မှဓားကို ထုတ်ယူပြီး ရှစန်းကျင်းအား တိုက်ခိုက်လိုက်လေသည်။

သူမ၏ဓားချက်က အဆိပ်ပြင်းသော မြွေဟောက်တစ်ကောင်နှယ် ရှစန်းကျင်း၏ရင်ဝသို့ တိုးဝင်လာသည်။

ရှစန်းကျင်းက ခေါင်းအုံးနှင့် ပစ်လွှင့်လိုက်သည်။

'ခွပ်'

ဓားချက်က ခေါင်းအုံးအား အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွား

စေ၏။ ဓားက ရပ်မသွားဘဲ ဆက်လက်တိုးဝင်လာသည်။

ရှစန်းကျင်းက ကိုယ်ကို ရှုံ့ကာ လွတ်ရုံမျှ တိမ်းရှောင်ပြီး လက်ပြန်တစ်ချက် ရိုက်ချလိုက်သည်။

'ဖြောင်း'

မုဆိုးမဟွားမှာ လည်ဆင်းသွားသည်။

ရှစန်းကျင်း၏ လက်ချောင်းများက မုဆိုးမဟွား၏ ပခုံးမှ သွေးကြောကို ထောက်ချလိုက်သည်။

'ဝုန်း'

မုဆိုးမဟွားမှာ ခုတင်ပေါ် ပြန်လည်ပြုတ်ကျသွားလေသည်။

ရှစန်းကျင်းက မီးအိမ်ကို ထွန်းညှိလိုက်သည်။ သူ၏ အေးစက်သောမျက်လုံးများအား အဘိုးအိုဂူးက ရင်မဆိုင်ရဲပါ။

ရှစန်းကျင်းက ...

"အဘိုးအိုဂူးသာဆိုတယ် ခင်ဗျားက အရွယ်တင်သားပဲ"

ပြောရင်း အဘိုးအိုဂူးဆိုသူ၏မျက်နှာကို ဆွဲမော့လိုက်၏။

"မင်း ဘယ်သူလဲ"

"ဂူးခုံးပါ"

"သြော် ... ကျန်းဟာန်နယ်က ဂူးခုံးကိုး၊ ဒါဆို မုဆိုးမဟွားက ဂူးဟွားပေါ့ ...ဟုတ်လား"



ကျန်းယန်နယ်မှ ဓားပြမောင်နှံပင် ဖြစ်ပါသည်။

ရှစန်းကျင်းက ...

"မင်း ဓားပြပဲ၊ ဒီမှာ ဘာကြောင့် အရက်ရောင်းနေရတာလဲ၊ ဓားပြအလုပ်ကို စွန့်မယ်လို့ ကျုပ် မထင်ဘူး"

"ဒီမှာ လာလှေလာတာပါ"

"မင်း ဒီလိုဖြေလိမ့်မယ်လို့ ကျုပ် တွေးထားပြီးသားပါ"

"ခင်ဗျားနဲ့ကျုပ် ဘာများပတ်သက်လို့ ကျုပ်ကို ဒုက္ခပေးရတာလဲ"

"မင်းကသာ လိမ္မာရင် ကျုပ်က မင်းတို့ကိုဒုက္ခမပေးပါဘူး"

ဂူးခုံး အံကြိတ်လိုက်သည်။

"ရှစန်းကျင်း ... မင်းကို ကျုပ်က ကြောက်မယ်မထင်နဲ့"

"ရွှန်ပေါင်ကိုတော့ မင်း ကြောက်မှာပါ၊ သူနဲ့တွေ့ရင်တော့ စီးမင်းအကျဉ်းထောင်က မင်းအတွက် နားခိုရာဖြစ်သွားမှာပဲ"

ဂူးခုံး၏မျက်နှာ ဖြူရော်သွားသည်။

"တကယ်လို့များ ရွှန်ပေါင်က သူ့အိမ်နားမှာ မင်းတို့ဇနီးမောင်နှံကို တွေ့လိုက်ရရင် ဝမ်းသာလုံးဆို့သွားနိုင်တယ်"

ဂူးဟွားမှာ အလွန်ထိတ်လန့်သွားသည်။

"ရှင် ရှင် အဲဒီလို မယူတတ်မာနဲ့"

"မင်းတို့ကို မရက်စက်ရင် ကျုပ်သိချင်တာကို ဘယ်လိုသိရမှာလဲ"

"ရှင် ဘာသိချင်လို့လဲ"

ရှစန်းကျင်းက တစ်လုံးချင်း ပြောလိုက်သည်။

"ဝူးမင်း"

ဝူးဟွားမျက်နှာ ပျက်သွားသည်။ ရှစန်းကျင်းက ဝူးဟွားတို့နှင့် ဝူးမင်း ဆက်စပ်မှုရှိနေကြောင်း ကောင်းစွာ ရိပ်စားမိလိုက်၏။

"ဝူးမင်းကို ကျွန်မတို့မသိဘူး"

ရှစန်းကျင်းက ...

"မင်းတို့ ကျုပ်ကို အချိန်မဖြုန်းနဲ့ ကျုပ် နောက်ဆုံးတစ်ခွန်းပဲ မေးမယ် ... မင်းတို့ပြောမှာလား မပြောဘူးလား"

ဝူးဟွား၏မျက်နှာ ထိတ်လန့်ဟန် ပေါ်ထွက်လာ၏။

"ပြော ပြောပါ့မယ်"

ဝူးခုံး၏ဟန့်တားသံ ပေါ်ထွက်လာ၏။

"ဝူးဟွား ... ပြောစရာမလိုဘူး"

"ကျွန်မ စီးမင်းအကျဉ်းထောင်ကို မသွားရဲဘူးရှင့်"

သူမက ရှစန်းကျင်းဘက် လှည့်လိုက်သည်။ သူမ၏မျက်လုံးများ ရုတ်တရက် အရောင်တောက်ပြောင်သွားသည်ကို ရှစန်းကျင်းက အမှတ်မထင် တွေ့လိုက်သည်။



ဝူးဟွားက ...

"ဝူးမင်းအကြောင်း ရှင်သိချင်တယ် ... ဟုတ်လား"

ရှစန်းကျင်းက ပြန်ပြောမည်အပြု သူ၏နောက်ကျောမှ အေးစိမ့်မှုကို ခံစားလိုက်ရသည်။

ရှစန်းကျင်းက ရုတ်တရက် ခုတင်ပေါ်သို့ ပစ်လှဲချလိုက်သည်။

ဓားတစ်လက်က သူ၏အင်္ကျီကို ခွဲလိုက်သလို ဖြစ်သွား၏။

ရှစန်းကျင်းက ချက်ချင်း ခုတင်ပေါ်မှ လှိမ့်ချလိုက်သည်။ သူ၏လက်ထဲတွင် ဓားတစ်လက်က မျက်လှည့်ပြသလို ရောက်ရှိလာသည်။

ယခုအခါ အလစ်ဝင်တိုက်ခိုက်သူနှင့် မျက်နှာချင်းဆိုင် ရပ်မိသွား၏။

"ဝူးမင်း"

ဝူးမင်းက အေးစက်သော အပြုံးတစ်ချက် ပြုံးလိုက်၏။

ရှစန်းကျင်းက ...

"အတော်ပဲ ... မင်းရောက်လာတော့ ကျုပ်သိချင်တာတွေ

မေးရတော့မှာပေါ့”

ဝူးမင်းက ချယ်မောလိုက်သည်။

“မင်း ရဲပြည်ရောက်တော့မှသာ မေးပေတော့”

သူသည် ရုတ်တရက် ဓားကို ဖွေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။ ရှစန်းကျင်းကလည်း ဓားချက်ခုနစ်ချက်တိတိ တိုက်ခိုက်လိုက်သည်။

‘ချွမ်း’

နှစ်ဦးစလုံး နောက်သို့ တစ်လှမ်းစီ ဆုတ်ပေးလိုက်ရလေသည်။

ရှစန်းကျင်းမှာ ဝူးမင်းသား အထင်မသေးရဲပါ။ ဝူးမင်းသည် ကျွမ်းကျင်သော ဓားသမားတစ်ဦးဖြစ်ကြောင်း နားလည်လိုက်လေသည်။

ချက်ချင်းဆိုသလို ဝူးမင်းက တရကြမ်းတိုက်ခိုက်လာပြန်သည်။ ရှစန်းကျင်းက သတိကြီးစွာနှင့် ခုခံလိုက်ရ၏။ ခေါက်ကွက်နှစ်ဆယ်မျှအရောက်ဝယ် ရှစန်းကျင်းမှာ သွေးပူလာသည်။

သူသည် တစ်ချိန်က ဝံပုလွေအမည်ရခဲ့သူဖြစ်သည်။

သူ၏ဓားချက်များသည် ဝံပုလွေတစ်ကောင်ကဲ့သို့ပင် ရက်စက်၏။ ကောက်ကျစ်၏။ ပရိယာယ်များ၏။



ဝူးမင်း ထိတ်လန့်သွား၏။

ရှစန်းကျင်းအား သူ အထင်သေးမိသည်မှာ မှားယွင်းကြောင်း ချက်ချင်း သဘောပေါက်လိုက်၏။ ယခုမှ နောက်ဆုတ်ရန် မလွယ်ကြောင်း သိလိုက်သည်။

သိုင်းကွက်ခုနစ်ဆယ်ကျော်လာသောအခါ ဝူးမင်းမှာ ပို၍ ထိတ်လန့်လာ၏။ ရှစန်းကျင်း၏ ဓားကွန်ရက်အောက်မှ ရုန်းမထွက်နိုင်အောင် ဖြစ်လာရလေသည်။

သိုင်းကွက်တစ်ရာခန့် ရောက်ရှိလာ၏။ ဝူးမင်းမှာ ဒဏ်ရာ သုံးချက်ခန့် ရရှိနေပြီ ဖြစ်သည်။

ရှစန်းကျင်းက ပြုံးလိုက်သည်။

“ဝူးမင်း ... မင်း အသက်မသေချင်ရင် ကျုပ်မေးတာကို ပြောပါ”

ဝူးမင်း အံကြိတ်လိုက်၏။ သူသည် ရုတ်ခြည်းပင် ဓားကို ရှစန်းကျင်းထံ ပစ်လွှင့်လိုက်သည်။

ရှစန်းကျင်းမှာ ဝူးမင်း၏တိုက်ခိုက်မှုကြောင့် အံ့အားသင့်သွားပြီး နောက်ဆုတ်ကာ ဓားဖြင့် ရိုက်ချလိုက်သည်။

‘ချွမ်း’

ထိုစဉ် ...

ဖူးမင်းက လက်နက်ပုန်းများထုတ်ကာ ပစ်လွှင့်လိုက်သည်။

'ခွပ်'

လက်နက်ပုန်းတစ်ခု မီးအိမ်ကို ထိမှန်ကာ မီးငြိမ်းသွား၏။

"အား"

"အား"

မှောင်ကျသွားသည်နှင့်အတူ နာကျင်စွာ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ရှစန်းကျင်းက ဓားကို စကြာသဖွယ်ဝှေ့ယမ်းကာ ကာကွယ်လိုက်သည်။

လက်နက်ပုန်းများက သူ့ထံ ရောက်မလာပါ။

ရှစန်းကျင်းက ချက်ချင်းပင် ဖူးမင်း၏အကြိကို ရိပ်စားမိလိုက်ပြီး အိမ်ပြင်သို့ ခုန်ထွက်လိုက်သည်။

'ခွပ် ခွပ် ခွပ်'

အိမ်အနောက်ဘက်မှ ပြေးလွှားသွားသော မြင်းခွာသံကို ကြားလိုက်ရလေသည်။

ရှစန်းကျင်းမှာ မချင့်မရဲ ဖြစ်သွားရလေသည်။

★



ခုတင်ပေါ်ဝယ် ဖူးခုံးနှင့် ဖူးဟွားတို့နှစ်ဦးမှာ လဲကျနေသည်။ သူတို့၏ခန္ဓာကိုယ်တွင် ဓားပါးလေးတစ်စင်းစီ စိုက်ဝင်နေသည်။

ရှစန်းကျင်းက ဖူးဟွားအား ကြည့်လိုက်သည်။

ဖူးဟွားမှာ သေဆုံးနေပြီဖြစ်သည်။

ဖူးခုံးအား ကြည့်လိုက်ရာ အနည်းငယ်လှုပ်နေသည်ကို တွေ့လိုက်ရသည်။

"ဖူးခုံး ... ဖူးမင်း ဘယ်မှာနေသလဲ ... ပြောစမ်း"

ရှစန်းကျင်းက အလောတကြီး မေးလိုက်သည်။

ဖူးခုံး မျက်လုံးပွင့်လာသည်။ ထို့နောက် ပါးစပ်က တဖြည်းဖြည်း ဟလာသည်။ ပါးစပ်ထဲမှ သွေးများ ပွက်ခနဲ အန်ကျလာပြီး စကားတစ်လုံး မသဲမကွဲ ထွက်လာကာ ခေါင်းကျိုးကျသွားလေတော့၏။

"ကျင်း ဂေ ဟာ"

★★★

## အခန်း (၆)

'ခွပ် ခွပ် ခွပ်'

မြင်းခွာသံက စည်းချက်ကျကျ ထွက်ပေါ်နေ၏။

နှင်းစက်တို့သည် မိုးရွာသကဲ့သို့ ကျနေသည်။

ရှစန်းကျင်း၏ အဝတ်အစားတို့သည် နှင်းကြောင့် စိုရွဲနေသည်။

တိုးဝင်နေသော လေတို့က သူ၏အသားကို အပ်နှင့်ဆွနေသကဲ့သို့ အခံရခက်နေသည်။

ရှစန်းကျင်းမှာ နားခိုရာကို အရေးတကြီး ရှာဖွေရင်း ခရီးဆက်နေသည်။ လမ်းတစ်လျှောက် ရွာဟူ၍ပင် မတွေ့ရပါချေ။

ထိုစဉ် ...

သူ၏ညာဘက်ယွန်းယွန်း၌ မည်းမည်းအရိပ်တစ်ခုကို တွေ့လိုက်ရသည်။ ထိုအရိပ်သည် အဆောက်အအုံတစ်ခုဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။



မြင်းကိုလည်း ထိုနေရာသို့ ဦးတည်လိုက်သည်။

မကြာမီ အဆောက်အအုံတစ်ခုအနီးသို့ ရောက်ရှိသွားသည်။

"ဇရပ်ပျက်တစ်ခုပါလား၊ ဘာပဲဖြစ်ဖြစ် လောလောဆယ်နှင်းဒဏ်တော့ အကာအကွယ်ရမှာပဲ"

တွေးရင်း ဇရပ်အနီးအထိ မြင်းကို စီးသွားလိုက်သည်။ ထို့နောက် မြင်းကိုဆွဲကာ ဇရပ်ပေါ်တက်လိုက်သည်။

ဇရပ်ထောင့်တွင် မီးလင်းဖိုတစ်ခုကိုတွေ့ရပြီး ထင်းအနည်းငယ်လည်း ရှိနေသည်ကို တွေ့လိုက်ရသည်။

ရှစန်းကျင်း အလွန်ဝမ်းသာသွားသည်။

အတန်ကြာသောအခါ မီးဖိုတစ်ခု ဖြစ်သွားသည်။ ရှစန်းကျင်းက မီးဖိုအနီး လဲလျောင်းလိုက်သည်။

သူ၏အာရုံတွင် စီးမင်းအကျဉ်းထောင်မှ လွတ်လာပြီးနောက်ပိုင်း ဖြစ်ပျက်ခဲ့သမျှတို့ကို အစီအရီ ပြန်လည်မြင်ယောင်လာသည်။

ရှစန်းကျင်း သက်ပြင်းချလိုက်သည်။

"ဘယ်သူက ဘာကြောင့် ငါ့ကို ဒုက္ခရောက်စေချင်နေရတာလဲ"

သူ၏နားတွင်း၌ ကွန်းလှေယာဉ်၏စကားသံများ ပြန်လည်ကြားယောင်လာမိလေသည်။

"ငါ့မိတ်ဆွေတွေက ငါ့ကို သေစေချင်နေသလား"

သူသည် ပင်ပန်းမှုများကြောင့် မျက်လုံးများ မှေးစင်းလာပြီး တစ်ခဏအတွင်းမှာပင် အိပ်ပျော်သွားလေတော့သည်။

★

'ချွတ်'

သစ်ကိုင်းနင်းသံတစ်ချက် ပေါ်ထွက်လာ၏။

ရှစန်းကျင်းမှာ မှေးခနဲ အိပ်ပျော်သွားရာမှ ပြန်လည်နိုးထလာ၏။ ချက်ချင်းပင် ဓားကို အသင့်ပြင်လိုက်၏။

ထိုစဉ် ဝတ်ရုံနက်နှစ်ယောက်က ဇရပ်ပေါ်သို့ လွှားခနဲ ရောက်ရှိလာကြပြီး ...

"မသေချင်ရင် ပါသမျှငွေ အကုန်ထုတ်"

ဟု လေသံဖြင့် ပြောလိုက်၏။

ရှစန်းကျင်းမှာ ရယ်ချင်စိတ်များ မထိန်းနိုင်ဘဲ ရယ်လိုက်မိသည်။



"မင်းက အေးအေးဆေးဆေး မပေးချင်ဘူးကိုး"

ဝတ်ရုံနက်က ပြောပြီးသည်နှင့် ဓားကို ဖျိုင်းရေသောက်ဟန်ဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

သူ၏အဖော်ကလည်း အတွဲညီစွာပင် တိုက်ခိုက်လိုက်၏။

သို့သော် သူတို့၏မျက်စိရှေ့မှ ရှဲစန်းကျင်းက ရုတ်ခြည်းပျောက်ကွယ်သွား၏။

ဝတ်ရုံနက်နှစ်ဦး ထိတ်လန့်သွားပြီး နောက်သို့လှည့်လိုက်ကြ၏။ နောက်တွင်လည်း မရှိပါ။

ထိုစဉ် ရယ်မောသံ ထွက်ပေါ်လာ၏။ ဝတ်ရုံနက်နှစ်ဦးက မော့ကြည့်လိုက်ရာ ထုပ်တန်းပေါ်တွင် ထိုင်နေသော ရှစန်းကျင်းအား တွေ့လိုက်၏။

ဝတ်ရုံနက်နှစ်ဦးက မျက်စိပ်ပြလိုက်ပြီး ချက်ချင်း အပေါ်သို့ ခုန်တက်ကာ တိုက်ခိုက်လိုက်သည်။

ဤတစ်ကြိမ်တွင် ရှစန်းကျင်းကလည်း မရှောင်တိမ်းတော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူ၏ တစ်ချိန်က ကျော်ကြားခဲ့သော ဝံပုလွေဓားကွက်များဖြင့် တုံ့ပြန်တိုက်ခိုက်လိုက်ရာ ...

'ချွမ်း ချွမ်း'

ဝတ်ရုံနက်နှစ်ဦး၏ခြေများ အပေါ်သို့လွင့်စဉ်သွား၏။

ဝတ်ရုံနက်နှစ်ဦးမှာ ထိတ်လန့်သွားပြီး ဇရပ်အပြင်သို့ ပြေးထွက်လိုက်ကြလေသည်။

ရှစန်းကျင်းက ခြေတစ်ချက်ဆောင့်လိုက်ရာ ဝတ်ရုံနက် နှစ်ဦး၏ ကိုယ်ပေါ်မှ ဖြုတ်ကျော်ပြီး ရှေ့သို့ကျရောက်သွား၏။

“မင်းတို့က ရောက်လာပြီးမှတော့ နေကြပါဦး”

ဝတ်ရုံနက်နှစ်ဦးမှာ ချက်ချင်း ဒူးထောက်တောင်းပန်လေတော့သည်။

ထိုလူနှစ်ဦးသည် ဓားပြအသေးအမွှားကလေးများဖြစ်ကြောင်း ရှစန်းကျင်း ရိပ်မိလိုက်သည်။

သူက သူ့မိတ်ဆွေများဆီသို့ မသွားမီ ကျင်းဂေဟာဆိုသည်ကို စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဝူးမင်းသည် ကျင်းဂေဟာနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း သိခဲ့ရသည် မဟုတ်ပါလော။

“မင်းတို့ ဒီနယ်မှာ ပေါ်တော်နှံ့စပ်ရဲ့လား”

ဝတ်ရုံနက်သည် ရှစန်းကျင်း၏မေးခွန်းကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှစန်းကျင်းက စိတ်မရှည်ဘဲ အော်ငေါက်လိုက်၏။



“ကျုပ်မေးနေတာ ကြားသလား”

ဝတ်ရုံနက် ထိတ်လန့်သွားပြီး ...

“ကြား ကြားပါတယ်”

ရှစန်းကျင်းက ...

“မင်းတို့ ကျင်းဂေဟာကို သိကြသလား”

“ကျင်းဂေဟာ ... ဟုတ်လား”

“ဟုတ်တယ်”

“ဒီနယ်မှာဆိုရင် ကျင်းဂေဟာ နှစ်ခုရှိတယ်ဗျ”

ရှစန်းကျင်း၏မျက်လုံးများ တောက်ပသွား၏။

“ပြောစမ်း ပြောစမ်း”

ဝတ်ရုံနက်က ...

“တစ်ခုက အရှေ့ပိုင်းနယ်က ကျင်းပေါက်ကျန်းရဲ့ဂေဟာပါ”

“နောက်တစ်ခုကကော”

“နောက်တစ်ခုက လုံဟုန်မြို့မှာရှိတဲ့ ကြေးတန်းစား ဂေဟာတစ်ခုပါ”

ရှစန်းကျင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

“အရှေ့ပိုင်းနဲ့ လုံဟုန် ဘယ်လောက်ကွာဝေးသလဲ”

“တစ်နေ့ခရီးပါပဲ”

"ဒီကသွားရင် အရှေ့ပိုင်းကို အရင်ရောက်တယ် မဟုတ်လား"

ဝတ်ရုံနက်က ခေါင်းညိတ်လိုက်၏။

ထိုစဉ် ရှစန်းကျင်း၏လက်က ထိုလူနှစ်ယောက်၏ သွေးကြောကို လျှင်မြန်စွာ ပိတ်ဆို့လိုက်သည်။

'ဝုန်း'

"မင်းတို့ ဒီမှာ တစ်ရက်လောက် နားနေကြဦးပေါ့"

သူသည် ဇရပ်ထဲမှထွက်လာပြီး မြင်းပေါ် ခုန်တက်လိုက်၏။ ထို့နောက် နှင်းစက်များကြား တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

★★★



## အခန်း (၇)

ခြံဝင်းကျယ်တစ်ခု။

တံခါးဝတွင် အနီရောင်အောက်ခံပေါ်၌ ရွှေရောင်စာလုံးဖြင့် ... 'ကျင်းဂေဟာ' ဟု ရေးသားထား၏။

ရှစန်းကျင်းက ဆိုင်းဘုတ်ကို တစ်ချက်ကြည့်ပြီး တံခါးကို တွန်းဖွင့်လိုက်သည်။

လမ်းကလေးအတိုင်း အဆောက်အအုံဆီသို့ လျှောက်လာခဲ့သည်။

သို့သော် ရှေ့ဘက်မှမဟုတ်ဘဲ နောက်ဘက်မှ ပတ်၍ လျှောက်လာခဲ့ခြင်းဖြစ်သည်။

မကြာမီ အိမ်နောက်ဘက်သို့ ရောက်လာသည်။

အိမ်တွင်း၌ တိတ်ဆိတ်နေ၏။

ဧည့်သည်မပြတ်တတ်သော ကျင်းပေါက်ကျင်း၏အိမ်တွင် ယနေ့ည ဧည့်သည်မရှိဟု ထင်ရ၏။

ရှစ်နှစ်ကျင်းက စားဖိုဆောင်တံခါးကိုဖွင့်၍ ဝင်ခဲ့သည်။

ဤအိမ်ကို သူရောက်ဖူး၏။ ထို့ကြောင့် အခန်းအနေအထားများကို ကောင်းစွာမှတ်မိနေသည်။

ဧည့်ခန်းဘက်သို့ ကူးလာခဲ့သည်။ ဧည့်ခန်းတွင်းဝယ် ကျင်းပေါက်ကျန်းတစ်ယောက်တည်း အရက်ထိုင်သောက်နေသည်ကို တွေ့လိုက်ရ၏။

ကျင်းပေါက်ကျန်းမှာ ရုတ်ခြည်းထွက်ပေါ်လာသော ရှစ်နှစ်ကျင်းကြောင့် ထိတ်လန့်သွားသည်။ ပြီးမှ ပြုံးရွှင်စွာဖြင့် ဆီးကြိုလိုက်သည်။

"လန့်သွားတာပဲဗျာ၊ ခင်ဗျားက အသံမပြုဘဲ ရောက်လာတာကိုး၊ ကဲ ... ထိုင်၊ ကျုပ်လည်း ဧည့်သည်မျှော်နေတာနဲ့ အတော်ပဲဗျ"

ရှစ်နှစ်ကျင်းက ...

"ခင်ဗျားမှာ တကယ်ပဲ ဧည့်သည်မရှိဘူးလား"

"နှစ်ပတ်ရှိပြီ၊ ဧည့်သည်တစ်ယောက်မှ ရောက်မလာဘူးဗျ၊ ဒါနဲ့ ခင်ဗျား ဘယ်တုန်းက လွတ်လာသလဲ"

ရှစ်နှစ်ကျင်းက ...

"တစ်ပတ်ရှိပြီ"



"အခု ဒီမှာ ကြာကြာနေမလား၊ ကျုပ် အားလုံး စီမံပေးမယ်လေ"

"ကိစ္စမရှိဘူး ... ကျုပ် ဒီနေ့ပဲပြန်မယ်၊ မေးစရာလေးရှိလို့ ဝင်လာတာပါ"

"ဘာမေးမလို့လဲ"

"ဝူးမင်း"

ကျင်းပေါက်ကျန်း၏မျက်လုံးများ မှေးစင်းသွားသည်။

"လည်ပင်းမှာ မှဲ့နီနဲ့ဝူးမင်း၊ သူ ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား"

ကျင်းပေါက်ကျန်းက ရယ်မောလိုက်သည်။

"ကျုပ် ဘယ်လိုသိမှာလဲဗျ"

ရှစ်နှစ်ကျင်းက ...

"လွန်ခဲ့တဲ့တစ်ရက်က သူ ဒီကိုရောက်လာမယ်လို့ ကျုပ် ယူဆထားတယ်ဗျ"

"ခင်ဗျား သူနဲ့ပြဿနာရှိရင်လည်း အပြင်မှာ ဖြေရှင်းပါလား၊ ဘာကြောင့် ကျုပ်ကို ဆွဲသွင်းရတာလဲ"

"သူ အခု ဒီမှာရှိသေးသလား"

ကျင်းပေါက်ကျန်းက ဒေါသထွက်သွား၏။

"ရှစန်းကျင်း … ကျုပ်အိမ်ထဲဝင်ပြီး ကျုပ်ကို စော်ကားနေတာလား"

ရှစန်းကျင်းက အေးစက်စွာ စိုက်ကြည့်လိုက်၏။

"ခင်ဗျား ကျုပ်မေးခွန်း မဖြေသေးပါလား"

ကျင်းပေါင်ကျန်း ငုန်းခနဲ ထရပ်လိုက်၏။

"မင်း တရားလွန်လာပြီ၊ အခု အိမ်ထဲကထွက်သွားစမ်း"

'ဖြန်း'

သူ့စကားအဆုံးတွင် ရှစန်းကျင်းက လက်ပြန်တစ်ချက် ရိုက်ချလိုက်ရာ ကျင်းပေါက်ကျန်းမှာ နောက်သို့ ယိုင်ကျသွား၏။

"ကျင်းပေါက်ကျန်း … ကျုပ် ခင်ဗျားကို သတ်ပစ်ဖို့ဝန်လေးနေမယ့်လူ မဟုတ်ဘူး"

ကျင်းပေါက်ကျန်းမျက်နှာ ကွက်ခနဲ ပျက်သွား၏။ သို့သော် ချက်ချင်း ပြန်လည်ခြိမ်းခြောက်လိုက်သည်။

"ရှစန်းကျင်း … ခင်ဗျား ကျုပ်ကို စော်ကားတဲ့အတွက် သိုင်းလောကမှာ ပြေးဖို့နေရာ မရှိစေရဘူး"

ရှစန်းကျင်းက ရယ်မောလိုက်၏။

"မင်း ဂူတန်ဂိုဏ်းက ဘာကြောင့်ထွက်လာရသလဲဆိုတာ သိုင်းလောကမှာ ပြန့်သွားစေချင်သလား"



ကျင်းပေါက်ကျန်း၏မျက်နှာ သွေးဆုတ်သကဲ့သို့ ဖြူရော်သွားလေသည်။

"မင်း မင်း"

သူသည် ရှစန်းကျင်းအား ရွံမုန်းစွာကြည့်လိုက်၏။

ရှစန်းကျင်းသည် ဝံပုလွေဆိုသောအမည်နှင့် လိုက်ဖက်အောင်ပင် ကောက်ကျစ်သည်ဟု တွေးလိုက်မိ၏။

ရှစန်းကျင်းက ခုံတွင်ဝင်ထိုင်လိုက်ပြီး အရက်အိုးကိုယူကာ မော့လိုက်၏။ ထို့နောက် စားသောက်ဖွယ်ရာများကို စားနေ၏။

ကျင်းပေါက်ကျန်းမှာ ရှစန်းကျင်းအား လွန်ဆန်မရနိုင်ကြောင်း သိမြင်လာမိသည်။

သူသည် ဂူတန်ဂိုဏ်းသားတစ်ဦးဖြစ်၏။

သာမန်ဂိုဏ်းသားဘဝမှ အဆင့်မြင့်ဂိုဏ်းသားအဖြစ် မရောက်မီ ဂူတန်ဂိုဏ်းမှ ထုတ်ပယ်ခြင်းခံလိုက်ရ၏။

ထိုသို့ အထုတ်ခံရခြင်းမှာ အခြားမဟုတ်ပါ။

အိမ်ထောင်မပြုရဟူသော စည်းကမ်းချက်ရှိသည့်အတွက် ကျင်းပေါက်ကျန်းက အိမ်ထောင်မပြုခဲ့ပါ။ သို့သော် သူက ရွာနီးချုပ်စပ်မှ မိန်းကလေးတစ်ယောက်ကို လိမ်ညာပေါင်းသင်းနေထိုင်ခဲ့၏။

ဂူတန်ဂိုဏ်းမှ သိရှိသွားသောအခါ ထိုမိန်းကလေးအား

နှုတ်ပိတ်ခဲ့၏။ ထို့ကြောင့် ဝူတန်ဂိုဏ်းမှ သူ့အား ကန့်ထုတ်လိုက်လေသည်။

ယခုအချိန်တွင် ထိုအကြောင်းသာ ပေါက်ကြားသွားခဲ့လျှင် ကျင်းပေါက်ကျန်းမှာ မတွေးရဲပါ။ တစ်ကိုယ်လုံး ချွေးများစို့ရွှဲ၍သာ လာလေသည်။

"ဝူးမင်း ... ကျုပ်ဆီကထွက်သွားပြီဗျ"

သူ အမှန်အတိုင်း ပြောလိုက်ရတော့၏။

"သူ့အကြောင်းပြောပြပါဦး"

ကျင်းပေါင်းကျန်းက ...

"ဝူးမင်းကို ကျုပ်မတွေ့တာ (၃) နှစ်လောက်ရှိပြီဗျ၊ အရင်တုန်းကတော့ ကြေးစားတစ်ယောက်ပဲ၊ သူ့ရဲ့သိုင်းပညာက ဒုတိယတန်းစားပဲ၊ သူ ဘယ်ကလာတယ်ဆိုတာ မသိဘူး၊ သူ့ဘဝက ဖာတ်မြုပ်ထားတာဗျ"

"အခု သူ ဘယ်သွားလဲ"

"မနက်ကမှ ကျုပ်ဆီကထွက်သွားတာ၊ ဘယ်သွားမယ်ဆိုတာ မပြောခဲ့ဘူး"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဗျာ"



ရှစန်းကျင်းက ရယ်မောလိုက်၏။

"မင်း ဘာကြောင့် လိမ်ညာချင်ရတာလဲ"

ကျင်းပေါက်ကျန်း မျက်နှာပျက်သွား၏။

"မင်းမယုံရင် ကျုပ် ဘာတတ်နိုင်မှာလဲ"

"သူ ကျင်းဂေဟာမှာ ရှိတယ်မဟုတ်လား"

"မင်း အခု ရှာပြီးပြီမဟုတ်လား"

"ခင်ဗျားရဲ့ လျှို့ဝှက်ဂေဟာခွဲလေ"

ကျင်းပေါက်ကျန်း၏မျက်နှာ ဖြူဖွေးသွား၏။

"မင်း ... မင်း ..."

"ခင်ဗျားအကြောင်း ကျုပ် ကောင်းကောင်းသိပါတယ်၊ ဝူးမင်းကို လက်ခံတဲ့အတွက် ဘယ်လောက်ရလိုက်သလဲ"

ကျင်းပေါက်ကျန်း သက်ပြင်းချလိုက်၏။

"မင်း အကုန်သိနေပြီပဲ၊ မင်းကို လွှတ်ပေးလို့တော့ မဖြစ်တော့ဘူး"

"ခင်ဗျား ကျုပ်ကိုနိုင်ပါ့မလား"

ကျင်းပေါက်ကျန်းက ...

"ကျုပ်တစ်ယောက်တည်းဆိုရင်တော့ မနိုင်ပါဘူး"

"ခင်ဗျားမှာ အဖော်ရှိတယ်ပေါ့"

သူ့စကားအဆုံးမှာ အခန်းတွင်းသို့ လူ (၃) ယောက် ဝင်ရောက်လာလေသည်။

ရှစ်နန်းကျင်းမှာ ထိုလူ (၃) ယောက်အား မြင်သည်နှင့်မှတ်မိသွား၏။

ထိုလူ (၃) ယောက်သည် လူသတ်သမားများအဖြစ် ကျော်ကြားသည့် ချိန်ညီနောင်တို့ပင် ဖြစ်ပါသည်။

ကျင်းပေါက်ကျန်းက ရယ်မောလိုက်၏။

"ရှစ်နန်းကျင်း ... မင်း ဒီကို တစ်နေ့ရောက်လာနိုင်တယ်ဆိုတာ တွက်ထားပြီးသားပါ။ မင်းအတွက် ထောင်ချောက်ဆင်ဖို့ မခဲယဉ်းလိုက်ပါဘူး"

ရှစ်နန်းကျင်းက အလွန်အံ့အားသင့်ဟန်ပြုလိုက်၏။

"ခင်ဗျားက ကျုပ်လာမယ်ဆိုတာ သိနေတယ်ပေါ့"

"သိတာပေါ့။ ဝူးမင်းကပဲ မင်းကို ရှင်းပစ်ဖို့ အစီအစဉ်ချပေးသွားခဲ့တယ်လေ"

ရှစ်နန်းကျင်းက ...

"ခင်ဗျားက ညွှန်သည်ကို လုပ်ကြံမလို့လား"

"မင်းက ညွှန်သည်မှ မဟုတ်ဘဲ၊ မင်းကို သတ်လိုက်ရင် ကျုပ်က သက်ဆိုင်ရာက ဆုငွေတောင် ရဦးမယ်"



"ဒါဆိုလည်း မသတ်ခင် ကျုပ်ကိုဘာကြောင့် သတ်ရတယ်ဆိုတာ ပြောပါဦး"

"ဝူးမင်းဆီက ငွေရတယ်လေ"

ရှစ်နန်းကျင်းက သက်ပြင်းချလိုက်၏။ ကျင်းပေါက်ကျန်းသည် ဘာမျှသိသူမဟုတ်ကြောင်း နားလည်လိုက်၏။

ကျင်းပေါက်ကျန်းက ချိန်ညီနောင်သုံးဖော်အား မျက်ရိပ်ပြလိုက်သည်။

ချိန်ညီနောင်သုံးဖော်ကလည်း ရှစ်နန်းကျင်းအား ပြိုင်တူပင်ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ရှစ်နန်းကျင်းက ဓားကိုဆွဲထုတ်ပြီး ခုခံတိုက်ခိုက်မနေပါ။ ချိန်ညီနောင်သုံးဖော် တိုက်ခိုက်သည်နှင့် တစ်ပြိုင်နက် သူကလည်း ပြတင်းပေါက်ကိုထိုးဖောက်ကာ ထွက်သွားလေသည်။

ကျင်းပေါက်ကျန်း ကြောင်သွားရာမှ သတိဝင်လာပြီး အော်ဟစ်လိုက် ၏။

"မလွှတ်စေနဲ့ ... လိုက်ကြ"

ချိန်ညီနောင်သုံးဖော်သည် ရှစ်နန်းကျင်း၏နောက်သို့ ပြေးလိုက်သွားကြလေသည်။

★

ကျင်းပေါက်ကျန်းက ခိုခြေထောက်တွင် စာတစ်စောင် ချည်နှောင်လိုက်၏။ ထို့နောက် ခိုကလေးအား တစ်ချက် ပွတ်သပ်လိုက်ပြီး ပြတင်းပေါက်မှ လွှတ်လိုက်သည်။

'ဖျပ် ဖျပ် ဖျပ်'

ခိုကလေးက အမှောင်ထုအကွင်းသို့ ပျံတက်သွားသည်။ ကျင်းပေါက်ကျန်းက စားပွဲတွင်ပြန်ထိုင်ပြီး အရက်တစ်ခွက် ငှဲ့သောက်လိုက်သည်။

ထိုစဉ် ပြတင်းပေါက်မှ အရာကစ်ခုက ပစ်လွှင့်ဝင်ရောက်လာသည်။

'ဖုတ်'

စားပွဲပေါ်သို့ပြုတ်ကျလာ၏။

ကျင်းပေါက်ကျန်း၏မျက်နှာမှာ သွေးရောင်ပျောက်ကွယ်သွားသည်။ စားပွဲပေါ်ရှိ ခိုအသေကောင်ကို ငေးစိုက်ကြည့်နေသည်။

ထိုစဉ် စကားသံ ထွက်ပေါ်လာ၏။

"ဝူးမင်း ဘယ်မှာလဲ"

ကျင်းပေါက်ကျန်း မော့ကြည့်လိုက်သည်။



အေးစက်ထူးရှသော ရှစန်းကျင်း၏မျက်လုံးများနှင့် ရင်ဆိုင်တိုးလိုက်လေသည်။

ရှစန်းကျင်း၏အမူအရာက အမှန်တကယ်ပင် ရက်စက်မည့်သဏ္ဍာန် ပေါ်လွင်နေသည်။

ကျင်းပေါက်ကျန်းက ...

"ကျင်းဂေဟာမှာ ရှိပါတယ်"

"ဝူးမင်း ဘယ်သူ့အတွက် အလုပ်လုပ်ပေးသလဲ"

"ကျုပ်မသိဘူး၊ တကယ်မသိတာပါ"

ရှစန်းကျင်းက မေးခွန်း သုံးလေးခု ဆက်မေးသော်လည်း ကျင်းပေါက်ကျန်းက မဖြေနိုင်ပါ။

ကျင်းပေါက်ကျန်း အမှန်ပြောနေခြင်းဖြစ်သည်ကို သူသိလိုက်သည်။

ထို့ကြောင့် ကျင်းပေါက်ကျန်းအား သွေးကြောပိတ်လိုက်သည်။ ပါးစပ်ကိုဖြဲကာ အရက်များ လောင်းထည့်လိုက်သည်။ ထို့နောက် သူ၏အိပ်ခန်းတွင်း သွင်းထားလိုက်သည်။

ကျင်းပေါက်ကျန်း သူ့အား မည်သို့မျှ မနှောင့်ယှက်နိုင်တော့ပါ။ ရှစန်းကျင်းက ခိုခြေထောက်မှ ဖြုတ်ယူထားသောစာကို ဖွင့်ဖတ်လိုက်သည်။

*ဝူးမင်း*

*ရှစန်းကျင်း ရောက်လာလိမ့်မယ်။*

*ကျင်း*

ရှစန်းကျင်းက ပြုံးပြီး စာရွက်ကလေးအား အစိတ်စိတ် အမြှာမြှာဆုတ်ဖြဲကာ အိမ်ကဓလေးထဲမှ ထွက်ခွာသွားသည်။

ဤတစ်ကြိမ် သူ ဘာကယ်လွတ်သွားခြင်းပင် ဖြစ်ပါသည်။

မိနစ်ညီနောင်သုံးယောက်မှာ ရှစန်းကျင်း၏လှည့်ကွက်ကို မသိဘဲ ပတ်ဝန်းကျင်အနှံ့ လိုက်ရှာဖွေကြ၏။ အရုဏ်တက်ချိန်ကျမှ လက်လျှော့ပြီး ပြန်လာခဲ့ကြသည်။

ကျင်းဂေဟာသို့ ပြန်ရောက်သောအခါ ကျင်းပေါက်ကျန်းက အရက်မူးပြီး အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် သူတို့လည်း အနားယူလိုက်ကြလေတော့သည်။

★★★



## အခန်း (၈)

'ဝူး အူး ဝူး'

ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံ ထွက်ပေါ်လာသည်။

လမ်းမတစ်လျှောက် လူရှင်းနေပြီဖြစ်၏။ သို့သော် ကျန်းဂေဟာတွင် မည်သူမျှ မအိပ်သေးပါချေ။

ကျင်း ဂေဟာအပေါ်ဆုံးထပ်မှာ အခန်းနှစ်ခန်းသာရှိသည်။

အခန်းတစ်ခုမှာ ဧည့်ခန်းဖြစ်၏။ ဧည့်ခန်း၏တစ်ဖက်တွင် ရှိသောအခန်းမှာ အိပ်ခန်းဖြစ် သည်။

အိပ်ခန်းအတွင်း၌ လူနှစ်ယောက်ရှိသည်။

ဝူးမင်းနှင့် မိန်းမလှကလေးတစ်ယောက်ပင်။

ဝူးမင်းက ခုတင်ပေါ်မှဆင်းပြီး မိန်းမလှလေးအား ပြန်ရန် အမိန့်ပေးလိုက်သည်။

မိန်းမလှလေးက မျက်စောင်းတစ်ချက်ထိုးပြီး အခန်းတွင်းမှ ထွက်သွားလေသည်။

ဝူးမင်းက ဧည့်ခန်းဆီသို့ လျှောက်လာခဲ့၏။

သူ ဧည့်ခန်းတွင်းရောက်သောအခါ အဘိုးအိုတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရ၏။

ထိုအဘိုးအိုမှာ ကျောင်းဂေဟာပိုင်ရှင်ပင်ဖြစ်သည်။ ဂေဟာရှင်က ...

"မင်းအတွက် ဘာလိုသေးသလဲ"

"တော်ပါပြီ၊ အောက်မှာ လုံခြုံရေးစီမံထားရဲ့လား"

"စိတ်ချ ... ကျုပ်စီစဉ်ထားပြီးပါပြီ"

ဝူးမင်းက သက်ပြင်းချလိုက်သည်။

"ကျုပ်ဘဝမှာ ခုလိုပုန်းရှောင်နေရတာ အရှက်ဆုံးပဲဗျာ"

ဂေဟာရှင်က ...

"သခင်ကြီး သင့်မယ်ထင်လို့ စီစဉ်တာပါ"

"ဒါပေမဲ့ ကျုပ် သူ့ကို မယှဉ်ရဲသလိုဖြစ်နေတယ်"

ဂေဟာရှင်က ပြုံးလိုက်သည်။

"မင်းကို လောလောဆယ် ခြေရာပျောက်လိုက်တာပါ၊ ရှစန်းကျင်းတစ်ဦးတည်း မင်းနောက်ကို လိုက်တယ်လို့ မထင်နဲ့"

ဝူးမင်းက မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူတွေ ရှိသေးသလဲ"



"ရွှန်ပေါင်၊ ပြီးတော့ ကွန်းလုယန်"

ဝူးမင်း ပါးစပ်ပိတ်သွားသည်။ ဂေဟာရှင်က ...

"ရွှန်ပေါင်အကြောင်း မင်းသိပါတယ်၊ အခု ရှောင်တိမ်းရတာဟာ ရှစန်းကျင်းကြောင့် မဟုတ်ဘူး၊ ရွှန်ပေါင်ကြောင့်ဆိုတာ နားလည်ပါ"

ဝူးမင်းက သက်ပြင်းချရင်း အိပ်ခန်းဆီသို့ ပြန်လျှောက်သွားလေသည်။

★

'ဒေါက် ဒေါက်'

ဝူးမင်းက စိတ်တိုတိုနှင့် တံခါးကို ဆွဲဖွင့်လိုက်၏။

ဂေဟာရှင်အား တွေ့လိုက်သောကြောင့် မျက်မှောင်ကြုတ်သွား၏။

"ခင်ဗျား ဘာပြောစရာကျန်သေးလို့"

သူ၏စကား တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား၏။

ဂေဟာရှင်က ဓားကိုထုတ်ကာ သူ၏လည်မျိုသို့ ထောက်ထားလိုက်သည် မဟုတ်ပါလား။

"ခင် ခင်ဗျား ဘာလုပ်တာလဲ"

ဂေဟာရှင်က ဘာမှမပြောဘဲ အခန်းတံခါးကို နောက်ပြန်ပိတ်လိုက်၏။ ထို့နောက် ဓားဦးကို အသာဖိလိုက်၏။

ဝူးမင်းမှာ နာကျင်သွားပြီး မျက်နှာမဲ့သွား၏။

ထိုစဉ် ဂေဟာရှင်၏.လက်တစ်ဖက်က သွက်လက်စွာ လှုပ်ရှားသွား၏။

'အွန့်'

ဝူးမင်းမှာ သေးကြောပိတ်ခံရပြီး ခွေကျသွား၏။ ဂေဟာရှင်က ဝူးမင်းအား မကာ ခုတင်ပေါ် ပစ်တင်လိုက်၏။ ထို့နောက် စကားပြောနိုင်ရန် သွေးကြောအချို့ ပြန်ဖွင့်ပေးလိုက်၏။

"ဂေဟာရှင် ... ခင် ခင်ဗျား သစ္စာဖောက်တာလား"

ဂေဟာရှင်က ရယ်မောရင်း သူ့မျက်နှာကို သူပြန်ပွတ်သပ်လိုက်၏။

ဂေဟာရှင်၏မျက်နှာအစား ရှစန်းကျင်း၏မျက်နှာ ပေါ်ထွက်လာလေသည်။

ဝူးခင်း၏မျက်နှာ ကွက်ခနဲပျက်သွား၏။ ရှစန်းကျင်းက -

"မင်း ကျုပ်လက်က ပြေးလို့မလွတ်ပါဘူး"

ဝူးမင်းက ပါးစပ်ပိတ်ထား၏။



"မင်း ကျုပ်ကို ဘာကြောင့် စီးမင်းထောင်ထဲ ပြန်ပို့ရတာလဲ"

ဝူးမင်းက ပါးစပ်ပိတ်ထား၏။

ရှစန်းကျင်းက ဓားချွန်ဖြင့် ပခုံးကို ထိုးခွလိုက်၏။ သွေးများ ဖြာခနဲ ကျလာ၏။

"ကျုပ်က ရက်စက်ရမှာ ဝန်မလေးဘူး၊ မင်းလိုလူမျိုးကို သတ်ပစ်ဖို့ထက် ဒုက္ခိတအဖြစ် အသက်ရှင်ခွင့်ပေးထားမယ်"

ဝူးမင်းမျက်နှာ နီရဲသွား၏။

"မင်း ... မင်း မယုတ်မာနဲ့"

"မင်းနဲ့ကျုပ် ဘာရန်ငြိုးရှိသလဲ၊ မင်းကို ဘယ်သူခိုင်းသလဲ"

ဝူးမင်းက တွေခနဲဖြစ်သွား၏။ သူသည် ပါးနပ်သူဖြစ်၏။

"ကျုပ်ပြောရင် အသက်ချမ်းသာပေးမှာလား"

ရှစန်းကျင်းက ခေါင်းညိတ်လိုက်၏။

ဝူးမင်းက ...

"ခင်ဗျားက ဓားစာခံဖြစ်သွားတာပါ၊ ကျုပ်က ကွန်းကျုံးနဲ့ ရန်ငြိုးရှိတာဗျ၊ သူ့ကို လုပ်ကြံဖို့ကြိုးစားခဲ့တာ ကြာပါပြီဗျာ"

"မင်းပြောတာ မဆိုးဘူး"

"ကျုပ် အမှန်အတိုင်းပြောတာပါ၊ ကျုပ် သူ့ကိုလုပ်ကြံတဲ့

အချိန်မှာ ခင်ဗျားနဲ့တိုးပြီး အပြစ်ကို ခင်ဗျားဘက် လွှဲချမိတာပါ"

"ယုံချင်စရာပဲ၊ ဒါပေမဲ့ ကျုပ် မယုံဘူး"

"ဘာဖြစ်လို့လဲ"

"ဟုန်ပိကို မင်းသတ်သွားလို့ပဲ"

"ဟုန်ပိ ... ဟုတ်လား"

ရှစန်းကျင်းက ...

"မင်း မသိချင်ဆောင်မနေနဲ့၊ မင်းဟာ ဟုန်ပိနဲ့သိနေတယ်၊ ဒါကြောင့်လည်း ဟုန်ပိကို အလွယ်တကူ လုပ်ကြံနိုင်ခဲ့တာပဲ"

"မဟုတ်ဘူး"

ရှစန်းကျင်း၏မျက်နှာက တင်းမာသွား၏။ သူ၏ဓားက ဝူးမင်း၏လက်ဝါးပြင်ကို ထိုးစိုက်လိုက်၏။

"အား"

"မင်း ပြောစမ်း ... ဂြိုဟ်ရှစ်လုံးနဲ့ မင်း ဘယ်လိုပတ်သက်နေသလဲ၊ ကျုပ် စီးမင်းထောင်မှာရှိတုန်း ဘာတွေဖြစ်နေသလဲ"

ဝူးမင်းမှာ နာကျင်လွန်းသဖြင့် မျက်ရည်များပင် ကျလာသည်။

"ဓားရုပ်လိုက်ပါ၊ ကျုပ်ပြောပါ့မယ်"

ရှစန်းကျင်းက ဓားကို ပြန်ရုပ်လိုက်သည်။



"ဟုန်ပိကို ဘာကြောင့်သတ်ရတာလဲ"

ဝူးမင်းက ...

"ဟုန်ပိက တွေ့ဖို့လာ ..."

အလင်းတန်းတစ်ခုက အခန်းတွင်းသို့ လျှင်မြန်စွာ ဝင်ရောက်လာသည်။

ရှစန်းကျင်းက အပေါ်သို့ခုန်၍ ရှောင်လိုက်သည်။

သူ ကြမ်းပေါ်ပြန်ကျလာသောအခါ ဝူးမင်းမှာ ခုတင်ပေါ် လဲကျနေသည်။

သူသည် မည်သည့်အခါမျှ စကားပြောနိုင်တော့မည် မဟုတ်ပါ။ သူ၏လည်မျိုတွင် ဓားပါးလေးတစ်လက်က စိုက်ဝင်နေ၏။

ရှစန်းကျင်းက ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်၏။

ပြတင်းပေါက်နှင့် မလှမ်းမကမ်းတွင် သစ်ပင်ကြီးတစ်ပင်ရှိ၏။ ရန်သူက ထိုသစ်ပင်ပေါ်မှ နတ်ပိတ်သွားခြင်းဟု ရိပ်စားမိလိုက်သည်။

ရှစန်းကျင်းက ပြတင်းပေါက်မှ သစ်ပင်ပေါ်သို့ လွှားခနဲခုန်ကူးလိုက်သည်။

သစ်ပင်ခွဆုံတွင် ပစ္စည်းတစ်ခုအား တွေ့လိုက်ရသည်။

ထိုပစ္စည်းကား ...

အရှည်တစ်ပေခန့်သာရှိသော သံကြိုးကွင်းလေး ဖြစ်လေသည်။

ထိုသံကြိုးကွင်းကိုတွေ့သည်နှင့် လူတစ်ယောက်ကို ချက်ချင်း မြင်ယောင်လာမိလေတော့၏။

***



## အခန်း (၉)

တောလမ်းကလေးတစ်ခု။

လမ်း၏တစ်ဖက် လမ်းကလေးအား အပေါ်စီးမှ ကောင်းစွာမြင်ရသော တောင်ကုန်းပေါ် ဝယ် လူငယ်နှစ်ယောက် ထိုင်နေကြပေသည်။

နှစ်ဦးစလုံး အဝတ်အစားများကို သပ်ရပ်စွာ ဝတ်ဆင်ထားကြ၏။ ခါးတွင်လည်း ဓားတစ်လက်စီ ချိတ်ဆွဲထားသည်။

ထိုလူငယ်နှစ်ဦးမှာ ...

ဟုန်ပိန့်နှင့် ရှစန်းကျင်းတို့ပင် ဖြစ်ပါသည်။

ဟုန်ပိန့်နှင့် ရှစန်းကျင်းတို့မှာ လမ်းနံဘေးတွင် နေထိုင်သော မိဘမဲ့ဘဝမှ တဖြည်းဖြည်း အတူတကွ ကြီးပြင်းလာ၏။

သူတို့ကျင်လည်ရသော ပတ်ဝန်းကျင်နှင့်အညီ အရွယ်ရောက်လာသောအခါ အလစ်သမားဘဝမှ သူခိုးဓားပြများ ဖြစ်လာကြလေသည်။

သူတို့သည် များသောအားဖြင့် လူပြတ်သောလမ်းတွင် ခရီးသွားများကို အဓိကထား၍ လုယက်ခဲ့ပေသည်။

ယခုတွင်မူ ဟုန်ပိမှာ စိတ်လှုပ်ရှားနေ၏။

"ရှစန်းကျင်း ... မင်းသတင်းက သေချာရဲ့လား"

ရှစန်းကျင်းက ရင်ကော့လိုက်၏။

"သိပ်သေချာတယ် ... မကြာခင် သူတို့လာကြလိမ့်မယ်"

ဟုန်ပိက ခါးမှဓားကို ပွတ်သပ်လိုက်၏။

"ရှစန်းကျင်း ... ဖြစ်ပါ့မလား"

ရှစန်းကျင်း စိတ်ထင့်သွား၏။ သို့သော် ချက်ချင်းပင် အားတင်းလိုက်ပြီး ...

"ဖြစ်ပါတယ်"

"ငါတို့က နှစ်ယောက်တည်းနော်"

ရှစန်းကျင်း ဒေါသထွက်သွား၏။

"မင်း ကြောက်ရင်ပြန်"

ဟုန်ပိ ပါးစပ်ပိတ်သွားသည်။ ပထမဆုံး အတွေ့အကြုံမို့ ရင်ထိတ်နေသည်။ ယနေ့ သူတို့ အာမခံအဖွဲ့တစ်ခုအား တိုက်ခိုက်ရန် ကြံစည်ထားသည် မဟုတ်ပါလား။

★



အာမခံဌာနမှ မြင်းလှည်းအိုသည် တရွေ့ရွေ့နှင့်လာနေ၏။

မြင်းစီးသမား (၃) ယောက်က မြင်းလှည်းကို ဝိုင်းရံကာထား၏။

မြင်းလှည်းပေါ်တွင် အရောင်လွင့်စပြုနေသော အာမခံဌာနအလံကို စိုက်ထူထား၏။

အားလုံးက ပူပြင်းသောနေဒဏ်ကြောင့် ငိုက်မျဉ်းနေ၏။

ထိုစဉ် ...

လမ်းမပေါ်သို့ ကြိုးတစ်ချောင်း ထောင်တက်လာ၏။

ရုတ်တရက်မို့ မြင်းများက မရှောင်နိုင်ဘဲ ဝင်တိုးမိပြီး တလိမ့်ခေါက်ကွေး လဲကျသွားလေသည်။

မြင်းလှည်းမှာလည်း တိမ်းမှောက်သွား၏။

မြင်းများ၏ နာကျင်စွာအော်ဟစ်သံက ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားလေ သည်။

အာမခံဌာနသား (၃) ယောက်အနက် နှစ်ယောက်သာ ပြန်ထလာနိုင်၏။ တစ်ယောက်ကမူ ခြေထောက်ကျိုးသွားပြီး လဲနေပေသည်။

ထိုစဉ် ...

ရှစန်းကျင်းနှင့် ဟုန်ပိတို့က အာမခံဌာနသားနှစ်ဦးအား အလစ်ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

အာမခံဌာနသား (၂) ဦးကလည်း မခေပါ။ ရှစန်းကျင်းတို့အား ပြန်လည်တိုက်ခိုက်လိုက်၏။

ထိုအခိုက်မှာပင် ...

လူတစ်ယောက် ရုတ်ခြည်းရောက်ရှိလာ၏။

ထိုလူက သံကြိုးကိုဝှေ့ယမ်းရင်း ရှစန်းကျင်းတို့ဘက်မှ ကူညီတိုက်ခိုက်လေတော့သည်။

★

တိုက်ပွဲကား ပြီးဆုံးသွားပြီဖြစ်၏။

ဟုန်ပိက မြင်းလှည်းတွင်းမှ သေတ္တာအား ထုတ်ယူလိုက်၏။ သေတ္တာတွင် ငွေက ထင်သလောက်မပါချေ။

ရှစန်းကျင်းက လူစိမ်းအား ကြည့်လိုက်၏။

လူစိမ်းက သူ့ထက် လေးငါးနှစ်ခန့် ကြီး၏။ လက်ထဲတွင် သံကြိုးကွင်းရှည်ကို ကိုင်ထား၏။



လူစိမ်းက ပြုံးပြီး လက်ဝါးဖြန့်လိုက်၏။

"ကျုပ်အတွက် ဝေစု"

ရှစန်းကျင်းက မဲ့လိုက်၏။

"ခင်ဗျားနဲ့ဘာဆိုင်သလဲ"

လူစိမ်းက ...

"ကျုပ်ကူညီလို့ မင်းတို့ လွယ်လွယ်ကူကူ ရခဲ့တာပဲ"

"သွားစမ်းပါ"

လူစိမ်းက ...

"မင်းမပေးချင်ရင် ကျုပ်က အကုန်ယူရလိမ့်မယ်"

ရှစန်းကျင်းက ဓားကို ဆွဲထုတ်လိုက်၏။

"ခင်ဗျားယူချင်ရင် ကျုပ်ဓားကို မေးကြည့်ပါဦး"

လူစိမ်းက ဘာမျှမပြောတော့ပါ။ သံကြိုးကွင်းအား ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

★

သိုင်းကွက် (၁၀၀) ကျော်သွား၏။

နှစ်ဦးစလုံး မည်သူမျှ မနိုင်ပါ။ နှစ်ဦးစလုံး မောလာ၏။

ဟုန်ပိက ရပ်ကြည့်ရင်း လူစိမ်းကို သဘောကျလာသည်။

သူတို့ (၃) ယောက်သာ လက်တွဲလျှင် ပို၍ အဆင်ပြေမည်ဟု တွေးလိုက်သည်။

"အားလုံးရပ်လိုက်ကြစမ်း"

သူ၏အသံကြောင့် တိုက်ပွဲရပ်သွားသည်။

ဟုန်ပိက လူစိမ်းအား ဦးညွှတ်ပြီး ...

"ကျုပ်က ဟုန်ပိ၊ သူက ရှစန်းကျင်း၊ ခင်ဗျားကကော ဘယ်သူလဲ"

လူစိမ်းက ဦးပြန်ညွှတ်၍ ...

"လျှူဝေကျို၊ စန်းလုံနယ်ကပါ"

ဟုန်ပိက လုယက်ရသောငွေမှ ငွေတစ်ထပ်ကို ထုတ်ပေးလိုက်သည်။

"နောင် ကျုပ်တို့ကိုတွေ့ချင်ရင် ခါးကုန်းကြီးစားသောက်ဆိုင်ကို လာခဲ့ပါ"

သူက ပြောပြီးသည်နှင့် ရှစန်းကျင်းအား ဆွဲခေါ်လာခဲ့လေသည်။

ရှစန်းကျင်းက လျှူဝေကျိုအား တစ်ချက်ကြည့်ပြီး ဟုန်ပိနောက်သို့ ပါလာခဲ့သည်။



"မင်းက ဘာသဘောနဲ့ သူ့ကို ငွေပေးရတာလဲ"

"သူနဲ့လက်တွဲသင့်တယ်၊ တို့ အင်အားတောင့်လာရင် အရင်ထက် ပိုပြီး အဆင်ပြေလိမ့်မယ်"

ထိုနေ့မှစ၍ လျှူဝေကျိုမှာ သူတို့နှင့်အတူ မနေသော်လည်း လက်တွဲဖော်တစ်ယောက် ဖြစ်လာခဲ့လေသည်။

★

ရှစန်းကျင်းက သက်ပြင်းအသာချလိုက်သည်။

"လျှူဝေကျို လျှူဝေကျို ... ဒီပြဿနာထဲမှာ မင်း ပါနေပြီလား"

သူသည် ဖြစ်ပျက်သမျှကို စဉ်းစားကြည့်လိုက်သည်။

မိမိအား ဒုက္ခရောက်စေချင်သူတစ်ဦး ရှိနေ၏။ ဝူးမင်းသည် အစေအပါးတစ်ဦးသာ ဖြစ်သည်။

ဝူးမင်းအား ခိုင်းစေသူကို ရအောင်ဖော်ထုတ်ရမည်။

သို့သော် ရန်သူသည် လျှို့ဝှက်လွန်းသည်။ အကယ်၍ လျှူဝေကျိုအား တွေ့မည်ဆိုလျှင် သူသိချင်သော အဖြေအချို့အဝက်ကို သိနိုင်ပေသည်။

သူ ထောင်ကျနေစဉ်ကာလအတွင်း နက္ခတ်ရှစ်လုံး၏ အခြေအနေကို သူ မသိခဲ့ပါ။

ရှစန်းကျင်းမှာ တွေးရင်း မောလာသည်။

နက္ခတ်ရှစ်လုံးအတွင်း သစ္စာဖောက်သူ ရှိနေပြီလော။

သူ နက္ခတ်ရှစ်လုံးနှင့်တွေ့ရန် အရေးကြီးနေပြီ။

ပထမဦးဆုံး နက္ခတ်ရှစ်လုံးမှ လျှို့ဝှက်အမည် ခွေးဟုတွင်သော လျှူဝေကျိုထံ သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

★

ရှစန်းကျင်း ခရီးပြင်းနှင်လာခဲ့သည်။

သူသည် (၃) ရက်တိတိ မနားမနေ ခရီးဆက်လာခဲ့ရ စန်းတုံနယ်အတွင်းသို့ ရောက်ရှိ လာခဲ့လေသည်။

လျှူဝေကျိုသည် စန်းတုံနယ်မြို့တော်တွင် လျှို့ဝှက်အိမ်တစ်လုံးထားရှိပြီး နေထိုင်၏။

ထိုအိမ်ကို နက္ခတ်ရှစ်လုံးမှလွဲ၍ မည်သူမျှ မသိပါ။

လျှူဝေကျိုက ထိုအိမ်တွင် ရုပ်ဖျက်၍ လူကုံထံတစ်ဦးသဖွယ် နေထိုင်ခဲ့ပေသည်။



သူ၏ ဖော်ရွေမှု၊ အပေးအကမ်း ရက်ရောမှုတို့ကြောင့် သူသည် နက္ခတ်ရှစ်လုံးအဖွဲ့ဝင်တစ်ယောက်ဖြစ်သည်ကို မည်သူမျှ မရိပ်မိခဲ့ပါချေ။

ရှစန်းကျင်း မြို့တွင်းသို့ ဝင်ရောက်လာသည်။

လျှူဝေကျို၏အိမ်သို့ ရောက်သောအခါ မျက်လုံးများ ပြူးကျယ်သွားရတော့သည်။

"ဟင်"

လျှူဝေကျို၏ ခမ်းနားသောအိမ်ကြီးမှာ မြင်ကွင်းမှ ပျောက်ကွယ်နေသည် မဟုတ်ပါလား။

အိမ်ကြီးနေရာတွင် မီးလောင်ကျွမ်းထားသော တိုင်ငုတ်များကိုသာ တွေ့ရတော့သည်။

အနားပတ်ဝန်းကျင်၌ စုံစမ်းကြည့်သည့်အခါ အိမ်ရှင်မှာ မီးလောင်သေဆုံးသွားပြီဟု ဆိုလေသည်။

"ငါ ဘာဆက်လုပ်မလဲ"

ရှစန်းကျင်းမှာ သစ်ပင်ရိပ်တွင် နားခိုရင်း စဉ်းစားနေသည်။

လျှူဝေကျို မီးလောင်သေဆုံးသွားပြီဟု သူ မယုံကြည်ပါ။

လျှူဝေကျိုသည် ခြေရာဖျောက်သွားခြင်း ဖြစ်ရပေမည်။

သူ ထောင်ကထွက်လာပြီး မကြာမီပင် လျှူဝေကျိုအိမ် မီး

လောင်ခြင်း မဟုတ်ပါလော။

ဤသို့ဆိုလျှင် ...

လျှုဝေကျိသည် သူ့အား ဒုက္ခပေးနေသည်လော။

ရှစန်းကျင်းက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

လျှုဝေကျိ သူ့အပေါ် သစ္စာဖောက်လိမ့်မည်ဟု သူ လုံးဝ မယုံကြည်ပါ။

သို့ဆိုလျှင် ရန်သူမည်သူနည်း။

ရန်သူက အဘယ်ကြောင့် မိမိအား မသတ်ဘဲ ထောင်ထဲ ရောက်စေရန် ဖန်တီးနေရသနည်း။

သူသည် အဖြေမရှိသော မေးခွန်းများကိုသာ မေးနေမိသည်။

နောက်ဆုံး သူက မြင်းပေါ်ခုန်တက်လိုက်ပြီး လမ်းကလေး အတိုင်း မောင်းနှင်သွားလေတော့သည်။

★★★



## အခန်း (၁၀)

မြို့စားဂေဟာ ...။

ဂေဟာအတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေ၏။

ဝိတ်ထားသော အခန်းတစ်ခုရှေ့ဝယ် လူသုံးယောက် ထိုင်စောင့်နေကြသည်။

ထိုလူသုံးယောက်မှာ ...

အတွင်းဝန် လု၊ တပ်မှူးလေး လီနှင့် ဘဏ္ဍာထိန်းတို့ပင် ဖြစ်ပါသည်။

အတွင်းဝန်လုက သက်ပြင်းချလိုက်သည်။

"မြို့စားကြီးရောဂါက တစ်နေ့တခြား ပြင်းထန်လာတယ်၊ ပြန်မှကောင်းပါ့မလား မသိဘူး"

ဘဏ္ဍာထိန်းက ခေါင်းညိတ်လိုက်သည်။

"သမားတော်ကြီးလည်း ကြိုးစားကုသနေတာပဲ၊ ဒါပေမဲ့ ရောဂါက မသက်သာဘူး"

တပ်မှူးလေးလီက ...

"ကျုပ်က အုပ်ချုပ်ရေးတာဝန် မယူချင်ဘူးဗျ၊ မြို့စားကြီး မြန်မြန်သက်သာလာမှ ဖြစ်မယ်"

"တကယ်လို့များ မြို့စားကြီး ရုတ်တရက်ကွယ်လွန်သွားရင် ဒုက္ခပဲဗျ"

"ဟာ ... မပြောကောင်း မဆိုကောင်း"

ဘဏ္ဍာထိန်းက ...

"လူဆိုတာ သင်္ခါရတွေပဲ မဟုတ်လား၊ အတွင်းဝန် ပြောသလို ဖြစ်ခဲ့ရင် မလွယ်ဘူး၊ မြို့စားကြီးမှာ ဆက်ခံမယ့်လူလည်း မရှိဘူး"

"ကျုပ်တို့ နေပြည်တော်ကို တင်ပြသင့်ပြီ"

တပ်မှူးလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မြို့စားရာထူး ဆက်ခံဖို့အတွက် နေပြည်တော် တင်ပြထားရမယ်၊ ဒါမှ ပြဿနာရှင်းမှာ"

"စည်းကမ်းအရ မြို့စားကြီးမှာ အရိုက်အရာ ဆက်ခံမယ့်သူ မရှိတော့ အပြင်လူထဲက ရွေးချယ်ရမှာပေါ့"

"ဟုတ်တယ် ... ကျုပ်တို့ ဘယ်သူ့ကိုရွေးပြီး တင်ပြကြမလဲ"

အတွင်းဝင်လုက ...



"ဒီလောက်လည်း မလောပါနဲ့ဦး၊ သမားတော်ကြီး ထွက်လာမှ သေသေချာချာ မေးကြည့်ဦးမယ်"

ထိုစဉ် ...

ပိတ်ထားသောတံခါး ပွင့်လာပြီး အသက်ခြောက်ဆယ်ခန့် အဘိုးအိုတစ်ယောက် ထွက်လာ၏။

ထိုအဘိုးအိုမှာ ...

ဤမြို့ကလေး၏ အတော်ဆုံးသမားတော်ပင် ဖြစ်ပါသည်။

သမားတော်ကြီးက လေသံဖြင့် သတင်းပေးလိုက်သည်။

"ကျုပ် ဆက်ပြီးကုသလည်း ထူးခြားမှာမဟုတ်ဘူး၊ မြို့စားကြီးရဲ့ရောဂါက ကျွမ်းနေပြီ၊ သူ အသက်ရှင်သန်ဖို့အချိန်ဟာ အများဆုံး တစ်လပဲ"

အားလုံး မျက်နှာပျက်သွားကြ၏။

သမားတော်ကြီးက ...

"မြို့စားကြီးမသေခင် သူ့အရိုက်အရာဆက်ခံမယ့်ကိစ္စကို ဆောင်ရွက်ထားကြပါ"

အတွင်းဝန်လုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျုပ်တို့လည်း စောစောကတင် ဒီအကြောင်း တိုင်ပင်နေကြပါသေးတယ်"

"ဘယ်သူ့ကိုရွေးပြီး တင်ပြကြမလဲ"

"မူလကတော့ သူဌေးကြီး ကွန်းကျူးကို ကျုပ်တို့ရွေးထားကြတယ်၊ ဒါပေမဲ့ ကွန်းကျူးက အရင်ကွယ်လွန်သွားတော့ ထပ်ရွေးရဦးမယ်"

"ဒါဆို ထန်းယန့်နဲ့ ကျင့်ဂူတို့ကိုပဲ ရွေးရတော့မှာပေါ့"

အတွင်းဝန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျင့်ဂူဟာ ရိုးသားဖြောင့်မတ်ပေမယ့် ပစ္စည်းဥစ္စာ မရှိဘူး"

ဘဏ္ဍာထိန်းက ...

"ပစ္စည်းဥစ္စာ မရှိတဲ့လူဟာ ရှိလာတဲ့အခါမှာ ယိုယွင်းပျက်စီးတတ်တာကို ပူပန်ရမယ်"

"ဒါဖြင့် ထန်းယန့်ဆိုရင်ကော"

"ထန်းယန့်က ပစ္စည်းဥစ္စာ ပြည့်စုံပေမယ့် စိတ်က ခက်ထန်တယ်ဗျ"

သမားတော်ကြီး ခေါင်းညိတ်လိုက်သည်။

"အင်းလေ ... ခေါင်းအေးအေးထားပြီး ရွေးကြပေါ့"

"ဟုတ်ကဲ့ ... ဒီတစ်ရက်နှစ်ရက်အတွင်း ဒီကိစ္စကို အပြီးဆောင်ရွက်လိုက်ပါ့မယ်"



သမားတော်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း မြို့စားဂေဟာအတွင်းမှ ထွက်ခွာသွားလေတော့သည်။

★

အနီရောင်အုတ်တံတိုင်းက မြင့်မားစွာ ကာရံထား၏။

ထိုအုတ်တံတိုင်းအတွင်းဝယ် ရဲတိုက်သဏ္ဍာန် အဆောက်အအုံကြီးတစ်ခု ရှိပေသည်။

ထိုအဆောက်အအုံပိုင်ရှင်မှာ အခြားသူမဟုတ်ပါ။ သူဌေးကြီး ထန်းယန့်ပင်ဖြစ်ပါသည်။

ထန်းယန့်၏ ရယ်မောသံ ထွက်ပေါ်လာ၏။

"ကျေးဇူးတင်ပါတယ်ကွယ်၊ နောင်လည်း အရေးကြီးတဲ့ သတင်းမျိုးဆိုရင် လာခဲ့ဖို့ မမေ့ပါနဲ့"

ရဲမက်က ဦးညွှတ်လိုက်၏။ ထန်းယန့်က ရဲမက်အား ဆုငွေများပေးလိုက်ရာ ရဲမက်၏မျက်နှာမှာ ပြုံးရွှင်သွားလေသည်။

ထန်းယန့်က ...

"ကျုပ်က မြို့စားရာထူး မလိုချင်ပါဘူးဗျာ၊ တကယ်တော့ ကျင့်ဂူလိုလူသာ ထိုက်တန်တယ်လို့ ထင်ပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ

နေပြည်တော်ကသာ သင့်သလို စီမံလိမ့်မပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ် သူဌေးကြီး"

ထန်းယန့်က သက်ပြင်းချလိုက်သည်။

"အမှန်တော့ ကျုပ်မိတ်ဆွေ ကွန်းကျူးသာ ဒီရာထူးနဲ့ အသင့်တော်ဆုံးဗျ၊ သူ စောစောစီးစီး ကွယ်လွန်သွားတာ နှမြောစရာပဲ၊ ဒါထက် လူသတ်သမားကိုကော မိပြီလား"

ရဲမက်က ...

"လူသတ်သမားနောက်ကို လိုက်နေကြတုန်းပါပဲ၊ မကြာခင် မိမှာပါ"

ပြောပြီး ရဲမက်သည် ထန်းယန့်အား ဦးညွတ်ကာ ထွက်သွားလေသည်။

ထန်းယန့်က ရဲမက်နောက်ကျောကို စိုက်ကြည့်ရင်း ငြိမ်နေလိုက်၏။

ထိုစဉ် အတွင်းသို့ ဝိန်ဝိန်ပါးပါးနှင့်လူတစ်ယောက် ဝင်လာသည်။

ထိုလူမှာ ထန်းယန့်၏အကြံပေး ရှီ့စွမ်းပင်ဖြစ်ပါသည်။

ရှီ့စွမ်းက ထွက်ခွာသွားသော ရဲမက်နောက်ကျောကို လှမ်းကြည့်လိုက်၏။



"သူက ဘာကြောင့် သတင်းလာပေးတာလဲ ... သိသလား"

"မင်းရော ဘယ်လိုထင်သလဲ"

ရှီ့စွမ်းက ...

"ဒီရဲမက်က တပ်မှူးလေးလီရဲ့လူပဲ၊ သူက ခင်ဗျားကို ကွန်းကျူးကိစ္စမှာ မသင်္ကာဖြစ်နေပုံရတယ်၊ ဒါကြောင့် ထောင်ချောက် ဆင်လိုက်တာပဲ"

ထန်းယန့် သက်ပြင်းချလိုက်သည်။ ရှီ့စွမ်းက ဆက်ပြောလိုက်သည်။

"ဒီကိစ္စကို ခေါင်းထဲက ဖျောက်ထားလိုက်ပါ၊ တကယ်တော့ ခင်ဗျားသာ မြို့စားအဖြစ်ထိုက်ဆုံးပဲ မဟုတ်လား"

ထန်းယန့် ခေါင်းညိတ်လိုက်သည်။

"လူဆိုတာ စည်းစိမ်အာဏာကို မက်မောကြတာပဲ၊ အာဏာရှိပြီး စည်းစိမ်မရှိလည်း အလကားပဲ၊ ဒီလိုပဲ ... စည်းစိမ်ရှိပြီး အာဏာမရှိတော့လည်း မပြည့်စုံဘူး၊ ဒီတော့ ကျုပ် မြို့စားဖြစ်ချင်မိတာတော့ အမှန်ပဲဗျ"

"စိတ်ချ ... ခင်ဗျားပဲ မြို့စားဖြစ်ရမှာပါ"

★

"မင်း ဘာကြောင့် ဒီအကြောင်းတွေ လာပြောနေရတာလဲ အော်ဒိုး"

အော်ဒိုးက ပြုံးလိုက်၏။

"ကျုပ် သခင်လေးတစ်ဦးပဲ လိုချင်လို့ပါ။ ကျုပ်သခင်ဟာ ထန် မဟုတ်ဘူး၊ ယန့်ဆိုတာ ကွဲပြားအောင်လို့ပါ"

သခင်ကြီးယန့်ဆိုသူက အားရပါးရ ရယ်မောလိုက်၏။

"ကောင်းပြီ ... ရှစန်းကျင်းကို မင်းဖမ်းမိတဲ့အခါ ကျုပ်ဆီပဲ ခေါ်ခဲ့ပါ"

အော်ဒိုးက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ သခင်ကြီး၊ ဒါထက် ကျင့်ဂူကိစ္စကိုလည်း သတိထားပါ"

သခင်ကြီးယန့်က ကောက်ကျစ်စွာ ပြုံးလိုက်သည်။ ထို့နောက် ငွေလွှဲလက်မှတ်တစ်စောင်ကို အော်ဒိုးအား ကမ်းပေးလိုက်၏။

အော်ဒိုးက နဖူးနှင့်ကြမ်းပြင်ကို အသံမြည်အောင်ထိ၍ ဂါရဝပြုကာ ထွက်ခွာသွားလေတော့သည်။

အော်ဒိုးထွက်သွားသည်နှင့် ...



အခန်းတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာသည်။

"ပန်ယ"

ပန်ယဆိုသူက ဦးညွှတ်လိုက်သည်။

"အမိန့်ရှိပါ သခင်ကြီး"

"လိပ်ပြာနဲ့မျောက်သတင်း ဘာရသလဲ"

"ဘာမှမကြားရသေးဘူး"

"သူတို့နဲ့ ဝံပုလွေ တွေ့လို့မဖြစ်ဘူး"

ပန်ယက ...

"ဝံပုလွေကို အရင်ရှင်းပစ်ရင်ကော"

"ဝံပုလွေက ပါးနပ်တယ်၊ သေ့ာက သူ့ဆီမှာရှိမှာ မဟုတ်ဘူး"

"သူ့ကိုဖမ်းပြီး စစ်ဆေးရင်ကော"

"သူက သူ့ဆန္ဒမရှိဘဲ ဘယ်တော့မှပြောမယ့်လူစားမဟုတ်ဘူးကွ"

ပန်ယက မဲ့လိုက်၏။

"လူတစ်ဦးဟာ အနှိပ်စက်ခံရရင် ဘာမှ မျိုသိပ်မထားနိုင်ပါဘူး"

သခင်ကြီးယန့်က ရယ်မောလိုက်၏။

"မင်း စီးမင်းထောင်ကို မေ့နေသလား၊ စီးမင်းထောင်က တောင် ဝံပုလွေကို ပါးစပ်ပွင့်လာအောင် မလုပ်နိုင်ခဲ့ဘူးကွ"

ပန်ယ ခေါင်းငုံ့သွား၏။

သခင်ကြီးယန့်က ...

"အစီအစဉ်တွေလွဲသွားတာ သိပ်နာတယ်၊ ဟုန်ဝိတောင် ကံကောင်းလို့ ကျူပ်တို့ပြန်ရတာပဲ"

"အချိန်ကိုက်လှုပ်ရှားပေမယ့် သူတို့က ရှိသင့်တဲ့နေရာမှ မရှိခဲ့ဘဲ၊ ကျန်နေလို့ လွတ်သွားတာပါ"

"မင်း စာကလေးကို တွေ့အောင်ရှာ၊ သူ့ဆီက သတင်းရ အောင်ယူ၊ ငါ့အထင် မလွဲရင်တော့ စာကလေးဟာ သူတို့နေရာ သိ နိုင်တာပဲ"

ပန်ယ ခေါင်းညိတ်လိုက်၏။ ထို့နောက် လျင်မြန်စွာ ထွက် ခွာသွားလေသည်။

★★★



## အခန်း (၁၁)

အရက်ဆိုင်လေးတစ်ဆိုင်။

ဆိုင်ထောင့် မီးတိုင်ကွယ်ခုံတွင် ရှစန်းကျင်း ထိုင်နေသည်။ သူသည် ကုန်လွန်ခဲ့သောအဖြစ်အပျက်များကို ပြန်လည်စဉ်းစားနေ လေသည်။

ပထမ ... သူ လူသတ်တရားခံအဖြစ် စွပ်စွဲခံရ၏။

ဒုတိယ ... ဟုန်ဝိ သေဆုံးရ၏။

တတိယ ... ဂူးမင်း နှုတ်ပိတ်ခံရ၏။

စတုတ္ထ ... လျှူဝေကျိုသတင်း ပျောက်နေ၏။

အရာအားလုံးသည် တစ်စုံတစ်ဦးကို ဦးတည်နေသည်ဟု ထင်မိ၏။

ထိုစဉ် သူက ဟုန်ဝိမသေမီ ရေးသွားသော စာလုံးများကို ပြန်လည်မြင်ယောင်လာလေသည်။

"မယုံ"

"ပြေး"

"ရွှေ"

"ငှါသော့"

"ကျားပါးစပ်"

ဘာတွေလဲ။ ဘာအဓိပ္ပာယ်လဲ။

ရှစ်နီးကျင်း ခေါင်းအေးအေးထားကာ စဉ်းစားလိုက်သည်။

ပထမစာလုံးနှစ်လုံးသည် သူ့အား သတိပေးခြင်း ဖြစ်နိုင်၏။ သူ့အား ပြေးခိုင်းသည်၊ သူ့အား မယုံကြည်ရန် သတိပေး၏။

မည်သူ့ကို မယုံရမည်နည်း။

ယခုအချိန်တွင် လူတိုင်း ယုံကြည်ဖွယ်ရာ မဟုတ်တော့ဟု ခံစားလိုက်ရလေသည်။

ထို့နောက် နောက်ဆုံးစာလုံးဖြစ်သော 'ရွှေ' နှင့် 'ငှါသော့ ကျားပါးစပ်'။

သူက ရှည်ရှည်ဝေးဝေး စဉ်းစားရန်မရှိပါ။ ခေါင်းအေးအေး ထားလိုက်သည်နှင့် ဆိုလိုချက်ကို သဘောပေါက်လိုက်လေသည်။

'ရွှေ' ဟူသည် သူတို့ နောက်ဆုံး လုယက်ခဲ့သည့် ဘုရင့် ဘဏ္ဍာများပင် မဟုတ်ပါလော။

ရှစ်နီးကျင်းသည် နောက်ဆုံးတိုက်ပွဲကို သတိရလာ၏။



ဘဏ္ဍာများနှင့်ပတ်သက်၍ တစ်ဦးလျှင် သော့တစ်ချောင်းစီ ယူထားသည်ကို သတိရမိ၏။

ဟုန်ပိအားသတ်သူသည် ဟုန်ပိထံမှ သော့ယူရန် ဖြစ်ပေမည်။

ရှစ်နီးကျင်း၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

ထို သွေးနှင့်ရေးထားသည့်စာများ မဖျက်မိသည်ကို နောင်တ ရမိလိုက်လေသည်။

ဟုန်ပိက သူ့သော့ ကျားပါးစပ်တွင်ရှိသည်ဟု ရေးသားခဲ့သည် မဟုတ်ပါလား။

ကျားပါးစပ်ဟူသည် သူတို့သိထားသည့် လျှို့ဝှက်နေရာ တစ်ခု ဖြစ်သည်။

အတွေးဆုံးသည်နှင့် ...

ရှစ်နီးကျင်း ထိုင်ရာမှ ထလိုက်၏။

ထို့နောက် ဆိုင်တွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

★

တောင်စွန်းဘုံကျောင်း။

အလွန်ရှေးကျသော ဘုံကျောင်းတစ်ခု ဖြစ်၏။

ထိုဘုံကျောင်း၏သက်တမ်းမှာ နှစ်ပေါင်းသုံးရာကျော်မျှ ရှိပြီဟု အဆိုရှိ၏။

ရှစန်းကျင်းမှာ ဘုံကျောင်းရှေ့သို့ရောက်မှ မြင်းကို ရပ်တန့်လိုက်ပြီး မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

တစ်ညလုံး တစ်နေ့လုံး မအိပ်မနားဘဲ ခရီးဆက်လာခဲ့သောကြောင့် အလွန်ပင် ပင်ပန်းနေ၏။

သူ အပန်းမဖြေနိုင်ပါ။ ဘုံကျောင်းတွင်းသို့ လှမ်းဝင်လိုက်သည်။

ဘုံကျောင်းထောင့်တွင် သူဌေးသားလူငယ်တစ်ယောက် ရှေးခေတ်ပန်းချီကားများ ငေးမောကြည့်နေသည်ကို တွေ့လိုက်ရ၏။

ရှစန်းကျင်းက ထိုလူငယ်အား တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ရုပ်တုများရှေ့သို့သွား၍ ဒူးထောက်ဂါရဝပြုလိုက်၏။

ထိုဂါရဝပြုရာနေရာတွင် ရုပ်တုတစ်ခုက ကျားကိုစီးပြီး စီးနေဟန် ထုထား၏။

ရှစန်းကျင်းက ဂါရဝပြုရင်းမှ မသိမသာ ကျားပါးစပ်တွင်းသို့ နှိုက်ယူလိုက်၏။



သော့အစား စာရွက်ခေါက်ကလေးတစ်ခုသာ ပါလာသည်။ ရှစန်းကျင်းက ဖွင့်ကြည့်လိုက်ရာ …

*ဝံပုလွေ*

*ကိုးကွေ့ချောင်းကို လာတွေ့ပါ။*

ရှစန်းကျင်းက အံကြိတ်လိုက်သည်။

သူသည် ရွှေငွေစက္ကူများကို မီးရှို့ရင်း ထိုစာရွက်ကိုပါ ရော၍ မီးရှို့လိုက်လေသည်။

ထို့နောက် လူငယ်အား မသိမသာ အကဲခတ်လိုက်ပြီး ဘုံကျောင်းထဲမှ ထွက်လာခဲ့လေတော့သည်။

★

အမှောင်ထုက မကြာမီ ရောက်ရှိလာတော့မည် ဖြစ်ပေသည်။ ရှစန်းကျင်းမှာ တောင်ပေါ်မှ မြင်းကို ထိန်းပြီးဆင်းလာခဲ့၏။

ကောင်ခြေသို့အရောက်တွင် ရုတ်တရက် လူတစ်စု ထွက်ပေါ်လာပြီး ဝိုင်းရံလိုက်သည်ကို တွေ့ရလေသည်။

ရှစန်းကျင်းက ရန်သူများကိုငေ့ကြည့်လိုက်သည်။ စုစုပေါင်း ငါးယောက်။ အားလုံး မျက်နှာဖုံးများ စွပ်ထားၾ၏။

"မင်းတို့ ဘာကိစ္စနဲ့ လမ်းပိတ်ထားရတာလဲ"

"ကျုပ်တို့သခင်ကြီးက ခင်ဗျားကို ဖိတ်ခိုင်းလိုက်လို့ပါ"

ရှစန်းကျင်းက ...

"မင်းတို့သခင်က ဘယ်သူလဲ"

"သွေးဘီလူးယန့်"

ရှစန်းကျင်းက ...

"ကျုပ် မသိပါလား"

မှန်ပေသည်။ ထိုအမည်ကို သူ တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဖူးပါချေ။

မျက်နှာဖုံးစွပ်က ...

"ခင်ဗျား လိုက်မယ်မဟုတ်လား"

ရှစန်းကျင်းက ခေါင်းခါယမ်းလိုက်၏။

"မင်းတို့သခင်ကို လာတွေ့ခိုင်းလိုက်ပါ"

သူ၏စကားကြောင့် မျက်နှာဖုံးစွပ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

"ရှစန်းကျင်း ... ခင်ဗျား အေးအေးသက်သာ မလိုက်ရင်



ကျုပ်တို့က အတင်းအကျပ် ခေါ်သွားရလိမ့်မယ်"

ရှစန်းကျင်းက ရယ်မောလိုက်၏။

"မင်းတို့က ခေါ်နိုင်စွမ်း ရှိလို့လား"

သူ၏စကားအဆုံးတွင် မျက်နှာဖုံးစွပ်များက ရှစန်းကျင်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ရှစန်းကျင်းကလည်း ဓားကိုထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်ရာ တစ်ခဏအတွင်း ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာတော့သည်။

★

တိုက်ပွဲမှာ ပြင်းထန်နေ၏။

ရှစန်းကျင်းမှာ တိုက်ခိုက်ရင်း ရင်ထိတ်လာ၏။

ထိုလူငါးယောက်သည် ကျွမ်းကျင်သော ကြေးစားဓားသမားများ ဖြစ်ပေသည်။

သူသည် ဓားကွန်ရက်အတွင်း ကျရောက်နေ၏။

အချိန်ကြာလာသည်နှင့်အမျှ သူ ရှုံးနိမ့်ရမည်ကို နားလည်နေမိ၏။

သို့သော် သူသည် လွယ်လွယ်နှင့် အလျှော့ပေးတတ်သူ မဟုတ်ပါ။ နောက်ဆုံးထွက်သက်အထိ တိုက်ခိုက်ရန်သာ ဆုံးဖြတ်ချက် ချလိုက်လေသည်။

ထိုစဉ် ...

မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည်။

အဖြူရောင်အရိပ်တစ်ခု တိုက်ပွဲအတွင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ထိုလူရိပ်ဝင်လာသည့်အတွက် မျက်နှာဖုံးစွပ်များ၏ ဓား ကွန်ရက်မှာ ပြိုကွဲသွားလေတော့၏။

မျက်နှာဖုံးစွပ်များ ဒေါသထွက်သွားသည်။

"ဟေ့ ... ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ ဝင်မရှုပ်နဲ့၊ ထွက်သွားစမ်း၊ သေချင်လို့လား"

ရှစန်းကျင်းက လှမ်းကြည့်လိုက်ရာ တောင်စွန်းဘုံကျောင်းတွင် တွေ့မြင်ခဲ့ရသော သူဌေးသားလူငယ် ဖြစ်နေ၏။

လူရွယ်က ပြုံးစစနှင့် ...

"အများနဲ့တစ်ယောက် တိုက်ခိုက်နေတာ ကျုပ် မျက်ကွယ် မပြုနိုင်ဘူးဗျ"

မျက်နှာဖုံးစွပ်က ...



"မင်းက သေချင်နေတာကိုး၊ ကောင်းပြီ ... မင်းဆန္ဒကို ဖြည့်စွမ်းပေးရမှာပေါ့"

သူက ပြောပြီး လက်ဝှေ့ယမ်းလိုက်ရာ တိုက်ပွဲမှာ နှစ်ခု ဖြစ်သွားလေသည်။

ရှစန်းကျင်းနှင့် မျက်နှာဖုံးစွပ်သုံးယောက်က တစ်တွဲ၊ လူငယ်နှင့် မျက်နှာဖုံးစွပ်နှစ်ယောက်က တစ်တွဲဖြစ်၏။

ရှစန်းကျင်းက ဓားကို တရကြမ်း ဝှေ့ယမ်းရင်း ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်နှင့် တစ်ခဏချင်းမှာပင် ရန်သူတစ်ယောက် အား ရှင်းပစ်လိုက်နိုင်လေသည်။

မျက်နှာဖုံးစွပ်များ ထိတ်လန့်သွား၏။

ရှစန်းကျင်းက သူ့အား ဝင်ရောက်ကူညီသော သူဌေးသား လူရွယ်ကို လှမ်းကြည့်လိုက်၏။

လူရွယ်မှာလည်း သူကဲ့သို့ပင် ရန်သူများအား အပေါ်စီးမှ တိုက်ခိုက်နိုင်သည်ကို တွေ့လိုက်ရသဖြင့် စိတ်အေးသွားပြီး သူ၏ ရန်သူများကိုသာ အာရုံစိုက်လိုက်သည်။

သိုင်းကွက် (၅၀) ကျော်သွားသောအခါ ...

"အား"

"အား"

ရန်သူ (၂) ဦးမှာ ရှစန်းကျင်း၏ဓားချက်ထိမှန်ကာ သေဆုံးသွားလေသည်။ ထို့အတူ လူရွယ်ကလည်း ရန်သူတစ်ဦးအား ရှင်းပစ်လိုက်ပြီး ဖြစ်ပေသည်။

တစ်ဦးတည်းကျန်သော ရန်သူမှာ အခြေအနေကို သဘောပေါက်ပြီး ချက်ချင်း နောက်လှည့်ပြေး၏။

သို့သော် ရှစန်းကျင်းက ထိုလူ၏ပြေးလမ်းကို ပိတ်ဆို့လိုက်၏။ ထိုမျက်နှာဖုံးစွပ်မှာ ပြေးမရနိုင်တော့ပါ။

"မင်းတို့ကို ဘယ်သူခိုင်းတာလဲ"

မျက်နှာဖုံးစွပ်က ...

"ကျုပ် မပြောနိုင်ဘူး"

"မင်းမပြောရင် သေရမှာပဲ"

"ပြောရင်လည်း သေရမှာပဲ"

"ဒါပေမဲ့ ကျုပ်က မင်းကို နှိပ်စက်ပြီးမှ သတ်ပစ်မှာ"

မျက်နှာဖုံးစွပ်က ...

"မင်း ကျုပ်ကို နှိပ်စက်လို့ မရပါဘူး"

ရှစန်းကျင်းက မျက်မှောင်ကြုတ်သွား၏။

ထိုစဉ် မျက်နှာဖုံးစွပ်၏ခန္ဓာကိုယ်မှာ တစ်ချက်တွန့်လိမ်သွားပြီး မြေပေါ်ပြုတ်ကျသွားလေသည်။



သူဌေးသားလူရွယ် မျက်နှာပျက်သွား၏။

"အဆိပ်"

"ဟုတ်တယ် ... သူ့ကိုယ်သူ သတ်သေသွားတာပဲ"

ရှစန်းကျင်းသည် ပြောရင်း သေဆုံးနေသူများ၏ မျက်နှာဖုံးများကို ချွတ်၍ကြည့်လိုက်သည်။

"သူတို့ကို ခင်ဗျားသိသလား"

"တစ်ကြိမ်မှ မတွေ့ဖူးဘူး"

သူဌေးသားလူရွယ်က မျက်မှောင်ကြုတ်သွား၏။

"မသိဘဲနဲ့ ခင်ဗျားကိုလုပ်ကြံတာ အံ့သြစရာပဲ"

ရှစန်းကျင်းက ပခုံးတွန့်လိုက်၏။

"ကျုပ်ကိုကူညီတာ ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေနာမည် သိပါရစေ"

သူဌေးသားလူရွယ်က ...

"လမ်းကြုံလို့ ကူညီတာပဲ အပန်းမကြီးပါဘူး၊ နောင် ကြုံချင်မှကြုံတော့မှာပဲ၊ မေ့ပစ်လိုက်ပါဗျာ၊ ကဲ ... ကျုပ်သွားမယ်"

သူသည် ရှစန်းကျင်းအား နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

★★★

## အခန်း (၁၂)

ကိုးကွေ့ချောင်း ...။

ကိုးကွေ့ချောင်းဟူသောအမည်နှင့် လိုက်ဖက်စွာပင် ချောင်းမှာ အကွေ့ကိုးကွေ့ရှိ၏။

ရှစ်နန်းကျင်းမှာ ကိုးကွေ့ချောင်းသို့ရောက်သည်နှင့် မီးလင်းနေသော တဲတစ်လုံးကို တွေ့မြင် လိုက်၏။

"သတိထား ... ထောင်ချောက်ဖြစ်နိုင်တယ်"

ကိုယ့်ကိုယ်ကိုယ် သတိပေးပြီး မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

ညသည် တိတ်ဆိတ်နေ၏။ မည်သည့်လှုပ်ရှားမှုမှ မရှိပါ။

ရှစ်နန်းကျင်းမှာ ပတ်ဝန်းကျင်ကို သေချာစွာ စစ်ဆေးပြီးပြီဖြစ်၏။ မည်သည့်လူကိုမျှ မတွေ့ရပါ။

ထို့ကြောင့် ထောင်ချောက်ဆိုလျှင်လည်း တဲငယ်အတွင်း၌သာ ရှိရမည်။



ရှစ်နန်းကျင်းသည် ခြေသံကို လုံနိုင်သမျှလုံစေပြီး တဲအနီးချဉ်းကပ်သွား၏။

ထရံမှ ချောင်းကြည့်ရာ တဲအတွင်း အဘိုးအိုတစ်ယောက် အိပ်နေသည်မှအပ အခြားမည်သူမျှ မတွေ့ရပေ။

ရှစ်နန်းကျင်းက သက်ပြင်းချပြီး တဲတံခါးကို တွန်းဖွင့်ကာ တဲအတွင်း ဝင်လိုက်လေသည်။

ရှစ်နန်းကျင်း၏ခြေသံကြောင့် အဘိုးအို လန့်နိုးသွား၏။

"မင်း မင်း ဘယ်သူလဲ"

ရှစ်နန်းကျင်းက ...

"ကျုပ်ကို ချိန်းလို့လာခဲ့တာ"

အဘိုးအို မျက်မှောင်ကြုတ်သွား၏။

"ဝံပုလွေဆိုတာ မင်းလား"

ရှစ်နန်းကျင်း ခေါင်းညိတ်လိုက်၏။

"မင်းက ဝံပုလွေဆိုရင် နှင်းဆီဝါကို သိရမယ်"

ရှစ်နန်းကျင်း သက်ပြင်းချလိုက်၏။

အဘိုးအိုသည် ဟုန်ဝိနှင့် ပတ်သက်နေသူဖြစ်သည်ကို သူ သိလိုက်သလို သူ့ကိုလည်း ဝံပုလွေအစစ်အမှန် ဟုတ်မဟုတ် စစ်ဆေးခြင်းကိုပါ နားလည်လိုက်၏။

နှင်းဆီဝါသည် သူနှင့်ဟုန်ပိ ငယ်စဉ်ဘဝက နေထိုင်ခဲ့သော အခန်းရှေ့တွင် ဟုန်ပိစိုက်ထားခြင်းပင် ဖြစ်ပါသည်။

အဘိုးအိုက ပြုံးရွှင်သွားပြီး ...

"ဟုန်ပိက မင်းအကြောင်း ခဏခဏပြောပါတယ်၊ ကဲ ... ထိုင်ဦး"

သူက အရက်အိုးကို ချပေးလိုက်၏။ စားသောက်ဖွယ်ရာများလည်း ချပေးလိုက်၏။ ရှစန်းကျင်းက ...

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို ချိန်းဆိုရတာလဲ"

"ဟုန်ပိက ကျုပ်ရဲ့ကျေးဇူးရှင်ပါ။ ကျုပ် ဒုက္ခရောက်တုန်းက သူက ကူညီခဲ့တယ်၊ အခုလည်း သူ ဒီကပဲ ထွက်သွားခဲ့တာပါ"

ရှစန်းကျင်းက နားမလည်ဟန်ဖြင့် ကြည့်လိုက်၏။

အဘိုးအိုက ...

"ဒီလိုပါ ... ဟုန်ပိက မင်း ထောင်ကလွတ်မယ့်သတင်းကြားလို့ ဒီမှာ ပုန်းနေရာက ထွက်သွားခဲ့တယ်၊ သူက ခြသေ့်နဲ့ချိန်းပြီး မင်းကို သွားကြိုဖို့ပဲ"

"သူက ပုန်းနေတယ် ... ဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ် ... သူဟာ သွေးဘီလူးရန်က လာပုန်းခိုနေတာပဲ"

ရှစန်းကျင်းက အတွေးများ ချာလည်သွားသည်။ အဘိုးအိုရှင်းပြလိုက်၏။

"ဒီလိုကွဲ့ ... နက္ခတ်ရှစ်လုံးထဲက ဝက်ဖြစ်တဲ့ ချင်းကူးဟာ ပထမဆုံး သေဆုံးခဲ့တယ်၊ သူမသေခင် သွေးဘီလူးအဖွဲ့က ခြိမ်းခြောက်ခဲ့တယ်လို့ သိလိုက်ရတယ်၊ အဲဒီနောက်ပိုင်း တစ်နှစ်အတွင်း နက္ခတ်ရှစ်လုံးထဲက လူတွေဟာ သွေးဘီလူးရဲ့တိုက်ခိုက်မှုကို အကြိမ်ကြိမ်ခံခဲ့ရပြီး အားလုံး ဇာတ်မြုပ်သွားကြရတယ်"

ရှစန်းကျင်းက အံကြိတ်လိုက်သည်။

"ဟုန်ပိက မင်းကိုစောင့်နေတာ၊ မင်းလွတ်လာမှ မင်းနဲ့ပေါင်းပြီး သွေးဘီဘူးကို ရှင်းပစ်ဖို့ ကြံရွယ်ထားတယ်"

အဘိုးအိုက ဆက်ပြောလိုက်၏။ ရှစန်းကျင်းက ...

"ဒါ့ထက် ဟုန်ပိကို ဘယ်သူလုပ်ကြံသွားတာလဲ"

အဘိုးအိုက မျက်လုံးပြူးသွား၏။

"ဟာ ... ဟုန်ပိသေပြီ ... ဟုတ်လား"

"ဟုတ်တယ် ... ဒါကြောင့် ခင်ဗျား ကျုပ်ကို ချိန်းဆိုတာမဟုတ်လား"

အဘိုးအိုတစ်ကိုယ်လုံး တုန်ယင်သွား၏။

"မဟုတ်ဘူး ... ဟုန်ပိက သူ ခုနစ်ရက်ကြာအထိ ပြန်မလာဖြစ်ရင် ကျားပါးစပ်က သော့ကို သွားယူထားပါတဲ့၊ ဝံပုလွေနဲ့ ဆက်သွယ်ပါတဲ့"

"သော့ကော"

"ကျုပ်သွားယူတော့ မတွေ့တော့ဘူး၊ ဒါကြောင့် စာရေးထားခဲ့တာပါ"

ရှစန်းကျင်း သက်ပြင်းချလိုက်သည်။

"ဒါဆို သူတို့ လက်ဦးသွားပြန်ပြီ"

ရှစန်းကျင်းက အံကိုတင်းတင်းကြိတ်လိုက်၏။

"သွေးဘီလူး ... မင်း ဘယ်သူလဲ၊ ကျုပ် ရအောင် ဖော်ထုတ်ရမယ်"

ရှစန်းကျင်းသည် အဘိုးအိုအား နှုတ်ဆက်ကာ တဲအတွင်းမှ ပြန်ထွက်လာ၏။

သူတို့ နကွတ်ရှစ်လုံးအနက် ဟုန်ပိနှင့်ချင်းကူး သေဆုံးသွားပြီကို သိလိုက်ရပြီဖြစ်၏။ လျူဝေကျိလည်း ပျောက်ဆုံးနေ၏။

ကျန်လူများကို ရှာဖွေ ရန် လွယ်မည်မဟုတ်ပါ။ အားလုံးခြေရာပျောက်နေကြပြီဖြစ်သည်။



ထို့ကြောင့် သူတို့နေရာသိရန် တစ်နေရာသို့ သွားရမည်ကို ရုတ်ခြည်း သတိရလာ၏။

"စာကလေး"

သူ စာကလေးထံ သွားရပေမည်။

★

စာကလေး ...။

လူကသာ စာကလေးနှင့်တူသည် မဟုတ်ပါ။ သူ၏အိမ်ကလည်း စာကလေးအိမ်နှင့် တူလှပေသည်။ ကျောက်ဖြူဖြင့် ဆောက်လုပ်ထားပြီး ပြတင်းပေါက်မရှိပါ။

တံခါးပေါက်တစ်ပေါက်သာရှိပေသည်။ ထိုတံခါးသည် သံဖြင့် ပြုလုပ်ထားပြီး အလွန်ခိုင်ခံ့လှပေသည်။

မြင်းလှည်းအိုတစ်စီးသည် တရွေ့ရွေ့နှင့် ချယ်ရီကျေးရွာတွင်းသို့ ဝင်ရောက်လာ၏။ စာကလေး၏အိမ်ဝသို့အရောက်ဝယ် ရပ်သွားလေသည်။

မြင်းလှည်းတံခါး ပွင့်သွားပြီး မီးခိုးရောင်ဝတ်စုံဝတ်ထားသူတစ်ဦးက ခပ်သွက်သွက် ဆင်းလာ၏။

ထို့နောက် အိမ်တံခါးကို (၃) ချက်ခေါက်ပြီး တံခါးအောက်သို့ စာရွက်တစ်ရွက် ထိုးထည့်လိုက်လေသည်။

တစ်ခဏအကြာဝယ် တံခါးပွင့်လာပြီး တစ်ခေါင်းလုံးဖြူဖွေးနေသော အဘိုးအိုတစ်ဦး၏ခေါင်း ပေါ်လာ၏။ အဘိုးအို၏မျက်လုံးများက ဝိုင်းစက်သွား၏။

"မင်း ... မင်း ..."

သူ စကားဆုံးအောင် မပြောနိုင်ပါ။ ကြမ်းတမ်းစွာ ဆောင့်တွန်းခြင်း ခံလိုက်ရပြီး အိမ်တွင်းသို့ လဲကျသွားလေသည်။

မီးခိုးရောင်ဝတ်စုံနှင့်လူက အိမ်အတွင်းဝင်ကာ တံခါးကို ပြန်ပိတ်လိုက်သည်။

အဘိုးအိုမှာ စာကလေးပင်ဖြစ်၏။ စာကလေးက ...

"ငါ မထင်ခဲ့ဘူး၊ မင်း ငါ့ဆီရောက်လာမယ်လို့"

မီးခိုးရောင်ဝတ်စုံနှင့်လူက ရယ်မောလိုက်၏။

"ခင်ဗျားက ချက်ချင်းနားလည်သွားပါလား"

"ပန်ယ ... မင်း ဘာလိုချင်လို့လဲ၊ ငါဟာ ဒီလောက်လည်း မချမ်းသာပါဘူး"

ပန်ယဆိုသူက ...

"ခင်ဗျားအနေနဲ့ မျောက်နဲ့လိပ်ပြာရှိတဲ့နေရာ ပြောပြရုံပါပဲ"



စာကလေး သက်ပြင်းချလိုက်သည်။

"သွေးဘီလူးဆိုတာ မင်းတို့ပဲကိုး"

"ဟုတ်တယ်၊ ခင်ဗျား မကြာခင် ရိပ်မိမယ်ဆိုတာ ကျုပ်တို့ တွက်ထားပါတယ်"

"သူ ဘာကြောင့် သစ္စာဖောက်ရတာလဲ"

ပန်ယက ...

"ခင်ဗျား မသိဟန်ဆောင်နေတာလား"

"သြော် ... နောက်ဆုံး ပစ္စည်းကြောင့်ကိုး"

ပန်ယ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... အလွန်မက်မောစရာပါပဲ"

"ကျုပ်က မျောက်နဲ့လိပ်ပြာရဲ့နေရာကို သိမယ်လို့ မင်းတို့ ဘာကြောင့်ယူဆရတာလဲ"

ပန်ယက ပြုံးလိုက်၏။

"ခင်ဗျားက နက္ခတ် (၈) လုံးရဲ့ဦးနှောက်ပဲ၊ သူတို့ ပုန်းခိုဖို့ နေရာကောင်းကို ခင်ဗျား ရွေးပေးတာပဲ ဖြစ်ရမယ်"

"ငါပြောလည်း မင်းတို့ ငါ့ကို သတ်မှာပဲ"

ပန်ယက ...

"ခင်ဗျားပြောရင် ဝေဒနာ မခံစားရဘဲ သေရမယ်၊ ပြောမပြ

ရင်တော့ မရှိမဆုံ့ဝေဒနာ ခံစားရလိမ့်မယ်ဗျ”

“ဝေဒနာ မခံစားရဘူးဆိုရင်တော့ မက်လောက်စရာပါပဲ”

“ခင်ဗျားပြောပြတော့မလား”

စာကလေးက ...

“ငါက သေရမယ့်ဝေဒနာ ဘယ်လိုဆိုတာ သိချင်နေသေးတယ်ဗျ”

“ခင်ဗျား ခေါင်းမာချင်တာကိုး”

ပန်ယသည် ရုတ်ခြည်း စာကလေးအား သွေးကြောပိတ်လိုက်၏။

စာကလေးမှာ သိုင်းပညာအနည်းငယ်သာတတ်မြောက်သူတစ်ယောက်ဖြစ်၏။ ပန်ယ၏တိုက်ခိုက်မှုအား မရှောင်တိမ်းနိုင်ပါ။

‘ဝုန်း’

ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။

ပန်ယက အခန်းတွင်း တစ်ချက်ဝေ့ကြည့်လိုက်၏။ ထို့နောက် နံရံတွင် တပ်ဆင်ထား သော နဂါးခေါင်းကို လှည့်လိုက်၏။

‘ကျွိ’

မြည်သံနှင့်အတူ ကြမ်းပြင်တွင် အပေါက်တစ်ခုပေါ်လာ၏။ စာကလေးမှာ မျက်နှာပျက်သွားလေသည်။



ပန်ယက စာကလေး အား လှောင်ပြုံး ပြုံးလိုက်ပြီးနောက် လှေကားထစ်များအတိုင်း အောက်သို့ ဆင်းသွားလေသည်။

ပန်ယက မီးခတ်ကျောက်ကို ခြစ်လိုက်၏။ ထို့နောက် နံရံတွင် အသင့်ရှိနေသော မီးတိုင်ကို ထွန်းညှိလိုက်ရာ မြေအောက်ခန်းမှာ လင်းထိန်သွား၏။

အောက်တွင် အခန်းကျယ်နှစ်ခု ရှိပေသည်။ အခန်းတစ်ခုတွင်း၌ စာကလေး၏ ပစ္စည်းပစ္စယများကို တွေ့ရ ၏။

ပန်ယက နောက်တစ်ခန်းသို့ ကူးလိုက်၏။ ထိုအခန်းမှာ စာကြည့်ခန်း ဖြစ်သည်။ စာကြည့်ခန်းတွင် မွှေနှောက်ရှာဖွေလိုက်၏။

အတန်ကြာသောအခါ သူ၏မျက်နှာက ဝင်းထိန်သွား၏။ စာကလေးထံသို့ နက္ခတ်ရှစ်လုံးမှ ဆက်သွယ်သည့်စာများကို တွေ့လိုက်ရသည် မဟုတ်ပါလား။

ပန်ယက ဆက်လက်ရှာဖွေလိုက်ရာ အတန်ကြာသောအခါ သူအလိုရှိသည့် စာကလေး၏ မှတ်တမ်းစာအုပ်ကို တွေ့ရှိသွား၏။ ထိုစာအုပ်အတွင်းမှ လုံခြုံသည့်နေရာရှစ်ခု၏ လိပ်စာများကို ဆုတ်ဖြဲယူလိုက်သည်။

ထို့နောက် အပေါ်သို့ တက်လာခဲ့လေတော့သည်။

★

စာကလေးမှာ မျက်နှာအနီးကပ်ထားသော စာရွက်ကို ကြည့်ရင်း သက်ပြင်းချလိုက်သည်။ ပန်ယက မေးလိုက်၏။

"မျောက် ဘယ်မှာလဲ"

"မင်းလိုက်ရှာပေါ့"

"ဒီနေရာရှစ်ခုမှာ ရှိတယ်ဆိုတာ ကျုပ်သိပြီးသားပါ၊ အချိန်ကုန် မခံချင်လို့ မေးတာ သိဖို့ကောင်းတယ်"

"မျောက်အတွက် တစ်ရက်အသက်ရှင်လည်း မနည်းဘူး"

'ဖြန်း'

ပန်ယ၏ လက်ပြန်ရိုက်ချက်ကြောင့် စာကလေးမှာ နောက်သို့ လန်သွားသည်။ ပန်ယက စာကလေး၏ဆံပင်များကို ဆွဲကိုင်လိုက်ပြီး ...

"ပြောစမ်း"

စာကလေးက ပါးစပ်ကို ဖို၍ ဝိတ်လိုက်သည်။ ပန်ယမှာ စာကလေးအားကြည့်ရင်း ဒေါသခြောင်းခြောင်း ထွက်သွားလေတော့သည်။

★



ပန်ယ တံခါးကို ပြန်ပိတ်လိုက်သည်။

သွေးစွန်းနေသော ဓားကို ဖိနပ်နှင့်သုတ်ပြီး ဓားအိမ်အတွင်း ထိုးထည့်ကာ မြင်းလှည်းပေါ်သို့ ခပ်သွက်သွက် လှမ်းတက်လိုက်သည်။

မြင်းလှည်းက တရွေ့ရွေ့နှင့်ထွက်ခွာသွားလေသည်။

ချယ်ရီကျေးရွာနှင့် အတော်လှမ်းလှမ်းရောက်သောအခါ အခြားလမ်းတစ်ခုမှ လူတစ်ဦးက ချယ်ရီကျေးရွာသို့ လျှောက်သွားနေသည်ကို အမှတ်မထင် လှမ်းတွေ့လိုက်၏။

ပန်ယ မျက်မှောင်ကြုတ်သွား၏။

သူက ပထမ မြင်းလှည်းကို နောက်ပြန်လှည့်ရန် အမိန့်ပေးမည်ပြုပြီးမှ ပြန်ငြိမ်နေလိုက်၏။ လောလောဆယ် မျောက်ကိစ္စကို သာ ခေါင်းထဲထည့်ထားရမည် မဟုတ်ပါလား။

သူ၏ဆောင်ရွက်မှုများကို သခင်ကြီးယန့်က သဘောကျလိမ့်မည်ဟုလည်း တွက်ဆကာ မဝေးကွာလှသော အနာဂတ်ကို တွေးရင်း ကျေနပ်စွာ ပြုံးလိုက်မိလေတော့သည်။

★★★

## အခန်း (၁၃)

ရှစန်းကျင်းမှာ အိမ်ရှေ့၌ ရပ်နေ၏။

အိမ်ရှေ့တွင် ခြေရာမှိန်မှိန်တစ်ခုကို တွေ့လိုက်ရသည့်အတွက် မျက်မှောင်ကြုတ်သွား၏။

ထိုစဉ် သွေးညှီနံ့ကို ရှူရှိုက်လိုက်မိလေသည်။

ရှစန်းကျင်း မျက်နှာ ကွက်ခနဲပျက်သွားသည်။ တံခါးကို အလျင်အမြန် တွန်းဖွင့်လိုက်၏။

"ဟင်"

ကြမ်းပြင်ပေါ်တွင် စာကလေးမှာ လဲကျနေ၏။ ရှစန်းကျင်းက စာကလေးအား ပွေ့ချီလိုက်သည်။

"စာကလေး စာကလေး"

စာကလေး၏ခန္ဓာကိုယ် တစ်ချက်လှုပ်လှုပ်သွား၏။ ရှစန်းကျင်းက ဝမ်းသာသွား၏။

"စာကလေး"



စာကလေး၏မျက်လုံး တစ်ချက်ပွင့်လာသည်။

ရှစန်းကျင်းက ...

"ခင်ဗျားကို ဘယ်သူလုပ်ကြတာလဲ ... ပြောစမ်း၊ ကျုပ် ခင်ဗျားအတွက် အကြွေးပြန်တောင်းမယ်"

စာကလေး၏နှုတ်ခမ်းမှာ တဆတ်ဆတ်တုန်ခါလာသည်။ လေသံသဲ့သဲ့မျှ ထွက်ပေါ်လာ၏။

ရှစန်းကျင်းက ပါးစပ်အနီးနားကပ်ကာ နားထောင်လိုက်သည်။

"မျောက်ကိုကယ် စီးဂူးမှာ ..."

ရှစန်းကျင်းက ဆက်လက်မကြားရတော့သဖြင့် ...

"စာကလေး ဆက်ပြော"

စာကလေးက ငြိမ်သက်သွား၏။

သူသည် စာကလေး သတိလည်လာအောင် အမျိုးမျိုး ကြိုးစားလိုက်၏။ သေသူသည် မည်သို့ သတိလည်လာမည်နည်း။

ရှစန်းကျင်း၏ မျက်ဝန်းအိမ်မှ မျက်ရည်များ ယိုစီးကျလာသည်။

ရက်ပိုင်းအတွင်း သူ၏ အရင်းနှီးဆုံး မိတ်ဆွေနှစ်ဦး သူ့ရှေ့တွင် သေဆုံးခဲ့ပြီ မဟုတ်ပါလော။

စာကလေးအား လုပ်ကြံသူသည် သွေးဘီလူးပင် ဖြစ်ရမည်။

စာကလေးထံမှ နက္ခတ်ရှစ်လုံး၏ နေရာများကို သိသွားပြီလော။

ရှစန်းကျင်း၏ခန္ဓာကိုယ်မှာ တစ်ချက် တုန်ခါသွားသည်။

သူသည် သွေးဘီလူးထက် ခြေတစ်လှမ်း နောက်ကျနေ၏။ နက္ခတ်ရှစ်လုံးနှင့် သွေးဘီလူး ဆက်ဆံမှုကို တွေးမရပါ။

သို့သော် တစ်စုံတစ်ရာကို သိနေသလို ဖြစ်နေသည်။

သွေးဘီလူးသည် ရတနာသေတ္တာရှိရာ လျှို့ဝှက်သော့ကို အရယူနိုင်သည်။ ထိုသော့အကြောင်းကို နက္ခတ်ရှစ်လုံးသာ သိသည်။

သွေးဘီလူးက ထိုသော့အကြောင်း မည်သို့ သိရှိသွားပါသနည်း။ နက္ခတ်ရှစ်လုံးတွင် သစ္စာဖောက်တစ်ဦး ရှိနိုင်သည်။ နက္ခတ်ရှစ်လုံးစလုံး မဟုတ်ပါ။

သူနှင့်ဟုန်ဝိကို ဖယ်ရမည်။ ယခု စာကလေးစကားအရ မျောက်ကို ကယ်တင်ရမည်။ မျောက်လည်း မဟုတ်နိုင်ပါ။ ဖြစ်နိုင်သူ ငါးယောက်အနက် ခွေးမှာပျောက်နေသည်။

ခွေးအမည်ရှိ လျှုဝေကျိုလော။ သူမသိပါ။ သူ့အတွက် မျောက်ကိုကယ်ရန် အရေးကြီးသည် မဟုတ်ပါလော။



မျောက်ဟုဆိုသည်နှင့် မျောက်အမည်ရှိ ကျင်းအော်အား သတိရလာသည်။

ကျင်းအော်နှင့် သူတို့ တွေ့ဆုံမှုက မဆန်းကြယ်လှပါချေ။ ငွေတိုက်တစ်တိုက်ကို ဖောက်ထွင်းစဉ် ကျင်းအော်သည် သူတို့နှင့် ပူးပေါင်းပါဝင်လာခဲ့ခြင်း ဖြစ်သည်။

★

ရှစန်းကျင်းသည် စာကလေး၏အလောင်းကို ပွေ့ချီကာ အပြင်ထုတ်လာခဲ့သည်။ ခြံဝင်းအတွင်း၌ ကျင်းတစ်ခုတူးပြီး ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်လေသည်။

ထို့နောက် ချယ်ရီကျေးရွာမှ ထွက်လာခဲ့လေသည်။ ရှစန်းကျင်းမှာ ခရီးဆက်လာခဲ့ရာ ညနေစောင်းခန့်အရောက်ဝယ် သူ၏နောက်မှ တစ်စုံတစ်ယောက် ပါလာသလို ခံစားလိုက်ရ၏။

သူက နောက်လှည့်ကြည့်လိုက်သည်။ မည်သူ့ကိုမျှ မတွေ့ရ ပါ။

"ငါ စိတ်ထင်နေလို့ ဖြစ်မှာပါ၊ ငါ အရမ်းပင်ပန်းနေပြီ၊ ငါ အနားယူမယ်၊ ဒါပေမဲ့ မျောက်ကို ကယ်တင်ဖို့ အရေးကြီးသေးတယ်"

သူ တွေးရင်း ဆက်လာခဲ့သည်။ ခရီးကြမ်းနှင်လာခဲ့သောကြောင့် သူ၏ခြေလက်များက လေးလံနေသလို ခံစားနေရ၏။ ညကလည်း တဖြည်းဖြည်း မှောင်စပျိုးလာသည်။

ထိုစဉ် အရှေ့ဘက်၌ ဘုံကျောင်းပျက်တစ်ခုကို တွေ့လိုက်ရလေသည်။ ရှစန်းကျင်းက ဘုံကျောင်းပျက်အတွင်း ခေတ္တနားရန် ဆုံးဖြတ်လိုက်ပြီး အတွင်းသို့ ဝင်လာခဲ့လေသည်။

ထိုကျောင်းမှာ အတော်ပင် ယိုယွင်းနေပြီဖြစ်၏။ ကြမ်းခင်းများပင် အချို့နေရာ၌ ကျိုးပဲ့နေ၏။

ရှစန်းကျင်းက ကြမ်းပြင်ကို လှည်းကျင်းပြီးထိုင်ကာ အမောဖြေလိုက်၏။ ထိုစဉ် အက်ကွဲသောအသံကို ကြားလိုက်ရလေသည်။

"ငါ့နားရွက် ပြန်ပေး"

"ငါ့ခြေထောက် ပြန်ပေး"

"ငါ့လက် ပြန်ပေး"

အသံကား လေးဖက်လေးတန်မှ ထွက်ပေါ်လာ၏။ ရှစန်းကျင်းမှာ ကျောချမ်းသွားလေသည်။ ဓားကိုလည်း တင်းကျပ်စွာ ဆုပ်ထားလိုက်၏။

"ဘယ်သူလဲ"

ထိုစဉ် ဘုံကျောင်းတွင်းမှ လူတစ်ယောက် လှမ်းထွက်လာ



လေသည်။ ရှစန်းကျင်းက ထိုလူအား မြင်မြင်ချင်း မှတ်မိလိုက်၏။

"ကျောက်တ"

"မင်း မှတ်မိသားပဲ"

ရှစန်းကျင်းက ...

"မင်းအဖော်တွေ ခေါ်လိုက်ပါဦး"

သူ့စကားအဆုံးတွင် လူ (၂) ဦး ထွက်လာ၏။

"ဝါအင်းနဲ့ ချိုင်းထောက်ပါလား"

ဝါအင်းက ...

"ရှစန်းကျင်း ... တစ်နေ့ မင်း အကြွေးပြန်ဆပ်ရလိမ့်မယ်"

ရှစန်းကျင်းက သက်ပြင်းချလိုက်၏။ တိုက်ပွဲကို ရှောင်လွှဲ၍ မရတော့ကြောင်း ကောင်းစွာ သဘောပေါက်လိုက်၏။

ထို (၃) ယောက်သည် သူ့အား ရင်ဆိုင်ဝံ့သူများ မဟုတ်ကြပါ။ ယခုမှ ပူးပေါင်း၍ ရင်ဆိုင်လာပြီ ဖြစ်၏။

ရှစန်းကျင်းက ဓားကို ဆွဲထုတ်လိုက်၏။

"ဘယ်သူ အရင်လာမလဲ"

ဝါအင်းက ရယ်မောလိုက်၏။

"ခွင့်လွှတ်ပါဗျာ ... ကျုပ်တို့က အင်္ဂါမစုံတော့ ခင်ဗျားနဲ့ တစ်ယောက်ချင်း မယှဉ်နိုင်ဘူး"

"ကောင်းပြီလေ ... အားလုံးလာတော့လည်း မြန်မြန်အေးတာပေါ့"

ဝါအင်းက မျက်ရိပ်ပြလိုက်၏။ ချိုင်းထောက်က သူ၏ ချိုင်းထောက်ကို ဇွေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။ ကျောက်တကလည်း ဓားကိုထုတ်ကာ ပူးပေါင်းတိုက်ခိုက်လိုက်၏။

ရှစန်းကျင်းက ဓားကို ဇွေ့ယမ်းကာ တရကြမ်း တိုက်ခိုက်လိုက်လေတော့သည်။

★

တိုက်ပွဲမှာ ပြင်းထန်စွာ ဖြစ်ပွားနေ၏။ ဝါအင်းမှာ စိတ်လောနေ၏။ သူတို့ (၃) ယောက် ပေါင်း၍ တိုက်ခိုက်သော်လည်း အနိုင်မရနိုင်ဘဲ ဖြစ်နေ၏။

သူတို့သည် တိတ်တဆိတ် ချောင်းမြောင်းလုပ်ကြံမည့် အော်ပိုးကို စောင့်မျှော်နေမိ၏။ အော်ပိုးကသာ အချိန်မီတိုက်ခိုက်လျှင် ရှစန်းကျင်း မလွဲမသွေ ရှုံးနိမ့်ရမည်ဟု တွက်ဆထားသည်။

အော်ပိုးကလည်း ရှစန်းကျင်းအား မှေ့ဆေးအပ်ကလေးများဖြင့် ပစ်ခတ်ရန် ချောင်းမြောင်းနေ၏။



သို့သော် သူ ပစ်၍မဖြစ်ပါ။ အကြောင်းမှာ သူ့အနီးသို့ လူတစ်ယောက် ချဉ်းကပ်လာသည်ကို သိလိုက်ရသောကြောင့်ဖြစ်၏။

ရှစန်းကျင်းကို တိုက်ခိုက်သည်နှင့် ထိုလူကလည်း သူ့အား တိုက်ခိုက်မည်ဟု တွေးမိလိုက်၏။

အော်ပိုးက သက်ပြင်းချလိုက်၏။

"ရှစန်းကျင်းက အဖော်ပါလာတာကိုး"

သူ မစွန့်စားရဲတော့ပါ။ အမှောင်ထုအတွင်း အသာနောက်ဆုတ်သွားလေတော့သည်။ ထိုအခါမှ အမှောင်ထဲမှလူရိပ်က ဘုံကျောင်းအတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်သွားလေသည်။

"ဟောဗျ"

သူသည် အတွင်းရောက်သည်နှင့် အံ့ဩစွာ ရေရွတ်လိုက်၏။ ဝါအင်းတို့လူစုလည်း နောက်ထပ်လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့သောအခါ ထိတ်လန့်သွား၏။

ရှစန်းကျင်းက ဝင်လာသူအား ကြည့်လိုက်၏။ သူ့အား တစ်ကြိမ် ကူညီခဲ့သည့်လူရွယ် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။ လူရွယ်က ...

"ခင်ဗျားက သွားလေရာ အရာရာနဲ့အကြောင်းကြောင်း ဗျည်းပါလား"

ဟုပြောပြီး ဝါအင်းတို့လူစုအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ လူငယ် ဝင်ရောက်လာသောအခါ တိုက်ပွဲမှာ လျင်မြန်စွာ အဖြေပေါ်သွား၏။

ဝါအင်းတို့လူစုမှာ ဒဏ်ရာကိုယ်စီရပြီး ရှုံးနိမ့်သွားကြလေတော့သည်။ လူငယ်က ...

“ဒီလူတွေကရော ခင်ဗျားနဲ့မသိတဲ့လူတွေပဲလား”

ရှစန်းကျင်းက သက်ပြင်းချလိုက်၏။

“သိပါတယ်”

သူက ဝါအင်းအား ကြည့်လိုက်၏။

“မင်းတို့ဟာ သေသင့်တဲ့လူတွေပဲ၊ ဒါပေမဲ့ မင်းတို့ကို မသတ်တော့ပါဘူး”

ဝါအင်းက အံ့ဩသွား၏။

“ခင်ဗျား တကယ်ပြောတာလား”

ရှစန်းကျင်းက ခေါင်းညိတ်လိုက်၏။

“ဒါနဲ့ မှောင်ရိပ်ထဲကလူ ဘယ်သူလဲ”

လူငယ်မှာ ရင်ထိတ်သွား၏။ ရှစန်းကျင်းသည် အမှောင်တွင်း၌ လူတစ်ယောက်ရှိနေသည်ကို ရိပ်မိခဲ့၏။ အလွန်ပါးနပ်လှကြောင်း သိလိုက်၏။ ဝါအင်းက ပြန်ဖြေသည်။



“အော်ပိုး”

“အပြုံးမဲ့ အော်ပိုးလား”

ဝါအင်း ခေါင်းညိတ်လိုက်၏။

“သူက ကျုပ်တို့ကို ကူညီမယ်ဆိုလို့ပါ”

ရှစန်းကျင်းက မဲ့ပြုံး ပြုံးလိုက်၏။ ဝါအင်းက ...

“ကျုပ်တို့ သွားလို့ရပြီလား”

“ကျုပ်ရဲ့မေးခွန်းတစ်ခု ဖြေပြီးရင် သွားလို့ရပါပြီ”

“ဘာများလဲ”

“အော်ပိုးက ဘယ်သူ့အတွက် အလုပ်လုပ်ပေးနေသလဲ”

ဝါအင်းက ပခုံးတွန့်လိုက်၏။

“ဒါတော့ မသိဘူးဗျ”

ဝါအင်း အမှန်ပြောနေကြောင်း ရှစန်းကျင်း သိလိုက်၏။ ထို့ကြောင့် ဘာမျှဆက်မမေးတော့ပါ။ ဝါအင်းတို့လူစုမှာ တစ်ယောက်ကိုတစ်ယောက်တွဲကာ ထွက်ခွာသွားကြလေသည်။

ရှစန်းကျင်းက လူငယ်အား စိုက်ကြည့်လိုက်၏။ လူငယ်က ...

“ကျုပ်က ဆင့်လျန်ပါ၊ ခင်ဗျားနဲ့ မိတ်ဆွေဖြစ်နိုင်မလား”

ရှစန်းကျင်းက သက်ပြင်းချလိုက်၏။

"ခင်ဗျားရဲ့ကျေးဇူးကို ကျုပ် မမေ့ပါဘူး။ ဒါပေမဲ့ ကျုပ်နဲ့ မိတ်ဆွေမဖြစ်ချင်ပါနဲ့"

"ဘာဖြစ်လို့လဲ"

ရှစန်းကျင်းက လက်နှစ်ဖက်ဆုပ်လိုက်၏။

"ကျုပ်နဲ့မိတ်ဆွေဖြစ်သွားရင် ခင်ဗျား အန္တရာယ်များမှာ စိုးလို့ပါ"

"အန္တရာယ် ... ဟုတ်လား၊ ကျုပ်က အန္တရာယ်ကိုမှုတဲ့လူ မဟုတ်ဘူးဗျ၊ ကဲ မိတ်ဆွေဖွဲ့တဲ့ အထိမ်းအမှတ်ပွဲ ကျင်းပရအောင်"

ရှစန်းကျင်းက ...

"ဒီမှာ ဘာမှမရှိဘူးဗျ"

"ကျုပ်မှာ အကုန်ရှိပါတယ်"

ဆင့်လျန်က ပြောရင်း အဝတ်အိတ်ထဲမှ ကြက်ကြော်နှင့် အရက်အိုးကို ထုတ်ယူလိုက်၏။ ထို့နောက် ငွေဆံထိုးနှင့် အရက်၊ ကြက်ကြော်တို့အား အဆိပ် ရှိ မရှိ စမ်းသပ်ပြလိုက်၏။

ရှစန်းကျင်းက ...

"မလိုပါဘူးဗျာ ... မိတ်ဆွေတိုက်တာဆိုရင် အရက်ထဲမှာ အဆိပ်ပါလည်း ကျုပ်က သောက်ဝံ့ပါတယ်"

ဆင့်လျန်က သဘောကျစွာ ရယ်မောလိုက်လေသည်။ ထို့



နောက် နှစ်ယောက်သား အားရပါးရ စားသောက်လိုက်ကြ၏။

စားသောက်ပြီးသည့်အခါ ရှစန်းကျင်းက ကောင်းကင်ကို တစ်ချက် မော့ကြည့်လိုက်၏။

"အင်း ... ဒီညတော့ ဒီမှာပဲနားမှထင်တယ်"

"ဒီမှာမနားဘဲ ခင်ဗျားက ဘယ်သွားမလို့လဲဗျ"

"ကျုပ် စီးပူးကို အရေးတကြီး သွားစရာရှိလို့ပါ"

ဆင့်လျန်က ...

"ဟာ ... အတော်ပဲ၊ ကျုပ်လည်း စီးပူးရေကန်ကို သွားကြည့်မလို့ဗျ၊ ကျုပ်တို့ အတူတူသွားကြတာပေါ့"

ရှစန်းကျင်းက ပါးစပ်ပိတ်ထားလိုက်၏။ သူသည် ကြမ်းပြင်ကို လှည်းကျင်းပြီးနောက် လဲလျောင်းအိပ်စက် အနားယူလိုက်လေတော့သည်။

★

ရှစန်းကျင်း နိုးလာသောအခါ အမှောင်မပျောက်သေး။ မကြာမီ အရုဏ်တက်တော့မည် ဖြစ်၏။
ရှစန်းကျင်းက နံဘေးသို့ အသာ အကဲခတ်ကြည့်လိုက်၏။

ဆင့်လျှန်မှာ တစ်ဖက်စောင်းကာ အိပ်ပျော်နေ၏။

ရှစန်းကျင်းမှာ အိပ်ရာမှ အသာထလိုက်၏။ သူက ဆင့်လျှန်အား ထားခဲ့ရန် စဉ်းစားလိုက်၏။

သူ၏ခရီးသည် အန္တရာယ် ထူပြောလွန်းလှ၏။ သူ့အတွက်နှင့် မည်သူ့ကိုမျှ ဒုက္ခမရောက်စေလိုပါ။ ထို့ကြောင့် ဆင့်လျှန်အား စိတ်တွင်းမှ တောင်းပန်ကာ ဘုံကျောင်းပျက်အတွင်းမှ အသာ လျှို ထွက်လာခဲ့လေသည်။

ကိုယ်ဖော့ပညာကို အသုံးပြု ပြေးလွှားလာခဲ့ရာ တဖြည်းဖြည်း ကောင်းကင်မှာ လင်းလာ၏။ ခရီးလည်း အတော်ပေါက်လာခဲ့၏။

ရှစန်းကျင်းက ပြေးလွှားလာသောအရှိန်ကို လျှော့ချလိုက်သည်။ ထိုစဉ် သူ၏ရှေ့ဘက်လှမ်းလှမ်းတွင် ရွာကလေးတစ်ရွာကို တွေ့လိုက်ရလေသည်။

ရှစန်းကျင်းက ဝမ်းသာသွား၏။ ရွာရှိလျှင် မြင်းရှိပေမည်။ သူက မြင်းနှင့်ခရီးသွားရန် စိတ်ကူးပြီး ရွာကလေးဆီသို့ ဆက်လျှောက်လာ၏။

ရွာအနီးအရောက် သစ်ပင်ကြီးတစ်ပင်အောက်ဝယ် မြင်းနှစ်ကောင် ချည်ထားသည်ကို တွေ့လိုက်ရ၏။ မြင်းနှစ်ကောင်သည်



ထွားကျိုင်းလှ၏။ မွန်ဂိုမြင်းကောင်းများဖြစ်ကြောင်း ချက်ချင်း သိလိုက်၏။

သူသည် မြင်းပိုင်ရှင်အား ရှာဖွေလိုက်သည်။ မတွေ့ရပါ။ ထိုစဉ် သစ်ပင်ပေါ်မှ လူရိပ်တစ်ရိပ် မြင်းကျောပေါ်သို့ ကျရောက်လာလေသည်။

ရှစန်းကျင်း လှမ်းကြည့်လိုက်ရာ ...

"ဟင် ... ဆင့်လျှန်"

ဆင့်လျှန်က သူ့အား ပြုံးကြည့်နေသည်။ သူက ဆင့်လျှန်အား ထားခဲ့သော်လည်း ဆင့်လျှန်က သူ့ထက်ကြိုတင် ရှေ့သို့ရောက်နေသည်။ ဆင့်လျှန်က ...

"မြင်းပေါ်တက်၊ စီးဝူးကို လမ်းလျှောက်သွားနေလို့ ဘယ်ဖြစ်မှာလဲ"

ရှစန်းကျင်း ဘာမျှ မပြောပါ။ မြင်းကို ကြိုးဖြုတ်ပြီး ခုန်တက်ကာ မောင်းနှင်လိုက်လေသည်။ မြင်းနှစ်ကောင်မှာ လမ်းအတိုင်း ရင်ပေါင်တန်းလျက် အသော့နှင်သွားကြလေတော့၏။

★

နံနက်ခင်း ထွက်ပေါ်လာစ နေရောင်အောက်ဝယ် စီးပွားရေကန်မှာ သဘာဝပန်းချီကားတစ်ချပ်အလား လှပနေသည်။ ရေကန်ထဲတွင် အရိပ်နှစ်ခု ထင်လာသည်။

ဆင့်လျှန်နှင့် ရှစန်းကျင်းတို့ပင်။ ဆင့်လျှန်က ...

"နောင်ကြီး ... ကြည့်စမ်း၊ ဒါကြောင့်လည်း စီးပွားကန်ကနာမည်ကြီးတာကိုး၊ မြင်ရတဲ့ရှုခင်းက စိတ်ကို အလွန်ချမ်းမြေ့စရာကောင်းတာပဲ"

ရှစန်းကျင်းက စိတ်မဝင်စားပါ။ သူက ဆင့်လျှန်ဘက်လှည့်ကာ ...

"ကဲ ... ခင်ဗျား ဒီမှာ ရှုခင်းတွေကြည့်နေဦး၊ ကျုပ် ချက်ချင်းပြန်လာခဲ့မယ်"

ဆင့်လျှန်က မျက်မှောင်ကြုတ်သွား၏။

"ဘယ်သွားမှာလဲ၊ ကျုပ်လည်းလိုက်မယ်"

ရှစန်းကျင်းမှာ ခေါင်းကုတ်သွားသည်။ ဆင့်လျှန်အား ခေါ်သင့် မခေါ်သင့် စဉ်းစားလိုက်၏။ နောက်ဆုံး သူက ဆင့်လျှန်အားခေါ်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

★★★



## အခန်း (၁၄)

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာ၏။

အခန်းတွင်းရှိလူ၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားသည်။ ထိုလူမှာ အသက် (၃၀) ကျော် မျှသာ ရှိသည်။ သူ၏မျက်နှာမှာ ချောင်ကျနေသည်။

ထိုအခါ သူ၏ရုပ်မှာ မျောက်နှင့် ပို၍တူလာလေသည်။ သူ၏ လက်ချောင်းကလေးများသည် ပိန်လှီလှပေသည်။

သူသည် တစ်ချိန်က နက္ခတ်ရှစ်လုံးမှ မျောက်နက္ခတ် ကျင်းအော်ဆိုလျှင် ယုံနိုင်ရန် ခဲယဉ်းလှပေသည်။

သူ့ဆံပင်များက ရှုပ်ပွနေသည်။ နေ့၊ ညမပြတ် အရက်သောက်နေသည့်အတွက် မျက်လုံးများက အရောင်မဲ့နေသည်။

သူ ဤနေရာသို့ ရောက်ရှိသည်မှာ လေးလတိတိရှိပြီဖြစ်၏။

ဤနေရာတွင် ရိက္ခာအပြည့်အဝရှိသည်။

ထို့ကြောင့် သူ အပြင်ကို လုံးဝမထွက်ပါ။ အပြင်မှလည်း မည်သည့်ဧည့်သည်မှ ရောက်မလာပါ။

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံ အချက်ပြသံသဖွယ် ဆက်၍ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

ထိုစဉ် တံခါးအောက်ခြေမှ အရာတစ်ခု တိုးဝင်လာသည်။ ကျင်းအော် မျက်လုံးပြူးသွားသည်။ သူ၏မျက်လုံးများ တဖြည်းဖြည်း အရောင်တောက်ပလာသည်။

သူ၏မျက်နှာမှာလည်း ဝင်းပသွားလေသည်။ ထို့နောက် ကျွမ်းတစ်ပတ်ပစ်လိုက်ရာ တံခါးဆီသို့ ရောက်ရှိသွား၏။ တံခါးဖွင့်ပြီး ဝင်လာသူကို သိုင်းဖက်ကာ ဆီးကြိုလိုက်၏။

သူ၏မျက်နှာတွင် ဝမ်းသာမှုက အထင်းသားပေါ်လွင်နေသည်။

"မင်း ဘယ်လိုရောက်လာတာလဲ"

"စာကလေးပြောလို့"

"ကျန်တဲ့လူတွေရော အဆက်အသွယ်ရသလား"

ထိုလူက ...



"မရသေးဘူး၊ ဒါထက် လိပ်ပြာ ဘယ်မှာလဲ"

ကျင်းအော်က တစ်ချက်စဉ်းစားလိုက်သည်။

"လိပ်ပြာက စာကလေးဆီကို သွားခဲ့တာပဲ"

"စာကလေးက မပြောဘူးကွ"

ကျင်းအော်က ...

"လိပ်ပြာ တစ်ခါပြောဖူးတယ်၊ သူ့မှာ နေစရာတစ်ခုရှိတယ်တဲ့"

"ဘယ်မှာလဲ"

"မေ့နေတယ်"

"စဉ်းစားပါဦး ... သူ့ကို တို့တွေ့မှဖြစ်မယ်"

ကျင်းအော်က အရက်ကိုငှဲ့ကာ ထည့်ပေးလိုက်သည်။ သူကိုယ်တိုင်လည်း တစ်ခွက် ထည့်သောက်လိုက်သည်။ ထိုလူက ...

"ကျန်တဲ့လူတွေကော မင်း ဘာသတင်းကြားလဲ"

ကျင်းအော်က ခေါင်းယမ်းလိုက်သည်။

"ဒါထက် သွေးဘီလူးကို သိပြီလား"

"သိပြီ"

ကျင်းအော်၏မျက်လုံးများ တောက်ပသွား၏။

"ဘယ်သူလဲ"

"တို့ လူစုံမှ ပြောမယ်"

"ဘာဖြစ်လို့လဲ"

"မင်းတို့ စိတ်မထိန်းနိုင်မှာစိုးလို့"

ကျင်းအော်က အံကြိတ်လိုက်သည်။ ထိုလူက ...

"လိပ်ပြာရှိမယ့်နေရာကို စဉ်းစားပါဦး"

ကျင်းအော်က ခေါင်းကုတ်ကာ စဉ်းစားလိုက်သည်။ အတန်ကြာမှ ...

"လိပ်ပြာ တစ်ခါပြောဖူးတယ် ... သူ့အိမ်ရှေ့မှာ ရောင်စုံပန်းခင်းရှိတယ်၊ ကျောက်ဖြူနဲ့ထုထားတဲ့ နတ်သမီးရုပ်ကလေးတွေရှိတယ်၊ စမ်းချောင်းလေးက သူ့အိမ်ကို ကွေ့ပတ်စီးနေတယ်၊ စမ်းချောင်းက လှေကလေးနဲ့သွားရင် စီးဝူးရေကန်ကို ပြန်ရောက်တယ်တဲ့"

ထိုလူ မျက်မှောင်ကြုတ်သွားသည်။ ကျင်းအော်က ...

"အဲဒါ ဘယ်နေရာလဲ ... မင်းသိသလား"

ထိုလူက ခေါင်းခါလိုက်သည်။

"မသိဘူး ... ဒါပေမဲ့ ဒီနားတစ်ဝိုက်ပဲပေါ့"

"ဖြစ်နိုင်တယ်"

ထိုလူ ကျေနပ်စွာ ပြုံးလိုက်သည်။



"ဒါထက် မင်း သော့ကို သေသေချာချာသိမ်းထားရဲ့လား"

"သိမ်းထားတယ်"

"ကျုပ်ကိုပြပါဦး၊ တော်ကြာ ပျောက်နေဦးမယ်"

ကျင်းအော်က ရယ်မောလိုက်သည်။

"သော့က ကျုပ် ကိုယ်နဲ့မကွာ အမြဲထားပါတယ်"

သူက ပြောရင်း လည်ပင်းတွင်ချိတ်ထားသော သော့ကို ပြလိုက်သည်။

"မင်းကော ဘယ်လိုထားသလဲ"

ထိုလူက ရယ်မောရင်း ...

"ကျုပ်လည်း မင်းလိုပဲဗျ"

သူက ဆွဲကြိုးကို ဖြုတ်ပြလိုက်သည်။ သူ၏ဆွဲကြိုးတွင် သော့ငါးချောင်း ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ကျင်းအော် မျက်မှောင်ကြုတ်သွားသည်။

"သော့ငါးချောင်းပါလား"

ထိုလူက ...

"မင်းနဲ့ဆိုရင် ခြောက်ချောင်းရှိပြီပေါ့"

သူသည် ပြောရင်း လျှပ်တစ်ပြက် ဓားကိုဆွဲထုတ်ကာ ကျင်းအော်၏ရင်ဝသို့ ထိုးသွင်းလိုက်လေ၏။ ကျင်းအော်၏မျက်နှာပေါ်

တွင် မယုံကြည်နိုင်သော ဒုခရိပ်လက္ခဏာများ ပေါ်လာသည်။

"မင်း ... မင်း ..."

ထိုလူက ရယ်မောလိုက်သည်။

"နောက်နှစ်ပေါင်းများစွာ ချောင်းရရင် ကျုပ်အတွက် ပြည့်စုံသွားပြီ၊ သွေးဘီလူး ဘယ်သူလဲဆိုတာ မင်းသိပြီပေါ့"

ကျင်းဒေါက် ဘာမျှ မပြောနိုင်တော့ပါ။ ထိုလူ၏ဓားချက်က အသက်ကို နုတ်ယူသွားခဲ့ပြီ မဟုတ်ပါလား။

★

ရှစန်းကျင်းသည် ဆင့်လျှံနှင့်အတူ လျှောက်လာနေ၏။ ဆင့်လျှံက ...

"ခင်ဗျား ဘယ်အထိ လျှောက်မှာလဲ"

"ကျုပ်သွားရမယ့်နေရာ စဉ်းစားနေတာ"

"ခင်ဗျားမသိဘူးလား"

ရှစန်းကျင်းက ...

"လွန်ခဲ့တဲ့ (၇) နှစ်လောက်က ပြောခဲ့တဲ့စကားကို စဉ်းစားပြီး ရှာနေတာဗျ"



ဆင့်လျှံ အံ့ဩသွား၏။

"ခင်ဗျား အဲဒီကို ဘာသွားလုပ်မှာလဲ"

"အဲဒီမှာ ကျုပ်မိတ်ဆွေရှိတယ်၊ သူ့ အန္တရာယ်မတွေ့ခင် သတိပေးဖို့ပဲ"

ရှစမ်းကျင်းသည် ခေါင်းကို ပြင်းထန်စွာ အလုပ်ပေးလိုက်၏။

"ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"စီးဝူးရဲ့ မြောက်ဘက်၊ ကျောက်ခြသေ့်တဲ့"

"ကျောက်ခြသေ့် ... ဟုတ်လား"

"ဟုတ်လား"

"ဒါဆို ကျုပ်သိတယ် ... လာ"

ဆင့်လျှံက ရှေ့မှဦးဆောင်ကာ ထွက်သွားလေတော့သည်။

★

"တောက်"

ခံပြင်းစွာဖြင့် တောက်ခေါက်သံထွက်ပေါ်လာ၏။ ရှစ်နံ့းကျင်း၏ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာလေသည်။

သူ မျက်ရည်ကျရသည်မှာ နှစ်ကြိမ်ရှိပြီဖြစ်၏။

သူ၏အဖော်များ တစ်ဦးပြီးတစ်ဦး သေဆုံးသွားကြပြီ မဟုတ်ပါလား။ ရန်သူကို မသိပါ။ ရန်သူကမူ သူတို့အား သိရှိပြီး အမှည့်ခြွေ ခြွေနေပြီ မဟုတ်ပါလား။

ရန်သူကို သူ မည်သို့ ရင်ဆိုင်ရမည်နည်း။

သူသည် တွေးရင်း မျက်ရည်များ ပို၍ စီးကျလာ၏။

သူက မျောက်ကျင်းအော်အား ကယ်တင်ရန် အချိန်မီလာခဲ့၏။ သို့သော် ယခုတစ်ကြိမ်လည်း ရန်သူက သူ့ထက် ခြေတစ်လှမ်း ဦးနေပေသည်။

ထိုအခိုက် ဆင့်လျန်၏အသံ ထွက်ပေါ်လာ၏။

"အသတ်ခံရတာ မနက်ပိုင်းလောက်ကဗျ၊ ကျုပ်တို့ စီးဟူးကို ရောက်တဲ့အချိန်မှာပဲ သူ အသတ်ခံလိုက်ရတာ"

ရှစ်နံ့းကျင်းက ပါးစပ်ပိတ်ထား၏။ ဆင့်လျန်က ...

"သူဟာ ရန်သူက သူ့ကိုသတ်မယ်လို့ မထင်ခဲ့ဘူး၊ ဒါကြောင့် အရက်နဲ့ ညှော်ခံခဲ့တယ်"

ရှစ်နံ့းကျင်းက ဆင့်လျန်အား မော့ကြည့်လိုက်၏။ ဆင့်လျန်



က အလောင်းကို စေ့စေ့စပ်စပ်ကြည့်ရင်း ဆက်ပြောလိုက်ပြန်၏။

"သေသူရဲ့မျက်နှာကိုကြည့် ... မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ဟန် မပျောက်ဘူး"

"မင်း ဆိုလိုတာက"

ဆင့်လျန်က ...

"သူ့ကိုသတ်တဲ့လူဟာ သူ့ရဲ့မိတ်ဆွေပဲ"

"ဘာ"

"ရှင်းပါတယ် ... သူဟာ သေတဲ့အထိ သူ အသတ်ခံရမယ်လို့ မယုံကြည်ခဲ့ဘူးဗျ"

ရှစ်နံ့းကျင်းက ...

"မင်းက အကဲခတ်တော်လှချည်လား"

"ကျုပ်က ငယ်ငယ်က အာဏာသားခေါင်းဆောင်စာမေးပွဲဝင်ဖြေဖို့ လေ့ကျင့်ဖူးတယ်ဗျ"

ရှစ်နံ့းကျင်းက သက်ပြင်းချလိုက်၏။ ဆင့်လျန်က ...

"ခင်ဗျားမိတ်ဆွေကို ဘယ်သူသတ်တယ်ဆိုတာ ခင်ဗျားသိသလား"

"သွေးဘီလူးလို့ ပြောရမှာပဲ"

ဆင့်လျန်က မျက်မှောင်ကြုတ်သွား၏။

"သွေးဘီလူး … ဟုတ်လား၊ သူက ဘယ်သူလဲ"

ရှစ်နှင်းကျင်းက ပခုံးတွန့်လိုက်သည်။

"ကျုပ်မသိဘူး၊ သွေးဘီလူးဆိုတာ ကျုပ် တစ်ခါမှ မကြားခဲ့ဘူးဗျ"

"ဒါပေမဲ့ ခင်ဗျား အခု သိလိုက်ပြီပဲ"

"ဘာသိတာလဲ"

ဆင့်လျှန်က …

"သွေးဘီလူးဟာ သူ့ရဲ့မိတ်ဆွေဆိုတာလေ"

ရှစ်နှင်းကျင်းက ခေါင်းအသာညိတ်လိုက်သည်။ ဆင့်လျှန်က

"ခင်ဗျားကိုကြည့်ရတာ တစ်မျိုးပဲ၊ ခင်ဗျားတို့ ဘာပြဿနာများ ရင်ဆိုင်နေရသလဲ"

ရှစ်နှင်းကျင်းမှာ ဆင့်လျှန်အား ပြောပြချင်စိတ်များ ပေါ်ပေါက်လာလေသည်။

သို့သော် ဆင့်လျှန်သည် ကြောမီကမှ သိကျွမ်းခဲ့သူဖြစ်၏။ မည်သည့်အတိုင်းအတာအထိ ယုံကြည်ရမည်ဆိုသည်ကို သူမသိပါ။

လူတစ်ယောက်အား အကြွင်းမဲ့ မယုံကြည်ရဲသည်မှာ ဝံပုလွေအမည်ရှိ သူ၏အကျင့်ပင်။

ရှစ်နှင်းကျင်းက အိမ်ပြင်သို့ ထွက်လာခဲ့သည်။



နေရာကောင်းတစ်ခု ရှာဖွေကာ ခေါးနှင့်မြေကို တူးလိုက်လေသည်။ ထို့နောက် မျောက်ကျင်းအော်အား မြေကျင်းသို့ အသာအယာ ချလိုက်သည်။

ကျင်းအော်အား မြေဖြူပ်ရင်း သူ၏ရင်ထဲမှ ထိခိုက်မှုများကို ထိန်းချုပ်နေလိုက်သည်။ မျောက်ကျင်းအော်နှင့် လက်တွဲခဲ့ပုံများကို ပြန်လည်မြင်ယောင်လာမိသည်။

မျောက် ကျင်းအော်သည် လူငယ်တစ်ဦးဖြစ်သလို အစအနောက်သန်သူတစ်ယောက်လည်း ဖြစ်သည်။

စိတ်ကြမ်း ကိုယ်ကြမ်းများဖြင့် ဖွဲ့စည်းထားသော နက္ခတ်ရှစ်လုံးတွင် မျောက် ကျင်းအော်က တစ်ဘာသာဖြစ်သည်။

သူသည် တစ်ကြိမ်တစ်ခါမျှ လူမသတ်ပါ။ ရန်သူနှင့် ရင်ဆိုင်လျှင်လည်း မည်သည့်အခါမဆို မသတ်ဘဲ ထားရစ်ခဲ့လေ့ရှိသည်။ အားလုံးထဲတွင် စိတ်နှလုံး နူးညံ့သူဟု ဆိုရပေမည်။

မျောက် ကျင်းအော်မှာ သူတို့ကဲ့သို့ ဘဝကြမ်းမှ လာသူ မဟုတ်ပါ။ သိုင်းပညာပြပွဲဖြင့် အေးချမ်းစွာနေခဲ့သည်။

သူတို့နှင့်ပေါင်းမိပြီး စွန့်စားပျော်ရွှင်လိုသောစိတ်ကြောင့်သာ ဒုစရိုက်နယ်တွင်းသို့ ရောက်ရှိခဲ့သည် မဟုတ်ပါလား။

ရှစ်နှင်းကျင်းသည် မဆီမဆိုင် ချင်းကျဲ့ကျဲ့ကို သတိရလာ၏။

ရှစန်းကျင်း၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွား၏။

ချင်းကျဲ့ကျဲ့ အကြောင်းကို ချက်ချင်း ခေါင်းထဲမှ ဒေါ်ထုတ်ပြီး မတ်တတ်ရပ်လိုက်သည်။

ထို့နောက် အိမ်ကလေးထဲသို့ ပြန်ဝင်လာခဲ့လေသည်။ အိမ်ထဲ၌ ဆင့်လျှန်က စားသောက်ဖွယ်ရာများ အသင့်ပြင်ထားသည်ကို တွေ့လိုက်ရသည်။

"စားသောက် အနားယူပြီးမှ ခင်ဗျား ဘာဆက်လုပ်မလဲ တွေးပါ"

ဆင့်လျှန်က ပြောလိုက်သည်။ ရှစန်းကျင်းက ....

"ကျုပ် ဘာမှလုပ်စရာ မရှိတော့ဘူး"

"သေချာရဲ့လား"

"ကျုပ် သူ့ကို ရန်သူ့အန္တရာယ်သတိပေးဖို့လာခဲ့တာ နောက်ကျသွားပြီပဲ၊ ဘာမှလုပ်စရာ မရှိတော့ဘူးလေ"

ဆင့်လျှန်က ...

"တခြားနက္ခတ်တွေ မရှာတော့ဘူးလား"

ရှစန်းကျင်း၏မျက်ခုံးမှာ အပေါ်သို့ ခုန်တက်သွား၏။ လူကလည်း ရုတ်ခြည်း ထရပ်လိုက်၏။ သူ၏လက်ထဲတွင် ဓားကလည်း အဆင်သင့်။



ဆင့်လျှန်က ကြောင်သွားသည်။

"ခင်ဗျား ဘာဖြစ်သွားတာလဲ"

"မင်း ဘယ်သူလဲ"

"ဆင့်လျှန်လေဗျာ"

"မဟုတ်ဘူး ... မင်း ကျုပ်တို့ကို နဂိုတည်းက သိကျွမ်းနေတယ် မဟုတ်လား"

ဆင့်လျှန်က ပြုံးလိုက်၏။

"ဩော် ... ခင်ဗျားက အထင်လွဲနေတာကိုး၊ ကျုပ် ဒီကိုရောက်မှ ခင်ဗျားတို့ဟာ နက္ခတ်ရှစ်လုံးမှန်း သိလိုက်ရတာပါ"

"မင်း လိမ်နေတယ်"

ဆင့်လျှန်က စာအုပ်တစ်အုပ်ကို ထုတ်ပေးလိုက်၏။

"ရော့ ... မျောက်ရဲ့မှတ်တမ်း"

ရှစန်းကျင်း၏ဓားကိုင်လက်များ ပျော့ကျသွား၏။ သူသည် အရှပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

"ကျုပ် မှားသွားတယ်"

"ကိစ္စမရှိပါဘူး"

ရှစန်းကျင်းက ဓားကို ပြန်သိမ်းလိုက်ပြီး ...

"ကျုပ် ဘယ်သူ့မှ အရမ်းမယုံကြည်နိုင်တာကို ခွင့်လွှတ်ပါ"

"ကျုပ် နားလည်ပါတယ်၊ ခင်ဗျား အကူအညီလိုနေပြီ ထင်တယ်"

ရှစ်နန်းကျင်းက ခေါင်းခါလိုက်သည်။

"ကိစ္စမရှိဘူး ... ကျုပ် အကူအညီ မလိုပါဘူး"

ဆင့်လျန်က ...

"ခင်ဗျား ပင်ပန်းနေပြီ၊ တစ်ယောက်တည်းနဲ့ မမြင်ရတဲ့ ရန်သူကို ဘယ်လိုရင်ဆိုင်မှာလဲ၊ ခင်ဗျားသိသလောက် ကျုပ်ကိုပြောပြပါလား၊ ကျုပ်လည်း မှောက်မှတ်တမ်းအရ သိသင့်သလောက် သိနေပါပြီ"

ရှစ်နန်းကျင်း ပါးစပ်ပိတ်ထား၏။ ဆင့်လျန်က ထရပ်လိုက်သည်။

"ခင်ဗျား စဉ်းစားလေ ... ကျုပ်အကူအညီကို လက်ခံမယ်ဆိုရင် မနက်ဖြန် စီးဂူးကန်က ရေပေါ်စားသောက်ဆိုင်ကို လာခဲ့ပါ"

ဆင့်လျန်က ပြောပြီး အိမ်ကလေးထဲမှ လှမ်းထွက်သွားလေတော့သည်။

★



ရှစ်နန်းကျင်းမှ တစ်ယောက်တည်း မလှုပ်မယှက် ထိုင်နေ၏။ သူသည် အဓိပ္ပာယ်မဲ့စွာဖြင့် နံရံကို စိုက်ကြည့်နေလေသည်။ အတန်ကြာမှ လေပူတစ်ချက် ထုတ်လိုက်သည်။

"သွေးဘီလူး ... မင်း ဘယ်သူလဲ၊ ဘာကြောင့် တို့ကို ဒုက္ခပေးနေရတာလဲ၊ မင်း ဘယ်သူပဲဖြစ်ဖြစ် ကျုပ်မကြောက်ဘူး၊ မင်းကို လက်စားချေပြမယ်"

သူသည် အသံမထွက်ဘဲ ကြုံးဝါးလိုက်သည်။

သူ စီးမင်းထောင်တွင်းရှိနေစဉ် အပြင်လောက၌ မည်သို့ဖြစ်ပျက်နေပါသနည်း။ သူ သိချင်လာသည်။

ချက်ချင်းပင် သူ၏မျက်လုံးအစုံက မှောက် ကျင်းအော်၏ ဘဝမှတ်တမ်းစာအုပ်သို့ ရောက်ရှိသွား၏။ ရှစ်နန်းကျင်းက စာအုပ်ကို ကောက်ယူ ဖတ်ရှုလိုက်လေသည်။

ပထမပိုင်းစာမျက်နှာများသည် ကျင်းအော်၏ ငယ်စဉ်ဘဝများအကြောင်း ရေးသားထားသည်။

ရှစ်နန်းကျင်းက ကျော်လိုက်သည်။

ထို့နောက် နက္ခတ်ရှစ်လုံးအကြောင်းများ။

သူသိပြီးသော အရာများဖြစ်သည့်အတွက် စာရွက်များကို ကျော်လိုက်ပြန် သည်။

စာရွက်တစ်ရွက်အရောက်ဝယ် သူ၏မျက်လုံးများ ရပ်တန့်သွားလေ ၏။

"သွေးဘီလူး"

ဟု ရေးသားထားသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်ပါသည်။

★★★



## အခန်း (၁၅)

'ဒေါက် ဒေါက်'

တံခါးခေါက်သံကြောင့် ကျင်းအော် အမြန်ထပြီး တံခါးဖွင့်ပေးလိုက်သည်။

အိမ်ထဲသို့ လူတစ်ယောက် ဝင်လာသည်။

ကျင်းအော်က တံခါးပြန်ပိတ်မည်အပြု ဝက်အော်သံကို ကြားရသဖြင့် တံခါးကို ဖွင့်ထားလိုက်သည်။

မကြာမီ ဝက်ကဲ့သို့ပင် ဝဖြိုးသောလူတစ်ယောက် ဝင်ရောက်လာလေ၏။

ကျင်းအော်က တံခါးပြန်ပိတ်လိုက်သည်။ အိမ်ကလေးအတွင်း စားပွဲဝိုင်းတွင် လူပြည့်နေပြီ ဖြစ်ပါသည်။

စုစုပေါင်း ရှစ်ယောက်တိတိ။

ကုလားထိုင်တစ်လုံး လွတ်နေသည်။ ကျင်းအော်က လွတ်နေသောကုလားထိုင်အား ကြည့်ရင်း သက်ပြင်းအသာချလိုက်သည်။

ထို့နောက် တစ်ယောက်ချင်းစီ ကြည့်လိုက်သည်။

စာကလေး၊

ခြသေ့် ရန်ပေလျှန်၊

ခွေး လှူဝေကျို၊

ကျား ဟုန်ပိ၊

ဝက် ချင်းကူး၊

မြွေ ချူကျောင်း၊

လိပ်ပြာ ချင်းကျဲ့ကျဲ့၊

ဝံပုလွေ ရှစန်းကျင်း။

သူက သူ့နေရာတွင် ရှိမနေပါ။ ထိုနေရာသို့ နောက်ငါးနှစ်အတွင်း ရောက်လာနိုင်မည်မဟုတ်ပါ။

အကြောင်းမှာ ဝံပုလွေ ရှစန်းကျင်းသည် စီးမင်းအကျဉ်းထောင်သို့ ကျရောက်သွားခဲ့ပြီ မဟုတ်ပါလား။

စားပွဲဝိုင်းရှိ လူအားလုံး ငြိမ်သက်စွာ ထိုင်နေသည်။ သူတို့ရှေ့ စားပွဲပေါ်တွင် အရက်နှင့်ဟင်းလျာများ ရှိသော်လည်း အရာမယွင်းသေးပါ။

မည်သူကမျှ အစားအသောက်ကို စိတ်မဝင်စားကြပါချေ။

စာကလေးက ချောင်းဟန့်လိုက်ပြီး ...



"တို့တစ်တွေ အခုလို ဆုံစည်းခြင်းဟာ နောက်ဆုံးအကြိမ်ဆုံစည်းခြင်းပဲ"

ဟု ပြောလိုက်၏။ ဝက် ချင်းကူးက ...

"ဘာဖြစ်လို့လဲ"

စာကလေးက ...

"နေပြည်တော်က ရဲမက်တွေဟာ ဘဏ္ဍာတော်ကိစ္စနဲ့ ခြေချင်းလိမ်နေတာ မင်းတို့အသိပဲ"

"ဝံပုလွေကို စိတ်ချရပ့်မလား"

မြွေ ချူကျောင်း၏စကားကြောင့် လိပ်ပြာ ချင်းကျဲ့ကျဲ့က...

"ချူကျောင်း ... ရှင် ဘယ်လိုပြောလိုက်တာလဲ"

ချူကျောင်းက ...

"ကျုပ်ကို အထင်မလွဲပါနဲ့၊ စီးမင်း အကျဉ်းထောင်ဟာ သိပ်ကြမ်းတမ်းတယ်၊ ဝံပုလွေ အဲဒီဒဏ်ကို မခံနိုင်ဘဲ ဖော်ထုတ်မှာ စိုးရတယ်"

"သူ ခံနိုင်ရည် ရှိပါတယ်"

"မင်း ပြောနိုင်မလား"

"ကျုပ် ပြောနိုင်တယ်"

အားလုံး၏အကြည့်များက ဟုန်ပိထံသို့ ကျရောက်သွား၏။

"ဝံပုလွေဟာ အားလုံးအတွက် ခါးစာဝင်ခံလိုက်တာကို မင်းတို့ မမေ့နဲ့"

အားလုံး ခေါင်းငုံ့သွားသည်။ ဟုန်ပိက ...

"စာကလေး ... ပြောစရာရှိတာ ဆက်ပြောပါ"

စာကလေးက ...

"ရဲမက်တွေ လက်လျှော့သွားတဲ့အချိန်ထိ အားလုံး ကိုယ်ယောင်ဖျောက်နေကြရမယ်"

မျောက်ကျင်းအော်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဒီနည်းလမ်း အကောင်းဆုံးပဲ"

"ဖြစ်နိုင်ရင် ဝံပုလွေပြန်ထွက်လာတဲ့အထိ မလှုပ်ရှားဘဲ ဇာတ်မြှုပ်နေကြပါ"

"ကောင်းတယ်"

ဝက် ချင်းကူးက ထောက်ခံသည်။ ခြသေ့ရန်ပေလျှန်က ...

"ငါးနှစ်အတွင်း ကျုပ်တို့ ဘယ်လိုနေထိုင်စားသောက်မလဲ"

"မင်းတို့မှာ ဘဝတစ်ခုစီ အပိုရှိတာပဲ"

မှန်ပေသည်။ နက္ခတ်ရှစ်လုံးသည် စာကလေး၏ အကြံပေးမှုကြောင့် လူကြားတွင်နေထိုင်ရန် ဘဝတစ်ခုစီ ဖန်တီးထားပြီး ဖြစ်ပါသည်။



စာကလေးက ဆက်ပြောလိုက်၏။

"ငါးနှစ်ဆိုတဲ့အချိန်ကျရင် အရာရာအားလုံး အေးချမ်းသွားပါပြီ"

"ခင်ဗျားရည်ရွယ်ချက် ကျုပ်သဘောပေါက်ပါပြီ"

ကျားဟုန်ပိက ပြောလိုက်သည်။ စာကလေးက ...

"ဝံပုလွေ ပြန်လွတ်လာတော့မှ အားလုံးဆုံတွေ့ပြီး ရတနာတွေ ခွဲဝေယူကြတာပေါ့၊ အဲဒီအခါကျရင် မင်းတို့ တစ်သက်စာ ဖူလုံပါပြီ၊ ဒီတော့ ငါးနှစ်အတွင်း သိုသိုသိပ်သိပ် နေထိုင်ကြပါ"

"ကောင်းပါပြီ ... ကျုပ် သဘောတူပါတယ်"

"ကျုပ်လည်း သဘောတူပါတယ်"

အားလုံးက စာကလေး၏အစီအစဉ်ကို သဘောတူလိုက်ကြလေသည်။

"မင်းတို့ လူစုမခွဲခင် မင်းတို့ကို တစ်ခုမှာလိုက်ပါရစေ"

အားလုံးက စာကလေးအား ကြည့်လိုက်၏။

စာကလေးက ...

"မင်းတို့ရဲ့ဘဝ မလုံခြုံတော့ဘူးဆိုရင် ကျုပ်ဆီကို အမြန်ဆုံး ဆက်သွယ်ပါ၊ ကျုပ် မင်းတို့ပုန်းခိုဖို့ လျှို့ဝှက်နေရာတွေ စီစဉ်ထားပါ့မယ်"

အားလုံးက စာကလေးအား ကျေးဇူးတင်စွာ ကြည့်လိုက်ကြ၏။ မျောက် ကျင်းအော်က ...

"ကဲ ကဲ ... အားလုံး ပျော်ပျော်ပါးပါး စားသောက်ကြပါဦး"

အားလုံးက စားသောက်လိုက်ကြ၏။ ထိုနေ့ည သန်းခေါင်ကျော်သွားမှပင် တစ်ယောက်ပြီးတစ်ယောက် ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

★

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ (၂) နှစ်ဟူသော အချိန်မှာ ပျင်းရိငြီးငွေ့ဖွယ်ရာ ကုန်ဆုံးသွား၏။

မျောက် ကျင်းအော် ပျင်းရိနေ၏။

သူသည် ပြင်ပလောက၏ သတင်းများကို စနည်းနာရန် ထွက်လာခဲ့လေသည်။

သိုင်းလောကသတင်း သိချင်လျှင် ကျန်းနန်သို့ သွားရမည် ဖြစ်၏။ ထို့ကြောင့် သူက ရုပ်ဖျက်ကာ ကျန်းနန်သို့ ထွက်လာခဲ့၏။

သိုင်းလောကတွင် နက္ခတ်ရှစ်လုံး ပျောက်ကွယ်နေပြီ ဖြစ်၏။ (၂) နှစ်ဟူသော အချိန်အတွင်း လူအများက မေ့လျော့၍ပင်



သွားပြီဖြစ်၏။

သို့သော် အာဏာပိုင်များကမူ မမေ့သေးပါ။ ယခင်ကလောက် သဲကြီးမဲကြီး မရှာဖွေတော့သော်လည်း စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်နေဆဲပင် ဖြစ်ပါသည်။

★

ကျင်းအော်သည် စာပေသမားလူငယ်အသွင် ကူးပြောင်းကာ မင် မင်းဆက်လက်ထက်က ဘုံကျောင်းကို သွားရောက်ကြည့်ရှုလေ၏။

ထိုစဉ် ဘုံကျောင်းထဲမှ ထွက်လာသော လူရိပ်တစ်ခုကို တွေ့လိုက်ရ၏။ ကျင်းအော် မျက်မှောင်ကြုတ်သွား၏။ ထိုလူ၏ မျက်နှာကို မတွေ့လိုက်သော်လည်း ထိုလူ၏ ကိုယ်ဟန်မူရာကိုမူ သူက သိနေ၏။

ချက်ချင်းပင် ထိုလူနောက်သို့ ခြေရာခံကာ လိုက်လာခဲ့၏။ မကြာမီ ထိုလူသည် စားသောက်ဆိုင်တစ်ဆိုင်တွင်း ဝင်သွားသည်ကို တွေ့လိုက်ရ၏။

ကျင်းအော်က ဟန်မပျက် ဆိုင်ထဲဝင်သွားပြီး ထိုလူနှင့်

မလှမ်းမကမ်းတွင် ဝင်ထိုင်လိုက်၏။ စားပွဲထိုးလေးများ ရောက်ရှိလာပြီး ...

"ဘာသုံးဆောင်မလဲ အစ်ကိုလေး"

ကျင်းအော်က ဘာမှာရမှန်းမသိဖြစ်သွား၏။ ထိုစဉ် တစ်ဖက် စားပွဲမှလူ၏မှာသံကို ကြားလိုက်ရလေသည်။

"မျောက်သားပေးပါ"

စားပွဲထိုးလေးက ...

"မျောက်သား မရပါဘူး"

ထိုလူက ...

"ခက်တာပဲ ... ကျုပ်က မျောက်သားစားချင်နေတာ"

ကျင်းအော်၏မျက်နှာ နီရဲသွား၏။ သူက ထိုလူ၏စားပွဲဘက် ကူးလိုက်ပြီး ...

"ဝက်ကောင်လုံးသာပေးပါ။ ပြီးတော့ အကောင်းဆုံးအရက်လည်း ယူခဲ့"

ဟု မှာကြားရင်း ငွေတုံးတစ်တုံး ထုတ်ပေးလိုက်လေသည်။

★



စားပွဲပေါ်၌ ဝက်ကောင်လုံးနှင့်အရက် ရောက်ရှိနေပြီ ဖြစ်သည်။ ကျင်းအော်က ...

"ကျုပ်က ခင်ဗျားနဲ့တူတယ်လို့ ထင်သား"

"ငါကတော့ မင်းဝင်လာကတည်းက တွေ့တယ်၊ ဒါကြောင့် ဒီကိုခေါ်လာခဲ့တာ"

ထိုသူကား ဝက် ချင်းကူး ဖြစ်၏။ ဝက်ချင်းကူးသည် ခန္ဓာကိုယ် ဝဖီးပြီး ဉာဏ်တုံးသူတစ်ယောက်ဟု ထင်ရမည်ဖြစ်သော်လည်း ပါးနပ်သူတစ်ယောက် ဖြစ်သည်။

"ဒါထက် ခင်ဗျား ဘာလာလုပ်တာလဲ"

ကျင်းအော်က မေးလိုက်သည်။

"မင်းကော ဘာလာလုပ်တာလဲ"

ဝက် ချင်းကူးက ပြန်မေးသည်။ ကျင်းအော်က ...

"ကျုပ် အိမ်ထဲမှာနေရတာ ငြီးငွေ့လို့ ထွက်လာခဲ့တာဗျ"

"ဟုတ်ရဲ့လားကွာ"

"ကျုပ် လိမ်ပြောနေတယ် ထင်လို့လား"

ဝက် ချင်းကူးက ...

"မင်း အမှန်အတိုင်း ပြောတာဖြစ်ပါစေလို့ ကျုပ် ဆုတောင်းနေထာယ်ဗျ"

"ချင်းကူး ... ခင်ဗျား ဘာဖြစ်နေလဲ၊ ကျုပ်ကို မယုံသင်္ကာစကား မပြောနဲ့ဗျာ"

ဝက် ချင်းကူးက သက်ပြင်းချလိုက်သည်။

"ကျုပ် ဘာဖြစ်လို့ ထွက်လာသလဲ ... သိသလား"

"ဘယ်သိမှာလဲ"

ဝက် ချင်းကူးက ပတ်ဝန်းကျင်အား တစ်ချက်ကြည့်လိုက်၏။ လူရှင်းသည်ကို တွေ့ရမှ လေသံဖြင့် ပြောလိုက်သည်။

"မင်း သွေးဘီလူးဆိုတာ သိသလား"

"မသိဘူး၊ သူက ဘာလဲ"

"အခုသိုင်းလောကမှာ သွေးဘီလူးဆိုတဲ့ ဓားပြတစ်ယောက် ပေါ်ထွက်နေတယ်"

ကျင်းအော်က ပြုံးလိုက်၏။

"ဘာဆန်းသလဲဗျ"

"သွေးဘီလူး ဓားပြတိုက်တာ နှစ်ကြိမ်ရှိပြီ'

"ဒါလည်း မထူးဆန်းပါဘူး"

"အေး ... ထူးဆန်းတာက သူ့ရဲ့ လုပ်ပုံကိုင်ပုံဟာ တို့ရဲ့ နက္ခတ် ရှစ်လုံးအတိုင်းပဲ"

သည်တစ်ကြိမ်တွင်တော့ ကျင်းအော် မျက်လုံးများ ပြူး



ကျယ်သွားတော့သည်။

"ဗျာ"

ချင်းကူးက ...

"အေး ... ကျုပ်ကတော့ ကျုပ်တို့ နက္ခတ်ရှစ်လုံးထဲက တစ်ယောက်ယောက် ပြန်လှုပ်ရှားနေတယ် ထင်တာပဲ"

"ဟုတ်နိုင်ပါ့မလား၊ နောက်သုံးနှစ်ဆိုရင် ကျုပ်တို့ ဝေစုခွဲပြီး သူဌေးဖြစ်တော့မှာပဲ၊ ဘယ်သူက စွန့်စားရဲမှာလဲ"

ချင်းကူးက ပခုံးတွန့်လိုက်၏။

"အေး ... အဲဒါကြောင့် ကွဲကွဲပြားပြားသိရအောင် ကျုပ် ထွက်စုံစမ်းတာပဲ"

"ဒါဟာ ရဲမက်တွေရဲ့ ထောင်ချောက်လည်း ဖြစ်နိုင်တယ်နော်"

ကျင်းအော်က ပြောသည်။ ချင်းကူးက ...

"ကျုပ်တွက်မိပါတယ်၊ ဒါပေမဲ့ ဒီသွေးဘီလူးက ဓားပြတိုက်ရင်း လူပါသတ်တယ်ဗျ"

"ကျုပ်တို့ပူတွေ မဟုတ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

"ကျုပ်ကတော့ နက္ခတ်ရှစ်လုံးထဲကပဲ ဖြစ်ရမယ်လို့ ထင်မိတယ်"

"ဘာဖြစ်လို့လဲ"

ကျင်းအော်က မေးလိုက်သည်။ ချင်းကူးက ...

"ဒုတိယအကြိမ် ဓားပြမှုက ဒီက သိပ်မဝေးတဲ့နေရာမှာ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဖြစ်ခဲ့တယ်၊ ပြီးတော့ ဒီပတ်ဝန်းကျင်မှာ နက္ခတ်ရှစ်လုံးက လူတွေကို တွေ့ရတယ်"

ကျင်းအော်၏မျက်နှာ နီရဲသွား၏။

"ချင်းကူး"

သူ၏အသံမှာ ဒေါသကြောင့် မာနေ၏။

"ကျုပ် မင်းကို မစွပ်စွဲဘူး"

"စွပ်စွဲတာနဲ့ ဘာထူးသလဲ"

ချင်းကူးက ပြုံးလိုက်သည်။

"မင်းတစ်ယောက်တည်း ကျုပ်တွေ့တာမှ မဟုတ်ဘဲ"

ကျင်းအော် မျက်လုံးပြူးသွားသည်။

"ခင်ဗျား ဘယ်သူတွေကို တွေ့လို့လဲ"

"လျှူဝေကျိ၊ ရန်ပေလျန်၊ ဟုန်ပိ၊ ချူကျောင်း၊ ပြီးတော့ ချင်းကျဲ့ကျဲ့"

ကျင်းအော်၏မျက်လုံးက ပို၍ ပြူးကျယ်သွားလေသည်။

"ဟင် ... အကုန်လုံးပါပဲလား"



ချင်းကူးက ပြုံးလိုက်သည်။

"ဒါကြောင့် ငါက ယူဆမိတာပါ"

ကျင်းအော်က သက်ပြင်းချလိုက်သည်။

"သံသယဖြစ်တဲ့လူတွေထဲက ကျုပ်ကို ထုတ်လိုက်ပါဗျာ၊ ကျုပ် ဒီလောက် စွန့်စားရဲတဲ့လူတစ်ယောက် မဟုတ်ဘူးဗျ"

"ကျုပ် မင်းကို ယုံပါတယ်"

ကျင်းအော် စိတ်သက်သာရာ ရသွားသည်။ ချင်းကူးက ဆက်ပြောလိုက်သည်။

"ရန်ပေလျန်က အမြဲသွေးဆာနေတဲ့လူ"

"ခင်ဗျား သူ့ကို သံသယ ရှိလို့လား"

"သူတင်မကဘူး၊ လျှူပေကျိလည်း အခုတစ်လော လောင်းကစားတိုင်း ရှုံးနေတယ်"

ကျင်းအော်က ...

"ချူကျောင်း ဘာဖြစ်သလဲ"

ချင်းကူးက ...

"ချူကျောင်းကလည်း ရဲ့ယန်ရဲ့ အတွဲများနေတယ်"

"မိန်းမလည်း ရဲ့ယန်လား"

ချင်းကူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့သုံးယောက်စလုံး မသက်သာစရာ ကောင်းတယ်"

"ဟုန်ပိကော"

"သူလည်း ပြောဖို့ခက်တယ်၊ သူဟာ ခိုးဝှက် လုယက်နေရမှ ကြိုက်တဲ့လူမျိုးပဲ"

"ကျုပ်တို့ ဘာလုပ်မလဲ"

ချင်းကူးက ...

"အကောင်းဆုံးက မင်း အိမ်ပြန်နေ၊ ကျုပ် အကြောင်းထူးရင် ဆက်သွယ်မယ်"

★

(၆) လခန့်ကြာသည့်အခါမျှ ဝက်ချင်းကူးထံမှ သွေးဘီလူးကို ခြေရာခံမိပြီဖြစ်ကြောင်း သတင်းရောက်ရှိလာသည်။

ထို့ကြောင့် ကျင်းအော်သည် ချင်းကူးထံ အပြေးအလွှားရောက်ရှိသွားခဲ့လေသည်။

"သွေးဘီလူး ဘယ်မှာလဲ"

ကျင်းအော်က ခရီးရောက်မဆိုက် မေးလိုက်သည်။



"သူ ဒီလေးရက်နေ့မှာငွေမင်းသား အာမခံဌာနကို လုယက်လိမ့်မယ်"

"ခင်ဗျားသတင်း တိကျရဲ့လား"

ချင်းကူးက ရင်ကော့လိုက်သည်။

"ဒီသတင်းရဖို့ ကျုပ်က ခြောက်လစာငွေကို ဖြုန်းတီးခဲ့ရတာ"

"ကျုပ် ပြန်ပေးပါ့မယ်"

ချင်းကူးက ရယ်မောလိုက်သည်။

"မလိုပါဘူးကွာ"

ကျင်းအော်က ...

"လေးရက်ဆိုတော့ မနက်ဖြန်ပဲ၊ သူက ဘယ်မှာ လုမှာတဲ့လဲ"

ချင်းကူးက တစ်လုံးချင်း ဖြေလိုက်သည်။

"အသည်းကွဲတောင်ကြား"

★

အလံများ တလူလူလွင့်နေ၏။

မြင်းလှည်းတစ်စီးအား အလံကိုင် မြင်းစီးသမားငါးယောက် ခြံရံလျက် လာနေကြသည်။ အလံပေါ်တွင် ငွေမင်းသား အာမခံဌာနဟု ရေးထားသည်။

အာမခံဌာန မြင်းလှည်းသည် တရွေ့ရွေ့နှင့် အသည်းကွဲတောင်ကြားအတွင်းသို့ ရောက်ရှိလာသည်။

ထိုစဉ် ...

မတ်စောက်သော ကျောက်နံရံမှ လူဆယ်ယောက်ခန့် ပေါ် ထွက်လာလေသည်။

ထိုလူများသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာဖုံးများ စွပ်ထား၏။ ထိုလူစု၏ ခေါင်းဆောင်မှာမူ အနီရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး အနီရောင်ဝတ်ရုံကိုလည်း ခြုံလွှမ်းထား ၏။

"သွေးဘီလူးအမိန့် ... မင်းတို့ မြင်းလှည်းထားပြီး ထွက် သွားကြစမ်း"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် ငွေမင်းသား အာမခံဌာနမှာ ထိတ်လန့်သွား၏။ ချက်ချင်း ခုခံရန် ပြင်ဆင်လိုက် လေသည်။

သွေးဘီလူးက လက်ဝှေ့ယမ်းလိုက်၏။



အနက်ရောင်ဝတ်စုံနှင့်လူများက ချက်ချင်းပင် ကြိုးများနှင့် နိဆင်းလာပြီး တရကြမ်း တိုက်ခိုက်ကြလေတော့သည်။

★

ကျင်းအော်နှင့် ချင်းကူးတို့ အသည်းကွဲတောင်ကြားသို့ ရောက်ရှိလာကြ၏။ သူတို့က အာမခံဌာနရောက်မည့်အချိန်ကို ခန့် မှန်းရာ လွဲသွားခဲ့လေသည်။

ထို့ကြောင့် သူတို့ရောက်လာသောအခါ အာမခံဌာနအား သွေးဘီလူးတို့က တိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ချင်းကူးက ...

"ကျုပ်တို့ အချိန်မီလေးပဲ"

ကျင်းအော်က ...

"ခင်ဗျား သူတို့ကို ကူညီလိုက်ပါ၊ ကျုပ် သွေးဘီလူးကို ဖမ်းမယ်"

ချင်းကူးက ခေါင်းညိတ်လိုက်၏။ ထို့နောက် ဝတ်စုံနက်များ ထံသို့ ပြေးဝင်ကာ တိုက်ခိုက်လိုက်လေတော့သည်။

သွေးဘီလူးမှာ အံ့အားသင့်သွား၏။

ထိုစဉ် ကျင်းအော်က ကျောက်နံရံအား ကျင်လည်စွာ တက်လာသည်ကို လှမ်းတွေ့လိုက်ရ၏။

သွေးဘီလူး အံကြိတ်လိုက်၏။

"တောက်"

ခံပြင်းစွာ တောက်တစ်ချက်ခေါက်ပြီး ကျင်းအော် အပေါ်သို့ မရောက်မီ နောက်ဆုတ်ရှောင်တိမ်းသွားလေတော့သည်။

★

တိုက်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်၏။

အာမခံဌာနက ချင်းကူးအား ကျေးဇူးတင်ကြောင်း တဖွဖွ ပြောနေ၏။

ချင်းကူးက ဂရုမစိုက်ပါ။ ကျောက်နံရံပေါ်သို့သာ မော့ကြည့်နေ၏။ မကြာမီ ကျင်းအော် ပြန်ဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

"တွေ့ခဲ့လား"

ကျင်းအော်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်မရောက်ခင် လစ်သွားတယ်ဗျ"



ချင်းကူး သက်ပြင်းချလိုက်၏။

ကျင်းအော်က ...

"ဒီလူတွေကို စစ်ပြီးပြီလား"

ချင်းကူးက ...

"ငွေပေးပြီးခိုင်းတဲ့အကြောင်းကလွဲလို့ ဘာမှမသိကြဘူး"

"ဒါဆို သွားကြစို့"

သူတို့နှစ်ဦးသည် အာမခံဌာနသားများကို ဂရုပင်မစိုက်ဘဲ လျင်မြန်စွာ ထွက်ခွာသွားကြလေတော့သည်။

★★★

## အခန်း (၁၆)

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

ကျင်းအော်သည် စမ်းချောင်းလေးအတွင်း ငါးမျှားနေ၏။ သူသည် ပျင်းရိဖွယ်အချိန်များအား သိုင်းလေ့ကျင့်ခြင်း၊ ငါးမျှားခြင်းတို့ဖြင့်သာ ကုန်ဆုံးစေခဲ့၏။

ယနေ့ ...

သူက ရှစန်းကျင်းအား အထူးသတိရနေမိ၏။

ယနေ့သည် ရှစန်းကျင်း ထောင်ထဲဝင်သည့် လေးနှစ်မြောက်နေ့ပင် မဟုတ်ပါလော။

နောင်နှစ် သည်အချိန် ရှစန်းကျင်း လွတ်လာသည်နှင့် သူတို့ဝေစုခွဲကာ ဘဝသစ်ကို ကောင်းစွာတည်ထောင်နိုင်တော့ပေမည်။ ဒုစရိုက်လုပ်ငန်းများ ဆက်မလုပ်တော့ပါ။

ကျင်းအော်မှာ အတွေးနှင့်ပင် ပျော်ရွှင်လာ၏။

ထိုစဉ် ...



ရွာသား ကလေးငယ်တစ်ဦးက သူ၏အနီး ရောက်ရှိလာပြီး စာတစ်စောင် ကမ်းပေးလိုက်၏။

"လူတစ်ယောက်က ပေးခိုင်းလိုက်တာ"

"ဘယ်သူလဲကွဲ့"

"မသိဘူး၊ စာပေးခိုင်းပြီး ချက်ချင်း အရှေ့ဘက်ထွက်သွားတာပဲ"

ကလေးငယ်က ပြောပြီး ပြေးထွက်သွားလေသည်။ ကျင်းအော်က စာကို ဖွင့်ဖတ်လိုက်၏။

*မျောက်*

*သော့ ယနေ့ညမပေးလျှင် သင့်အသက်မရှင်တော့။*

*သော့ကိုပေးရန် အသင့်ပြင်ထား။*

*သွေးဘီလူး*

ကျင်းအော်က အံ တင်းတင်းကြိတ်ကာ လက်ဝါးနှစ်ဖက်ကို ညှစ်လိုက်သည်နှင့် စာမှာ အစိတ်စိတ်အမွှာမွှာ ပြိုစုတ်သွားလေတော့သည်။ ထို့နောက် အိမ်ထဲသို့ ဝင်လာခဲ့၏။

"သွေးဘီလူးဆိုတာ ဘယ်သူလဲ၊ သူက ဘာကြောင့် သော့

ကို တောင်းရတာလဲ”

သွေးဘီလူးသည် ချင်းကူးပြောသလို မိမိတို့အထဲမှ လူပင်လော။

သော့ကိစ္စသည် နက္ခတ်ရှစ်လုံးမှလွဲ၍ မည်သူမျှ မသိပါ။ သွေးဘီလူး သော့တောင်းနေခြင်းသည် ထူးဆန်းမယောင်နှင့် မထူးဆန်းသလို ဖြစ်နေ၏။

ကျင်းအော် အံကြိတ်လိုက်၏။ သူသည် ချက်ချင်းပင် ခရီးထွက်ရန်ပြင်ဆင်လိုက်သည်။

ယခုအချိန်ဆိုလျှင် သူ့အိမ်ပတ်ဝန်းကျင်၌ သွေးဘီလူး၏ လူများ ဝိုင်းရံစောင့်ကြည့်နေလောက်ပြီဟု ယူဆလိုက်သည်။

*“နက္ခတ်ရှစ်လုံးက မင်းတို့ထက် လျင်ပါတယ်”*

သူ စာတစ်စောင်ရေးကာ စားပွဲပေါ်သို့ တင်လိုက်၏။ ထို့နောက် ကြမ်းခင်းတစ်နေရာကို ဆွဲလှန်လိုက်သည်။ မြေအောက်လိုဏ်ခေါင်းတစ်ခု ပေါ်ထွက်လာ၏။

ဤနေရာမှာ ပြေးရသော်ဟူသော အတွေးဖြင့် သူ လျှို့ဝှက်စွာ ဖောက်လုပ်ခဲ့ခြင်းသည် ယခု အသုံးဝင်နေပြီ မဟုတ်ပါလား။



ကျင်းအော်က လိုဏ်ဂူအတွင်း ဆင်းသွားလိုက်လေတော့သည်။

★

နံနက်ခင်း၏ ဈေးလမ်းမ ...။

လူသွားလူလာများကြား၌ လူတစ်ယောက် တိုးဝှေ့သွားနေသည်။ ထိုလူသည် ခရီးပြင်းနှင်လာခဲ့ဟန် တူသည်။

သူ၏တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်းဖြစ်နေသလို ချွေးများနှင့် ညစ်ပတ်နံစော်နေလေသည်။

ထိုလူကား ကျင်းအော်ပင် ဖြစ်ပါသည်။

သူသည် ဈေးလမ်းမမှ ဖဲ့ထွက်ပြီး လမ်းကြားလေးအတွင်း ဝင်သွားသည်။ လမ်းကျဉ်းလေးသုံးခုကို ချိုးကွေ့ပြီးနောက် အိမ်တစ်လုံးရှေ့တွင် ရပ်လိုက်လေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ နောက်ယောင်ခံသူ မရှိမှန်း သေချာမှ ရှေ့သို့ ဆက်လျှောက်လိုက်၏။ သုံးလေးအိမ်မျှကျော်ပြီးနောက် အိမ်ဝင်းတစ်ခုအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

‘ဒေါက် ဒေါက် ဒေါက်’

ကျင်းအော်က တံခါးကို အသာခေါက်လိုက်သည်။

အတန်ကြာသည်အထိ အထဲမှ တုံ့ပြန်မှုမရှိပါ။

ကျင်းအောင်က နောက်တစ်ကြိမ် ထပ်ခေါက်လိုက်၏။

မည်သို့မျှ ထူးခြားမှု မရှိပါ။

ကျင်းအောင် စိတ်ပူလာသည်။ သူသည် အိမ်နောက်ဘက်သို့ ပတ်လာခဲ့သည်။ အိမ်နောက်ဖေးတံခါးအား တွန်းလိုက်ရာ အလွယ်တကူ ပွင့်သွားသည်ကို တွေ့လိုက်ရလေ သည်။

ကျင်းအောင်က အိမ်တွင်းသို့ ဝင်လိုက်သည်။ အိမ်တွင်း၌ မည်သူမျှ မရှိပါ။ ထို့ကြောင့် အတွင်းခန်း ဝင်လာခဲ့သည်။ အတွင်းခန်း တံခါးမှာ ပိတ်ထားသည်။

သို့သော် တံခါးအောက်တွင် အညိုရောင်အကွက်တစ်ကွက်ကို တွေ့လိုက်ရသည်။ အတွင်းခန်းမှ ယိုစီးလာဟန် တူသည်။ ကျင်းအောင်က တံခါးကို တွန်းဖွင့်လိုက်သည်။

'ဝုန်း'

အခန်းတွင်း၌ ချင်းကူးကို လှမ်းတွေ့လိုက်ရသည်။ ချင်းကူး၏ ခန္ဓာကိုယ်တစ်ဝက်သည် ခုတင်ပေါ်တင်၍ တစ်ဝက်က အောက်သို့ ကျနေသည်။

ကျင်းအောင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ သူသည် အခန်းတွင်းဝင်ပြီး သဲလွန်စများ ရှာဖွေလိုက်၏။



ဘာမျှ မတွေ့ပါ။

စားပွဲတွင်မူ စာတစ်စောင် ပွင့်လျက်သား ရှိနေ၏။ ကျင်းအောင်က လှမ်းဖတ်လိုက်သည်။

*ဝက်*

*သော့ ယနေ့ည မပေးလျှင် သင့်အသက် မရှင်တော့။*

*သော့ပေးရန် အသင့်ပြင်ထား။*

*သွေးဘီလူး*

ကျင်းအောင်၏မျက်နှာမှာ တင်းမာခက်ထန်သွားသည်။ သူသည် ချက်ချင်းပင် ဝက် ချင်းကူး၏ အခန်းတွင်းမှ လှည့်ထွက်လာခဲ့လေတော့သည်။

★

မြင်းဖြူတောင်ကုန်း ...။

မြင်းဖြူတောင်ကုန်းသည် မြင့်မားပြီး တောင်ထိပ်မှာ ကလပ်ပုံဖြစ်၏။ ကျင်းအောင်က ထိုနေရာအား ရွေးချယ်ရခြင်းမှာ

အကြောင်းများစွာ ရှိပေသည်။

မြင်းဖြူတောင်ကုန်းသည် မတ်စောက်၏။ တော်ရုံရန်သူများ တက်လာလျှင် သူက လွယ်ကူစွာ ရှောင်တိမ်းနိုင်သည်။ ထို့ပြင် အပေါ်စီးမှနေ၍ ရန်သူအခြေအနေကို အကဲခတ်နိုင်၏။

သွေးဘီလူးက အဖော်ခေါ်လာလျှင်လည်း ပုန်းကွယ်ပြီး တက်လာနိုင်မည် မဟုတ်ပါ။ ထိုအချက်ကြောင့် သူသည် မြင်းဖြူတောင်ကုန်းကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။

ကျင်းအော်သည် မြင်းဖြူတောင်ကုန်းပေါ်သို့ စောစီးစွာ ရောက်ရှိနေ၏။ သူသည် မြင်းဖြူတောင်ကုန်းဝန်းကျင်ကို ကောင်းစွာ မြင်ရသောနေရာကို ရွေးချယ်ကာ စောင့်ဆိုင်းနေလိုက်၏။

လမှာ ကောင်းကင်ပေါ်သို့ တဖြည်းဖြည်း ရောက်ရှိလာသည်။ ချိန်းဆိုထားသောအချိန် ကျရောက်တော့မည် ဖြစ်၏။

ထိုစဉ် တောင်ခြေ၌ အဖြူရောင်အရိပ်တစ်ခုကို တွေ့လိုက်ရလေသည်။

အဖြူရိပ်မှာ တောင်ကုန်းပေါ်သို့ တရွေ့ရွေ့ တက်လာ၏။ ထိုအရိပ်မှလွဲ၍ မည်သူတစ်ဦးကိုမျှ မတွေ့ရပါ။

ကျင်းအော် စိတ်ချသွား၏။ ဓားကို အသင့်ပြင်ပြီး စောင့်ဆိုင်းနေလိုက်၏။



မကြာမီ အဖြူရိပ်က သူ့ရှေ့သို့ရောက်ရှိလာ၏။

ထိုလူသည် ...

ဖြူဖွေးနေသောဝတ်စုံကို ဝတ်ဆင်ထား၏။ မျက်နှာတစ်ခုလုံးအား မျက်စိပေါက်ချန်ပြီး အနီရောင်ခေါင်းစွပ် စွပ်ထား၏။ သူ၏လက်နှစ်ဖက်ကိုလည်း အနီရောင်လက်အိတ်များ စွပ်ထား၏။

ထိုလူ၏ကိုယ်ဟန် မည်သူနှင့်တူသည်ကို ကျင်းအော် အကဲခတ်၍ မရချေ။ ထိုစဉ် ထိုလူ့ထံမှ စကားသံ ထွက်ပေါ်လာ၏။

"ကျုပ် ဘယ်သူလဲ ... သိပြီလား"

အသံမှာ အက်ကွဲရှတနေ၏။

"မသိဘူး ... သွေးဘီလူးဆိုတာ ခင်ဗျားလား"

ထိုလူက ခေါင်းညိတ်လိုက်၏။ ထို့နောက် လက်ဝါးဖြန့်လိုက်ပြီး ...

"ပေးပါ"

ကျင်းအော်က ...

"ဒီသော့ကီစွကို ခင်ဗျား ဘယ်လိုသိသလဲ"

"ကျုပ်မသိတာ မရှိဘူး၊ ကဲ ... အချိန်မရှိဘူး၊ သော့ပေးပါ"

"လွယ်လွယ်နဲ့ ယူလို့ရမလား"

သွေးဘီလူး နှာခေါင်းရှုံ့လိုက်ပြီး ...

"ဝက်လို ဖြစ်သွားမှာပေါ့"

ကျင်းအော်၏ဒေါသများ အထွတ်အထိပ်သို့ ရောက်ရှိသွား၏။

"ဝတ်ကိုသတ်တာ ခင်ဗျားကိုး"

"ဟုတ်တယ် ... မင်းတို့က ကျုပ်အလုပ်ကို နှောင့်ယှက်တာကိုး၊ ဒါကြောင့် မင်းတို့ကို ဆုံးမရတာပဲ၊ နက္ခတ်ရှစ်လုံးဆီက သော့ရရင် ကျုပ် ဓားပြတိုက်နေတာထက် ပိုကောင်းမယ်ဆိုတာလည်း နားလည်လိုက်တယ်လေ"

ကျင်းအော် ဘာမျှမပြောတော့ပါ။ ဓားကို ဝှေ့ယမ်းကာ တရကြမ်းတိုက်ခိုက်လိုက်၏။ ရှေရှည်တိုက်ခိုက်ရန် မစဉ်းစားပါ။ သွေးဘီလူး မည်သူမည်ဝါ သိရှိရန်သာ တိုက်ခိုက်မည်ဟု စိတ်ကူးထား၏။

သွေးဘီလူး မည်သူဆိုသည်ကို သိလိုက်သည်နှင့် သူက ရှောင်တိမ်းပြီး စာကလေးထံ အကြောင်းကြားမည်။ စာကလေးမှ တစ်ဆင့် ကျန်လူများကိုအသိပေးပြီး သွေးဘီလူးကို ဝိုင်းဝန်းရှင်းလင်းကြရန် ရည်ရွယ်သည်။

ထို့ကြောင့်လည်း ကျင်းအော်က စတင်တိုက်ခိုက်လိုက်သည်နှင့် တရကြမ်း တိုက်ခိုက်လိုက်ခြင်းဖြစ်၏။ သို့သော် သိုင်းကွက် ၅၀



သာ ကျော်သွားသည်။ ထိုသူ မည်သူမည်ဝါဖြစ်ကြောင်း ဝေခွဲ၍မရချေ။

ထိုသူ၏တိုက်ခိုက်ဟန်သည် ဟုန်ပီနှင့်ဆင်တူလိုက်၊ ချင်းကူးနှင့် ဆင်တူလိုက်၊ ချူကျောင်းနှင့်ဆင်တူလိုက်၊ ယန်ပေလျှန်နှင့် ဆင်တူလိုက် ဖြစ်နေ၏။

ထို့ပြင် ထိုသူသည် မိမိ၏ တိုက်ခိုက်မှုများကို ကြိုတင်သိနေသလို ဖြစ်နေ၏။

သိုင်းကွက် (၁၀၀) ကျော်လာ၏။ ကျင်းအော်သည် ထိုသူအား အနိုင်မရသည့်အပြင် တစ်စထက်တစ်စ နိမ့်ကျလာလေသည်။

ကျင်းအော် ခံပြင်းလာ၏။ အတွင်းအားကို အပြည့်အအဝ စုစည်းကာ ခုတ်ချလိုက်၏။ သွေးဘီလူးကလည်း ဓားဖြင့် ခုခံလိုက်၏။

ဓားနှစ်စင်းမှာ သူနိုင်ကိုယ်နိုင် အပြိုင်တွန်းရင်း တန့်နေ၏။ ထိုစဉ် သွေးဘီလူး၏ ဘယ်လက်သီးက ကျင်းအော်၏ရင်ဝသို့ ထိုးချလိုက်လေသည်။

ကျင်းအော်မှာ ရင်ဝသို့ တူနှင့်အထုခံရသည့်အလား ခံစားလိုက်ရပြီး နောက်သို့ လွင့်စဉ်လဲကျသွား၏။ ပါးစပ်မှလည်း သွေးများ ယိုစီးကျလာလေသည်။

သွေးဘီလူးက ဓားကို တစ်ချက်ဝှေ့ယမ်းကာ ရှေ့သို့ တစ်လှမ်းချင်း တိုးလာ၏။ ကျင်းအော် လူးလဲထပြိုက်၏။ သွေးဘီလူးက လက်ဝါးဖြန့်လိုက်သည်။

"သေဘ္ဓပေးစမ်း"

"ကျုပ်သေတောင် ရမယ်မထင်နဲ့"

သွေးဘီလူးက ရယ်မောလိုက်၏။

"ဝက်ချင်းကူးကလည်း ဒီလိုပဲပြောခဲ့တယ်၊ နောက် ဆုံးကျတော့ ကျုပ်လက်ထဲ သေဘ္ဓရောက်လာတာပဲ"

ကျင်းအော်က ဘာမျှ ပြန်မပြောတော့ပါ။ လက်ဝဲဘီးနှစ်ဖက်ကို အသုံးပြုကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ သို့သော်် သွေးဘီလူး၏ခြေထောက်က သူ့ ခါးကို အရင်ကန်မိသွား၏။

'ဝုန်း'

ကျင်းအော်မှာ မြေတွင်သုံးလေးပတ် ဂ လိမ့်သွား၏။ မျက်နှာ ဖြူရော်သွားသည်။ သူ အတွင်းဒဏ်ရာ ရနေပြီဖြစ်၏။ သွေးဘီလူးအား မည်သို့မျှ ရင်ဆိုင်နိုင်မည်မဟုတ်ကြောင်း ကောင်းစွာ သဘောပေါက်လိုက်သည်။

သူသည် မြေတွင် ဆက်၍ လိမ့်သွားပြီးနောက် တောင်အောက်သို့ ဆင်းပြေးလေသည်။ သွေးဘီလူးမှာ ၁ ရုတ်တရက် ကြောင်



အမ်းအမ်း ဖြစ်သွား၏။

သတိဝင်လာပြီး ပြေးလိုက်သွားသည်။ သို့သော် ကျင်းအော်မှာ မျောက်ဟူသောအမည်နှင့်လိုက်ဖက်စွာ သွက်လက်လျင်မြန်စွာ ပြေးဆင်း ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

★

ကျင်းအော် ပြေးလာခဲ့သည်။ သူသည် မူလကပင် ရှောင်တိမ်းရန် လမ်းကို ရွေးချယ်ထားပြီး ဖြစ်ပေသည်။ ထို့ကြောင့်လည်း သွေးဘီလူးကို ကောင်းစွာ မျက်ခြည်ဖြတ်ထားနိုင်ခဲ့လေသည်။

သူသည် အစီအစဉ်အတိုင်း စာကလေးထံသို့ သတင်းပို့ရန် ဆုံးဖြတ်ပြီး တိတ်စိန်အပေါင်ဆိုင်သို့ ထွက်လာခဲ့လေသည်။

★

တိတ်စိန်အပေါင်ဆိုင် ...။

အပေါင်ဆိုင်တွင်း၌ လူရှင်းနေသည်။ ကျင်းအော်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီးမှ အပေါင်ဆိုင်ထဲသို့ ဝင်လာခဲ့၏။

ကောင်တာနောက်တွင် နဖူးပြောင်ပြောင်နှင့် လူတစ်ယောက် ငိုက်မျဉ်းနေသည်။ ကျင်းအော်က ထိုအပေါင်ဆိုင် ပိုင်ရှင်ရှေ့သို့ လျှောက်သွားပြီး ခုံကို ခေါက်လိုက်လေသည်။

'ဒေါက် ဒေါက်'

ခုံခေါက်သံကြောင့် ဆိုင်ပိုင်ရှင်မှာ ထိတ်လန့်သွား၏။ တစ်ကိုယ်လုံး တုန်ယင်သွားပြီး ကမန်းကတန်း မော့ကြည့်လိုက်သည်။

"ဘာပေါင်ချင်သလဲ"

ကျင်းအော်က စာရွက်တစ်ရွက်ကိုထုတ်ကာ ဆိုင်ရှင်ရှေ့သို့ ချပေးလိုက်သည်။

"ဒါ ဘယ်လောက်ရမလဲ"

ဆိုင်ရှင်က စာရွက်ကို ငုံ့ကြည့်လိုက်သည်။ စာရွက်ဖြူ တစ်ရွက် ဖြစ်သည်။ စာရွက်ပေါ်တွင် 'စာကလေး' တစ်ကောင်ပုံ ရေးဆွဲထားပေသည်။

ဆိုင်ရှင် မျက်လုံးပြူးကျယ်သွားသည်။ သူက စာရွက်ကို ကောက်သိမ်းလိုက်ပြီး ငွေလွှဲလက်မှတ်တစ်ထပ် ထုတ်ပေးလိုက်သည်။ ကျင်းအော်က ငွေလွှဲလက်မှတ်ကို ကြည့်လိုက်သည်။

*"ဆိုင်အနောက် တံတား လက်တန်း (၇)"*

ဟု ရေးသားထား၏။



ကျင်းအော် ဘာမျှမပြောတော့ပါ။ ဆိုင်အနောက်ဘက်သို့ ကွေ့လာခဲ့၏။ ဆိုင်အနောက်တွင် စမ်းချောင်း ကလေးတစ်ခုရှိ၏။

စမ်းချောင်းကလေးအား တံတားခုံးကလေးတစ်ခုဖြင့်ကူးရန် ထိုးထားပေသည်။

ကျင်းအော်က တံတားပေါ် တက်လာခဲ့၏။

ထို့နောက် လက်တန်းများအနက် (၇) ချောင်းမြောက် လက်တန်းကို ဆွဲလိုက်၏။

ထိုအခါ ...

'ချက်'

ဟူသောအသံနှင့်အတူ ထိုသစ်သားချောင်းကလေး ပြုတ်ထွက်သွား၏။ လက်တန်းအခေါင်းအတွင်း နှိုက်လိုက်ရာ လိပ်စာတစ်ခုကို တွေ့လိုက်ရ၏။

ကျင်းအော်က သူ၏အင်္ကျီအတွင်းမှ စာကို ထိုအခေါင်းပေါက်ထဲ ပြန်ထည့်လိုက်ပြီးနောက် ထိုတံတားလက်တန်းကို ပြန်တပ်လိုက်လေသည်။

ထိုပနောက် ထိုနေရာမှ လျင်မြန်စွာ ပြန်လည်ထွက်ခွာလာခဲ့လေသည်။ သူသည် လက်တန်းအတွင်းမှတွေ့ရသော လိပ်စာ စာရွက်ကို ဝါးစားလိုက်သည်။

လိပ်စာကိုမူ မမေ့ရန် တတွတ်တွတ်နှင့် ရွတ်ဆိုလိုက်၏။

"ကျောက်ခြသေ့် ကျောက်ခြသေ့်၊ စီးပွား စီးပွား"

★

စာကလေး ခေါင်းကုတ်လိုက်၏။

"သွေးဘီလူး ဘယ်သူလဲ၊ နက္ခတ်ရှစ်လုံး မလုံခြုံတော့ပါလား"

"အင်း ... ဝက်သေပြီ၊ မြွေ အကြောင်းမကြားဘူး၊ ခြသေ့်အိမ်လည်း ဖျက်ဆီးခံရတယ်၊ သူတို့ အသက်မှရှင်သေးရဲ့လား"

သူသည် ခေါင်းကုတ်လိုက်၏။ ထိုစဉ် စာပို့ခိုတစ်ကောင် ရောက်ရှိလာသည်။ စာကလေးက ဖောက်ဖတ်လိုက်သည်။

"တော်ပါသေးရဲ့ ... လိပ်ပြာလည်း လွတ်သွားတယ်၊ အင်း အားလုံး သတိထားမှ၊ မျောက်ပြောစကားအရဆိုရင် သစ္စာဖောက် ရှိနေမလား"

သူသည် အတွေးများနှင့် ချာလည်လည်နေ၏။ နောက်ဆုံး သူက မျောက်နှင့်တွေ့ရန် ဆုံးဖြတ်လိုက်၏။

မျောက်နှင့်မတွေ့မီ နက္ခတ်ရှစ်လုံး၏ အခြေအနေများကို



စုံစမ်းသွားရန်လည်း စဉ်းစားလိုက်လေတော့သည်။

★

"မင်းဒဏ်ရာ ဘယ်လိုနေသလဲ"

မျောက် ကျင်းအော်က ...

"သက်သာလာပါပြီ"

စာကလေးက ...

"မင်း ဒီကနေ မထွက်နဲ့တော့"

ကျင်းအော်က ...

"နက္ခတ်ရှစ်လုံးအခြေအနေ ပြောပါဦး"

စာကလေးက ...

"ဝက်သေပြီ၊ ခြသေ့်အိမ်လည်း ဖျက်ဆီးခံရပြီး အလောင်းတွေ့တယ်၊ ဒါပေမဲ့ ရုပ်ပျက်နေလို့ အတိအကျ မပြောနိုင်သေးဘူး"

"ဟုန်ဝိကော"

"ဟုန်ဝိကို ကျုပ် လုံခြုံရာ ပို့လိုက်ပြီ"

"ချူကျောင်းနဲ့လျူဝေကျို"

"လိပ်ပြာလည်း လိပ်စာတောင်းလို့ ပေးလိုက်ပြီ။ ချူ

ကျောင်းနဲ့ လျှူဝေကျိတို့ ပျောက်နေတယ်၊ စုံစမ်းလို့မရသေးဘူး၊ သူတို့အိမ်တွေလည်း တိုက်ခိုက်ခံခဲ့ရတယ်"

ကျင်းအော် အံကြိတ်လိုက်သည်။

"တစ်ယောက်ယောက် သစ္စာဖောက်တာပဲ"

"ဟုတ်ပ့ါမလား ... အားလုံး သွေးဘီလူးရဲ့ တိုက်ခိုက်မှုကို တစ်ပြိုင်တည်း ခံကြရတာနော်"

ကျင်းအော်က တွေဝေသွား၏။ စာကလေးက ...

"ကျုပ် လူပြန်စုစည်းမယ်၊ စုစည်းလို့ရရင် ဆွေးနွေးပြီး ရန်သူကို ဖော်ထုတ်ကြတာပေ့ါ"

"ကောင်းပြီ ... ကျုပ်ဆီအကြောင်းကြားလိုက်ပါ"

စာကလေးက ကျင်းအော်အား နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

★★★



## အခန်း (၁၇)

စားပွဲဝိုင်းသို့ လူများ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာလေသည်။

သို့သော် လေးယောက်သာ ရောက်လာပြီး နောက် မည်သူမျှ ပေါ်မလာတော့ချေ။

ရောက်လာသူ (၄) ဦးမှာ ...

ကျား ဟုန်ဝီ၊

လိပ်ပြာ ချင်းကျဲ့ကျဲ့၊

မျောက် ကျင်းအော်နှင့်

စာကလေးတို့ဝင် ဖြစ်ပါသည်။

"ဒီအတိုင်းဆိုရင် မလာနိုင်ကြတော့ဘူးနဲ့တူတယ်"

စာကလေးက ပြောလိုက်၏။ ဟုန်ဝီက ...

"ခြသေ့် ရန်ပေလျှန်ဟာ မသေနိုင်ပါဘူး၊ သူ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတယ်၊ သူ့ကို ကျုပ်ကိုယ်တိုင် သမားတော်ဆီ

ပို့ပေးခဲ့တယ်၊ ခုထက်ထိ မသက်သာလို့သာ ရောက်မလာတာ ဖြစ်မယ်"

ချင်းကျဲ့ကျဲ့က ...

"မြွေ ချူကျော့င်းလည်း လာနိုင်မယ် မထင်ဘူး"

စာကလေးက ...

"ဘာဖြစ်လို့လဲ"

"သူ ပုန်းခိုတဲ့အိမ်ကို ကျွန်မရောက်သွားတော့ တိုက်ခိုက်ခံရတဲ့ လက္ခဏာတွေ တွေ့ရတယ်ရှင့်"

စာကလေးက မျက်လုံးပြူးသွား၏။

"တိုက်ခိုက်ခံရတယ်"

ဟုန်ပိ စာကလေးအား ကြည့်လိုက်၏။ သူ၏ လျှို့ဝှက်အိမ် တိုက်ခိုက်ခံရခြင်းသည် သူ့ဘက်မှ မလုံခြုံခြင်းပင် မဟုတ်ပါလော။ တစ်နည်းဆိုသော် သံသယဖြစ်ဖွယ်ရာလူများထဲတွင် သူလည်း ပါဝင်သွားပြီ မဟုတ်ပါလော။

ကျင်းအော်က အခြေအနေကို ထိန်းလိုက်၏။

"ဘာပဲဖြစ်ဖြစ် ရန်သူကို ရအောင်ဖော်ထုတ်ရမယ်၊ ကျုပ်တို့ မရှာနိုင်ရင် ဒီအကြောင်းတွေ ဝံပုလွေကို ပြန်ပြောဖို့ တစ်စုံတစ်ယောက်တော့ အသက်ရှင်ရမယ်"



အားလုံး နှုတ်ဆိတ်နေ၏။

ယခုအခြေအနေသည် မည်သူ့ကိုမျှ ယုံကြည်၍ မရသော အခြေအနေပင် မဟုတ်ပါလော။

ဟုန်ပိက ခြောက်ကပ်စွာ ရယ်မောလိုက်၏။

"ကောင်းပြီ၊ အသက်ရှင်ကျန်တဲ့ လူ (၅) ယောက် ဒီအထဲက တစ်ယောက်ဆိုပါတော့"

စာကလေးက ...

"အပြင်လူကော"

ကျင်းအော်က ယတိပြတ်ပြောလိုက်၏။

"မဖြစ်နိုင်ဘူး"

"ထားပါတော့၊ ကျုပ်တို့ (၅) ယောက်ထဲက တစ်ယောက်ဟာ သစ္စာဖောက်ပေါ့"

ကျင်းအော်က ...

"ဟုတ်တယ် ... လူတိုင်း သစ္စာဖောက်ဖြစ်နိုင်တယ်"

ချင်းကျဲ့ကျဲ့က ...

"ဘာကြောင့် သစ္စာဖောက်ရမှာလဲ"

ကျင်းအော်က ရယ်မောလိုက်၏။

"ငွေလေ ငွေ၊ ကျုပ်တို့အားလုံးဟာ လောဘသားတွေပဲ၊

ဘဏ္ဍာငွေကို တစ်ယောက်တည်း အပိုင်စီးချင်တဲ့ သဘောပဲ"

ချင်းကျဲ့ကျဲ့ သက်ပြင်းချလိုက်၏။

"ဝံပုလွေရှိရင် သိပ်ကောင်းမယ်"

"ကျုပ်တို့ ဘာလုပ်ရမှာလဲ"

ဟုန်ပိက မေးသည်။ ကျင်းအော်က ...

"အသတ်ခံရမယ့်သူမဖြစ်အောင် ဂရုစိုက်ရင်းနဲ့ သွေးဘီလူး ဘယ်သူလဲဆိုတာ ဖော်ထုတ်ရမယ်"

ဟုန်ပိက ထရပ်လိုက်၏။

"ကောင်းပြီ၊ ကျုပ်သွားမယ်"

စာကလေးက ...

"မင်း ဘယ်သွားမှာလဲ"

ဟုန်ပိက ...

"ကျုပ်နေရာကို ဘယ်သူ့ကိုမှ မပြောနိုင်ဘူး"

သူက လျင်မြန်စွာ ထွက်ခွာသွားလေသည်။ ချင်းကျဲ့ကျဲ့က ထရပ်လိုက်၏။

"ကျွန်မလည်း သွားမယ်၊ စာကလေး ...ရှင့်အိမ်မှာ ကျွန်မ နေဖို့ မရဲတော့ဘူးရှင့်"

သူမက ပြောပြီးသည်နှင့် လျင်မြန်စွာထွက်ခွာသွားလေ



သည်။ စာကလေး၏မျက်နှာမှာ အသက် (၁၀) နှစ်စာမျှ အိုမင်းသွားသည်ဟု ထင်ရပေသည်။

စာကလေးက ...

"မင်းကော"

ကျင်းအော်က ...

"ကျုပ်က ခင်ဗျားရဲ့အိမ်မှာ ဆက်နေမှာပါ"

စာကလေးက သက်ပြင်းချလိုက်၏။

"မင်းက ကျုပ်ကိုယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကျင်းအော်က ...

"ကျုပ် ခင်ဗျားကို ယုံကြည်ပါတယ်၊ ကဲ ... သွေးဘီလူး ဘယ်သူလဲ၊ စဉ်းစားကြရအောင်"

စာကလေးက ...

"ဝက်၊ ဝံပုလွေ၊ မျောက် ဖယ်လိုက်"

ကျင်းအော်က ...

"စာကလေးပါ ဖယ်လိုက်ပါ"

စာကလေးက ကျင်းအော်အား ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်နေလိုက်လေသည်။ ကျင်းအော်က ...

"ကျား၊ လိပ်ပြာ၊ ခြင်္သေ့၊ မြွေ၊ ခွေး ကျန်မယ်"

"ခွေး ပျောက်နေတယ်"

"ပျောက်နေတာဟာ သေတယ်မဆိုနိုင်ဘူး"

"ခြသေ့်ကော"

ကျင်းအော်က ...

"သူ့ကိုလည်း သံသယထဲက ထုတ်မရဘူး"

"ဒါပေမဲ့ သူဟာ ဒဏ်ရာအလွန်ပြင်းထန်နေတယ်ဗျ"

"အင်း ... စဉ်းစားစရာပဲ"

စာကလေးက ခုံကို လက်ဖြင့် တတောက်တောက် ခေါက်လိုက်၏။

"သံသယဖြစ်ဖို့ အကောင်းဆုံးက ခွေးနဲ့ကျားပဲ"

"ဟုတ်တယ် ... ကျုပ်တို့ ဘာလုပ်ကြမလဲ"

"ရအောင်စုံစမ်းမယ်"

"ဘယ်လိုစုံစမ်းမှာလဲ"

"ကျုပ်တို့ကိုယ်စား လူတစ်ယောက်ကို အသုံးပြုရမယ်"

"ဘယ်သူ့ကို သုံးမလဲ"

စာကလေးက တစ်ချက်စဉ်းစားလိုက်ပြီး ...

"ဆင့်လျှန်"

"သူ ဘယ်သူလဲ"



"လူယုံသိုင်းသမားတစ်ယောက်ပဲ"

"သူ့ကို ယုံကြည်ရပါ့မလား"

"ပြောသင့်သလောက်ပြောပြီး နိုင်းရမှာပေါ့"

ကျင်းအော် တွေဝေသွား၏။ အတန်ကြာမှ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ ... ခင်ဗျား သူ့ကို ဆက်သွယ်လို့ရရင် ကျုပ်ကို အကြောင်းကြားလိုက်ပါ"

စာကလေးက ထရပ်လိုက်၏။

"ကျုပ်သွားမယ်၊ မင်း သတိမပြတ်ထားပါ။ အကောင်းဆုံးကတော့ မင်းရဲ့အိမ်ကို ရောက်လာတဲ့လူမှန်သမျှ လျှို့ဝှက်ချက် မပြနိုင်ရင် မယုံကြည် မဖွင့်ပေးလိုက်နဲ့"

ကျင်းအော်က ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ ... ခင်ဗျားလည်း သတိဝီရိယထားပြီးနေပါ"

"ကျုပ် အသတ်ခံရမှာမဟုတ်ပါဘူး"

ကျင်းအော် မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

"ကျုပ်မှာလည်း မင်းတို့လို သော့မရှိလို့ဘဲ"

ကျင်းအော်၏မျက်နှာ ကွက်ခနဲပျက်သွား၏။ သူက စာကလေးအား လှမ်းကြည့်လိုက်၏။ စာကလေးက အပြင်သို့ထွက်ခွာသွားပြီး ဖြစ်ပါသည်။

★

ကျင်းအော် တွေဝေနေ၏။

သူသည် စာကလေး၏စကားကို ပြန်ကြားယောင်မိ၏။ စာကလေးတွင် သော့မရှိပါ။ ထို့ကြောင့် ဝေစုမရနိုင်ပါ။

စာကလေးက ဝေစုလိုချင်ပြီလော။

တစ်သက်တာအတွင်း ယုံကြည်စိတ်ချခဲ့ရသော စာကလေး။ ယခုအချိန် သစ္စာဖောက်ပြီလော။

ကျင်းအော် သက်ပြင်းချလိုက်၏။

သစ္စာဖောက်သည် စာ ကလေး မဖြစ်နိုင်ပါ။

ခွေးအမည်ရှိ လျှုဝေကျိုသာ ဖြစ်မည်ဟု ထင်မြင်နေမိလေသည်။

★



မှတ်တမ်းစာအုပ်မှာ ပြီးဆုံးသွားပြီဖြစ်သည်။

ရှစန်းကျင်းက ပြုံးလိုက်၏။

ဆင့်လျန်နှင့်သူ တွေ့ကိုတွေ့ရတော့မည် မဟုတ်ပါလော။

ဆင့်လျန်သည် စာကလေး၏လူဖြစ်သည်။

သူမသိသော အကြောင်းအရာများ ဆင့်လျန်က သိရှိထားနိုင်သည် မဟုတ်ပါလား။

ဆင့်လျန်နှင့်သူ ပူးပေါင်းလိုက်လျှင် သွေးဘီလူးအား ရှာဖွေထုတ်ဖော်နိုင်မည်ဟု ယူဆလိုက်၏။

ထိုစဉ်မှာပင် ခြေသံများ ကြားလိုက်ရလေသည်။

ရှစန်းကျင်းက ပြတင်းပေါက်မှ အသာချောင်းကြည့်လိုက်သည်။

အိမ်ကလေးအား စနစ်တကျ ဝိုင်းလာသော ရဲမက်များကို တွေ့လိုက်ရ၏။ ရဲမက်များအလယ်တွင် ရွှန်ပေါင်ကို တွေ့လိုက်ရလေသည်။

ရဲမက်အင်အား ငါးဆယ်ခန့်က သူ၏အိမ်ကလေးအား စနစ်တကျ ဝိုင်းရံထား၏။

ထိုစဉ် ရွှန်ပေါင်၏အသံက ထွက်ပေါ်လာလေ၏။

"ရှစန်းကျင်း ... လက်နက်ချ အဖမ်းခံပါ"

ရှစန်းကျင်းက အံကြိတ်လိုက်၏။ ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ထိုးဖောက်ထွက်ရန် စဉ်းစားလိုက်၏။

သူ၏မျက်စိထဲ၌ စီးမင်းအကျဉ်းထောင်ကို မြင်ယောင်လာ၏။

သူ ပြန်မဝင်လိုပါ။

နက္ခတ်ရှစ်လုံးအတွက် တာဝန်များစွာ ကျန်နေသေးသည်။

သွေးဘီလူးကို လက်စားချေရဦးမည်။

သူ မည်သို့ လုပ်ရပါမည်နည်း။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။